ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၉ ရက်၊ သောကြာနေ့။ | Friday, 9 February 2018 | ၉၁၉၅

### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

# လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ ထုတ်ပေးနိုင်မည့် လေးမြို့မြစ်စီမံကိန်း ဆောင်ရွက်လျက်ရှိ မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံး ရေအားလျှပ်စစ်ထုတ်လုပ်သည့်စီမံကိန်းကြီး ဖြစ်လာမည်




**ကန်ပက်လက်-မင်းတပ်လမ်း ကီလိုမီတာ ၅၀ ဒသမ ၄ နှင့် ၅၀ ဒသမ ၆ အကြားရှိ ချီချောင်းတံတား တည်ဆောက်နေမှုကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေးစဉ်။**

**ကန်ပက်လက် ဖေဖော်ဝါရီ ၈**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ချင်းပြည်နယ်၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် ကန်ပက်လက်မြို့ Win Unity Hotel အစည်းအဝေးခန်းမ၌ ကန်ပက်လက် ဒေသခံပြည်သူ ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးကျော်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒေသခံပြည်သူ ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ချင်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းကို ဆက်သွယ်ထားသည့် လမ်းများ၏ အခြေအနေများနှင့် ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မျက်မြင်လာရောက်ကြည့်ရှုခြင်းဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များကို သိရှိလို၍ လာရောက်ခြင်းလည်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံ၊ ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းနေသည့် အချိန်ကာလလည်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းပြည်နယ်အတွင်း လမ်းကွန်ရက်များနှင့် အဓိကလမ်းမများ တည်ဆောက်ခြင်း၊ လေယာဉ်ကွင်းများ တည်ဆောက်ခြင်း၊ တက္ကသိုလ်နှင့် ကောလိပ်များ တည်ဆောက်ခြင်း၊ ဆေးရုံများ အဆင့်မြှင့်တင်ခြင်း၊ မြို့အဆင့် တိုးချဲ့ခြင်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ကဏ္ဍများကို ထောက်ပံ့ကူညီပေးခြင်း စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည်များကို မြင်တွေ့ကြရမည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အတွင်း ကုလားတန်မြစ်စီမံကိန်းကို အကောင်အထည်ဖော် တည်ဆောက်လျက်ရှိပါကြောင်း၊ အဆိုပါစီမံကိန်းကြောင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသမှ ထွက်ကုန်များနှင့် ချင်းပြည်နယ်၏ ထွက်ကုန်များကို စစ်တွေဆိပ်ကမ်းမှတစ်ဆင့် ပြည်ပသို့ တင်ပို့နိုင်တော့မည်ဖြစ်သည့်အပြင် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ အပြန်အလှန် လွယ်လင့်တကူ ကုန်သွယ်နိုင်တော့မည်ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းပြီးစီးပါက နိုင်ငံတော်နှင့် ဒေသခံပြည်သူများအတွက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

---

**အိမ်ရာတိုက်တာဆောက်လုပ်ခြင်းထက် လယ်ယာအဆင့်မြှင့်မြေကွက်များ ဖော်ထုတ်ခြင်းက ပိုပြီးအရေးကြီး**

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၅

**တိုက်ပွဲရှောင်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စီမံကိန်းအသွင်ဖြင့် ဆောင်ရွက်သွားမည်**

အမျိုးသားလွှတ်တော် စာမျက်နှာ » ၅

**ပင်လုံမြေ သာစခန်း မြန်းကြစို့ တို့ညီအစ်ကိုတွေ**

စာမျက်နှာ » ၆

**ကြေးမုံ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ဖော်ပြပါရှိသည်။






ကြေးမုံ

## ငြိမ်းချမ်းမှ ပြည်ထောင်စုကြီး အေးချမ်းသာယာ

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့က ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့အနီးရှိ တံတားနှစ်စင်းကို ကေအိုင်အေ လက်နက်ကိုင်အဖွဲ့များက ဖျက်ဆီးခဲ့သဖြင့် လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်ခဲ့ရသည်။ တိုင်းရင်းသားပြည်သူများ ဖြတ်သန်းသွားလာနေသော တံတားများကို ဖျက်ဆီးလိုက်သောကြောင့် ပူတာအိုခရိုင်အတွင်းရှိ မြို့ရွာများသို့ နေ့စဉ်သွားလာမှု ပြတ်တောက်သွားပြီး ကုန်စည်စီးဆင်းမှု ရပ်တန့်သွားသည်။

လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးရလဒ်မှာ ဒေသခံတိုင်းရင်းသားပြည်သူများ နေ့စဉ်အသုံးပြုနေသော စားနပ်ရိက္ခာများ၊ လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးများ ပြတ်လပ်မှု ဖြစ်ပေါ်ပြီး ကုန်ပစ္စည်းဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ဒေသခံများသာ ခါးစည်းခံနေကြရသည်။ ထို့အပြင် ထိုသို့ဖျက်ဆီးသောနေ့တွင်ပင် ကေအိုင်အို၊ ကေအိုင်အေ လက်နက်ကိုင်အဖွဲ့က မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းမပေါ်ရှိ ဆွမ်ပရာဘွမ်မြို့နယ် ကဝါးပန်ကျေးရွာအနီး ပြည်ထောင်စု လမ်းမကြီးပေါ်တွင် လီဆူတိုင်းရင်းသား ၁၉ ဦးနှင့် သဲဝိုင်ရွာမှ လီဆူတိုင်းရင်းသား နှစ်ဦး စုစုပေါင်း တိုင်းရင်းသား ၂၁ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

ကချင်ပြည်နယ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့နှင့် တိုက်ပွဲများဖြစ်ပွားလေ့ရှိသောကြောင့် နယ်မြေမငြိမ်းချမ်းသည်မှာ မှန်သော်လည်း ပူတာအိုခရိုင်ဒေသမှာမူ အခြားဒေသများထက်စာလျှင် တည်ငြိမ်အေးချမ်းသော ဒေသဖြစ်သည်။ ထိုဒေသများတွင် ဂျိမ်းဖော၊ လီဆူ၊ ရဝမ်တိုင်းရင်းသားလူမျိုးများ အေးချမ်းစွာနေထိုင်ကြသည်။ ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး မြစ်ကြီးနားမှ ပူတာအိုခရိုင်အတွင်းရှိ ဒေသများသို့ ရက်ရှည်ဆက်သွယ်သွားလာခဲ့ရသော်လည်း မကြာသေးမီကာလက မြစ်ကြီးနားမှ ပူတာအိုခရိုင်အတွင်းသို့ အချိန်တိုအတွင်း ဆက်သွယ်သွားလာမှုလွယ်ကူအောင် နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ကြသည်။

သို့သော် ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်မှုများ ပျက်စီးသွားခဲ့သည်။ အပြစ်မဲ့တိုင်းရင်းသားပြည်သူများ ကြေကွဲဝမ်းနည်းကြရသည်။ လမ်းပန်းဆက်သွယ်မှု ပြန်လည်ကောင်းမွန်ရေး၊ အပြစ်မဲ့ တိုင်းရင်းသားပြည်သူများ ပြန်လည်လွတ်မြောက်ရေးအတွက် တိုက်တွန်းနှိုးဆော်ဆန္ဒဖော်ထုတ်ကြသည်။ မြစ်ကြီးနား-ဆွမ်ပရာဘွမ် လမ်းပိုင်းအတွင်းမှ ဖျက်ဆီးခြင်းခံခဲ့ရသော လမ်းပိုင်းများကို အမြန်ဆုံးပြန်လည်ပြုပြင်ပေးပြီး တိုင်းရင်းသားပြည်သူများ လုံလုံခြုံခြုံ ဆက်သွယ်သွားလာနိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ ဖမ်းဆီးခံရသော တိုင်းရင်းသားပြည်သူများ၊ ထွက်ပြေးတိမ်းရှောင်ကြရသော ဒေသခံများမှာ အပြစ်မဲ့ပြည်သူများသာဖြစ်၍ မေတ္တာတရားရှေ့ထားကာ စာနာထောက်ထားနားလည်ပေးနိုင်ရန် တိုက်တွန်းအပ်ပါသည်။

ကချင်ပြည်နယ်အပါအဝင် တောင်တန်းဒေသများမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ဘုံရန်သူဖြစ်သော နယ်ချဲ့ရန်ကို အတူတကွလက်တွဲတွန်းလှန်ခဲ့ကြပြီး တောင်တန်း-ပြည်မ အတူလက်တွဲ၍ လွတ်လပ်ရေးရရှိအောင် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများဖြစ်သည်။ လွတ်လပ်ရေးရရှိလုနီးနှင့် လွတ်လပ်ရေးရရှိပြီးသောအခါ အမြင်မတူ သဘောကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့သည်။ လက်နက်စွဲကိုင်တိုက်ခိုက်ခြင်းကြောင့် အခိကခါးစည်းခံကြရသောသူများမှာ တိုင်းရင်းသားပြည်သူများသာ ဖြစ်သည်။ တိုင်းရင်းသားပြည်သူများမှာ မြေစာပင်များဖြစ်ကြရပြီး ဒုက္ခဆင်းရဲရောက်ကြရသည်။

လက်နက်ကိုင်ပဋိပက္ခများကို လက်နက်နှင့်ဖြေရှင်းခြင်းမှာ နှစ်ဖက်ထိခိုက်နစ်နာဆုံးရှုံးသည့်အပြင် အပြစ်မဲ့ပြည်သူများ ဆင်းရဲဒုက္ခရောက်ကြရပြီး မိမိတို့ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် အလှမ်းဝေးနေဦးမည်ကို သတိမူရမည်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများကို ငြိမ်းချမ်းသော နည်းဖြင့် အမှန်တကယ်ရယူလိုပါလျှင် စားပွဲဝိုင်းတွင် တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း ငြိမ်းချမ်းရေးတံခါးဖွင့်ထားပြီး မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းကိုမဆို ကမ်းလင့်ကြိုဆိုလျက်ရှိသည်။

သို့ဖြစ်ရာ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တိုင်းပြည်ငြိမ်းချမ်းမှသာ ပြည်ထောင်စုကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝ လုံခြုံစိတ်ချကာ ကိုယ်စိတ်နှလုံး ချမ်းသာစွာဖြင့် ရပ်တည်နေထိုင်နိုင်မည်ဖြစ်ပါသည်။ ။

## ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊
၂။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင်တည်ဆောက်ရေး၊
၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊
၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊

## အန္တရာယ်ကင်းစွာ မွေးဖွားခြင်းဆိုင်ရာ မိုဘိုင်းအပလီကေးရှင်း စတင်မိတ်ဆက်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**




မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုပေးသူများ၊ အထူးသဖြင့် သားဖွားဆရာမများအနေဖြင့် ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးစဉ် အရေးပေါ်အခြေအနေများနှင့် ကြုံတွေ့ပါက အထောက်အကူဖြစ်စေနိုင်မည့် Safe Delivery Mobile Application(အန္တရာယ်ကင်းစွာ မွေးဖွားခြင်းဆိုင်ရာ မိုဘိုင်းအပလီကေးရှင်း)စတင်မိတ်ဆက် ဆောင်ရွက်ခြင်း အခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲနှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံရုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ယမန်နေ့ နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အန္တရာယ်ကင်းစွာ မွေးဖွားခြင်းဆိုင်ရာ မိုဘိုင်းအပလီကေးရှင်းသည် မိခင်နှင့် မွေးကင်းစကလေးများ၏ သေဆုံးမှုနှင့် ရောဂါဖြစ်ပွားမှုများကို လျှော့ချရာတွင် ကြီးမားသော အကျိုးသက်ရောက်မှုများရှိမည်ဟု ယုံကြည်ကြောင်း၊ အထူးသဖြင့် ဆရာဝန်၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် ကုသရန် လက်လှမ်းမမီသော ကျေးလက်နေ ကိုယ်ဝန်ဆောင်မိခင်များအတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ အန္တရာယ်ကင်းစွာ မွေးဖွားခြင်းဆိုင်ရာ အချက်များ၊ မမွေးဖွားခင်နှင့် မွေးဖွားပြီးစဖြစ်သော မိခင်နှင့်ကလေး ကျန်းမာရေးနှင့် ဆိုင်သော အချက်အလက်များကို ကောင်းစွာ အသိပညာပေးနိုင်မည်ဖြစ်ကြောင်း၊ ဤအပလီကေးရှင်းဖြစ်မြောက်သုံးစွဲနိုင်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့သော Danish Medical Women's Association, Maternity Foundation နှင့် ပါဝင်သက်ဆိုင်သူအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မိခင်နှင့်ကလေးသေဆုံးမှုလျှော့ချရေးကို ထိပ်တန်းဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ထားရှိပြီး မိခင်နှင့်ကလေး ကျန်းမာရေးကဏ္ဍအတွက် သင့်တော်သောဘဏ္ဍာငွေကို နှစ်စဉ် ခွဲဝေချထားပေးလျက်ရှိကြောင်း၊ ထိုပြင်လာမည့်(၁)နှစ်အတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ပြည်သူများ၏ ကျန်းမာရေး အသိပညာမြှင့်တင်နိုင်ရန် အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် Tablet ဖုန်း အလုံး ၁၅၀၀၀ ခန့်ကို ဝယ်ယူဖြန့်ဝေသွားရန် စီစဉ်လျက်ရှိပြီး ဤအပလီကေးရှင်းကိုလည်း ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း၊ ဤအပလီကေးရှင်းကို အသုံးပြုခြင်းဖြင့် သားဖွားခြင်းဆိုင်ရာ ပညာရပ်ကျွမ်းကျင်မှုများကို တိုးတက်စေမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Peter Lysholt Hansen က အမှာစကားပြောကြားသည်။

ဆက်လက်၍ Maternity Foundation မှ Ms. Lise Knudsen နှင့် Danish Medical Women's Association မှ Dr. Birte Holm Sorensen၊ Dr. April Moe တို့က အပလီကေးရှင်း အသုံးပြုမှုနှင့်ပတ်သက်၍ သရုပ်ပြ ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းအပလီကေးရှင်းကို ဒိန်းမတ်အခြေပြု သားဖွားဖောင်ဒေးရှင်း၊ ကိုပင်ဟေဂင်တက္ကသိုလ်နှင့် ဒိန်းမတ်တောင်ပိုင်းတက္ကသိုလ်တို့မှ စတင်ပြုစုထုတ်လုပ်ခဲ့ပြီး အာဖရိကနှင့် အရှေ့တောင်အာရှရှိ နိုင်ငံပေါင်း ၄၀ ကျော်တွင် အသုံးပြုလျက်ရှိသည်။ ယခုအခါ ယင်းမိုဘိုင်းဖုန်း အပလီကေးရှင်းကို မြန်မာနိုင်ငံမှ ချမှတ်ထားသော လမ်းညွှန်ချက်များနှင့် ကိုက်ညီအောင် ပြင်ဆင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် နေထိုင်သော လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တောရွာများတွင် နေထိုင်ကြပြီး ယခုအခါ မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းအသုံးပြုသူ များပြားလာကာ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ စမတ်ဖုန်းများ အသုံးပြုနေကြပြီဖြစ်၍ မိုဘိုင်းဖုန်းကိုအသုံးပြုပြီး ကျန်းမာရေး အသိပညာပေးခြင်းသည် တောရောမြို့ပါမကျန် ထိရောက်သည့် နည်းလမ်းတစ်ခုဖြစ်ရာ မိခင်နှင့် မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။ **သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ရန်ကုန်(ရွှေဈေး) ၉၃၇၅၀၀ - ၉၃၇၅၀၀ မန္တလေး(ရွှေဈေး) ၉၃၇၅၀၀ - ၉၃၇၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၈၃၀/၈၄၀ ကျပ်၊ | ၈၇၅/၉၀၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၈၅၅ ကျပ်၊ | ၉၃၀/၉၃၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၀/၈၁၀ ကျပ်၊ | ၈၇၀/၈၉၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၅၀/၈၆၀ ကျပ်၊ | ၈၉၅/၉၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၈၅/၇၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၉၀/၈၀၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၄၅/၇၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၁. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၃၃. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၂. ၃၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၀၁၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၉. ၆၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၇၀၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၇. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂. ၅၀ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၀. ၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၄. ၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့



ကန်ပက်လက်မြို့ အမှတ်(၂)ရပ်ကွက်ရှိ 'ကန်ပုလဲ' ဝဥနှင့် တောင်ပေါ်သီးနှံများ အခြောက်ခံခြင်းနှင့် တန်ဖိုးမြှင့်လုပ်ငန်းကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုလေ့လာစဉ်။

**ရှေ့ဖုံးမှ**

အကျိုးရှိရှိ အသုံးပြုနိုင်ရန် ရေတိုရေရှည်စီမံချက်များ ကြိုတင်ချမှတ်၍ ပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်ကို အစားထိုးနိုင်ရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စီမံချက်များချမှတ်၍ စီးပွားဖြစ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ပလက်ဝမြစ်ကူး တံတားကိုလည်း ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ ထုတ်လုပ်နိုင်မည့် လေးမြို့မြစ်စီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံး ရေအားလျှပ်စစ် ထုတ်လုပ်သည့်စီမံကိန်းကြီး ဖြစ်လာမည်ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည် ဖြစ်သကဲ့သို့ ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားစရာလည်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏စေတနာကို သိမြင်နားလည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအနေဖြင့် တစ်တပ်တစ်အား ဝိုင်းဝန်းပူးပေါင်းပါဝင် ကူညီဆောင်ရွက်စေလိုပါကြောင်း၊ သို့မှသာ ဖွံ့ဖြိုးတိုးတက်သည့်အသီးအပွင့်များကို အမြန်ဆုံး ရရှိခံစားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်လင်းက ချင်းပြည်နယ်အတွင်း လမ်းကွန်ရက် တည်ဆောက်လျက်ရှိသည့် အခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ဖြည့်စွက်ရှင်းလင်းသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်သူများ၏ သဘောထားဆန္ဒများနှင့်အညီ စနစ်တကျ အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်သွားစေလိုပါကြောင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများကို ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ဆော်လောင်းကျေးရွာရှိ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်၊ အမြဲတမ်းအတွင်းဝန် ဦးရည်မွန်နှင့်တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ခရီးသွားလုပ်ငန်းဆောင်ရွက်နေသည့် ကျေးရွာအတွင်း လျှပ်စစ်မီးအမြန်ဆုံး သွယ်တန်းဖြန့်ဖြူးနိုင်ရေးမှာကြားပြီး ရိုးရာအကအဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ပေးအပ်သည်။

အဆိုပါ ဆော်လောင်းရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကို ဒေသခံပြည်သူများက ဦးစီးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး Forever Top Travel and Tour ကုမ္ပဏီက ပံ့ပိုးကူညီဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ ခရီးသွားလုပ်ငန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကန်ပက်လက်မြို့ အမှတ်(၂) ရပ်ကွက်ရှိ "ကန်ပုလဲ" ဝဥနှင့် တောင်ပေါ်သီးနှံများ အခြောက်ခံခြင်းနှင့် တန်ဖိုးမြှင့်လုပ်ငန်းသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံသစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း အတွင်းရေးမှူး ဒေါ်စန္ဒာမျိုးက စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ Video Projector ဖြင့် ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ချင်းပြည်နယ်၏ ရေမြေရာသီဥတုအခြေအနေကပေးသည့် ထောပတ်၊ ဝဥ၊ စပျစ်နှင့် ကော်ဖီသီးနှံများကို ပြည်နယ်အတွင်း နိုင်ငံအကျိုးပြု ပြည်ပပို့ကုန်အဖြစ် တိုးချဲ့စိုက်ပျိုးသွားစေလိုပါကြောင်း၊ အဆိုပါသီးနှံများကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ပြောင်းလဲ၍ နိုင်ငံတကာဈေးကွက်သို့ ကျယ်ပြန့်စွာတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ ထောပတ်၊ ကော်ဖီ၊ စပျစ်နှင့် ဝဥများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ရွှေ့ပြောင်းတောင်ယာစနစ်ကို အစားထိုးနိုင်မည်ဖြစ်ပါကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရန်အတွက် အရေးပါသော ဝဥ အခြောက်ခံစက်ရုံစီမံကိန်းအား အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းလိုကြောင်း၊ အဆိုပါလုပ်ငန်းများတွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွက်လာနိုင်ရန် ဝိုင်းဝန်းပံ့ပိုးကူညီကြစေလိုပါကြောင်း၊ ချင်းပြည်နယ်မှ ထွက်ရှိသည့် သစ်သီးဝလံများသည် ဓာတုပစ္စည်းကင်းလွတ်သည့်အတွက် အဆိုပါ အားသာချက်ကိုအသုံးပြု၍ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် အဆိုပါလုပ်ငန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ချင်းပြည်နယ်တွင် ဝဥကို မတူပီ၊ မင်းတပ်နှင့် ပလက်ဝမြို့နယ်များတွင် အများဆုံး စိုက်ပျိုးလျက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ဝဥအစိုပိဿာ ငါးထောင်ခန့်ရရှိပြီး စနစ်တကျ စိုက်ပျိုးနိုင်ပါက အထွက်နှုန်း သုံးဆခန့် ပိုမိုထွက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ ပြည်ပဈေးကွက်တွင် ဝဥလွှာခြောက်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၀၀ ခန့် ရရှိနိုင်ပြီး ပြည်ပဈေးကွက်တွင် ဝဥ အစိုရောင်းချပါက တစ်ပိဿာလျှင် ကျပ် ၂၇၀၀ ခန့်၊ ဝဥလွှာခြောက်အဖြစ်ရောင်းချပါက တစ်ပိဿာလျှင် ကျပ် ၁၁၀၀၀ ခန့်၊ ဝဥခြောက် အမှုန့်အဖြစ်ရောင်းချပါက တစ်ပိဿာလျှင် ကျပ် ၃၃၀၀၀ ခန့်၊ ဝဥ ခေါက်ဆွဲအဖြစ်တန်ဖိုးမြှင့် ထုတ်လုပ် ရောင်းချနိုင်ပါက ကျပ် ၇၁၀၀၀ ခန့် ရရှိနိုင်သဖြင့် ဝဥစိုက်တောင်သူများအနေဖြင့် စီးပွားဖြစ်တွက်ခြေကိုက်မည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ကော်ဖီအနေဖြင့် နိုင်ငံတကာ၏ သတ်မှတ်ချက်အရ အဆင့် ၈၀ ကျော်လျှင် အထူးတန်းဝင် သတ်မှတ်ထားရာ မြန်မာနိုင်ငံ (ပြင်ဦးလွင်၊ ရှာငံ၊ သံတောင်ဒေသများ)မှ ကော်ဖီများသည် အဆင့် ၈၄ မှ ၈၆ အထိ ရှိပြီး ချင်းပြည်နယ်ထွက် ကော်ဖီမှာ အဆင့် ၉၆ ရှိသဖြင့် ကမ္ဘာ့အကောင်းဆုံးအဆင့်တွင် ပါဝင်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ခေါ်နူးစုမ် (နတ်မတောင်)အမျိုးသားဥယျာဉ်သို့ရောက်ရှိရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က အမျိုးသားဥယျာဉ်ဆိုင်ရာအချက်အလက်များ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်ဆိုင်ရာအကြောင်းအရာများ၊ သုတေသနပြုနိုင်သည့်အခြေအနေများ၊ လေ့လာကြည့်ရှုအပန်းဖြေနိုင်သည့် အခွင့်အလမ်းများ၊ သဘာဝအခြေခံခရီးသွားဝန်ဆောင်မှုများနှင့် ဒေသခံပြည်သူများထံ အကျိုးပြုမှုများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ဒုတိယဝန်ကြီးဦးကျော်လင်းနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက အမျိုးသားဥယျာဉ်အတွင်း သဘာဝတောရိုင်းတိရစ္ဆာန်ဖမ်းဆီးမှုများကို ထိရောက်စွာ တားဆီးနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ဦးစားပေးထိန်းသိမ်းဆောင်ရွက်ပြီးမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရေး၊ ယင်းဥယျာဉ်ကြီးတွင် ကမ္ဘာ့ဒေသအနှံ့အပြား၌ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသည့် မျက်ခုံးဖြူငှက်ပြာချောက်များနှင့် မျိုးစိတ်ပျောက်ကွယ်လုနီးပါး ဖြစ်နေသည့် သစ်ခွအမျိုးအစား ခုနစ်မျိုးအပါအဝင် အဖိုးတန်ဇီဝမျိုးစုံမျိုးကွဲများစွာ တည်ရှိနေသဖြင့် ဝိုင်းဝန်းထိန်းသိမ်းနိုင်ရေး၊ စောင့်ရှောက်နိုင်ရေး၊ ဒေသခံပြည်သူများကို အသိပညာဗဟုသုတများ ပိုမိုဖြန့်ဖြူးနိုင်ရေးတို့ကို မှာကြားသည်။

အဆိုပါ ခေါ်နူးစုမ် (နတ်မတောင်)အမျိုးသားဥယျာဉ်ကို ၁၉၉၆ ခုနှစ်တွင် မိုယ်းကြိုးဝိုင်းအဖြစ်တည်ထောင်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ခဲ့ပြီး ၎င်းဥယျာဉ်သည် ချင်းပြည်နယ်တောင်ပိုင်းရှိ ကန်ပက်လက်၊ မင်းတပ်နှင့် မတူပီမြို့နယ်များအတွင်း ကျရောက်တည်ရှိပြီး ၁၇၆၂၀၂ ဧကကျယ်ဝန်းကာ အမြင့်ပေ ၁၀၂၀၀ ရှိကြောင်း၊ တောတွင်းကင်းစခန်းများနှင့် တောတွင်းငှက်ကြည့်စခန်းများ၊ တောင်ဇလပ်ပန်းများ၊ သစ်ခွမျိုးစိတ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကျက်စားရာဒေသကြီးဖြစ်၍ တောတွင်းလျှောက်လမ်းများ၊ တောင်ပေါ်ရှုခင်းများနှင့် သဘာဝအလှအပများကို ခံစားကြည့်ရှုနိုင်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ဝင်များသည် မင်းတပ်မြို့နယ် အေးစခန်းကျေးရွာသို့ရောက်ရှိကြရာ ဒေသခံပြည်သူများက ရိုးရာအကများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ကန်ပက်လက်-မင်းတပ်လမ်း ကီလိုမီတာ ၅၀ ဒသမ ၄ နှင့် ၅၀ ဒသမ ၆ အကြားရှိ ချီချောင်းတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ယာယီရှင်းလင်းဆောင်၌ တံတားဦးစီးဌာနအင်ဂျင်နီယာချုပ် ဦးဇော်ဝင်းမြင့်က တံတားဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် အဆိုပါ တံတားတည်ဆောက်နေမှုအား လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ဝင်များသည် ပြေကျေးရွာသို့ရောက်ရှိကြရာ ဒေသခံပြည်သူများက ရိုးရာအကများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍ မော်တော်ယာဉ်များဖြင့် ထွက်ခွာရာ မင်းတပ်မြို့မှ ပုဂံမြို့သို့ ရောက်ရှိကြသည်။

**သတင်းစဉ်**

# မြန်မာ-ဂျပန်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ဂျပန်နိုင်ငံ ဂျပန်ဝန်ကြီးချုပ်၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးဖြစ်သူ Mr. Kentaro SONOURA အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော် ရုံးအမှတ် (၁၈) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဂျပန်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဂျပန်နိုင်ငံ၏ လွတ်လပ်ပြီး ပွင့်လင်းသည့် အင်ဒို-ပစိဖိတ်မဟာဗျူဟာတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ဟောင်း ခါလီဒါဇီယာအား အဂတိလိုက်စားမှုဖြင့် ထောင်ဒဏ်ငါးနှစ် ပြစ်ဒဏ်ချမှတ်

**ဒါကာ ဖေဖော်ဝါရီ ၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း ခါလီဒါဇီယာသည် အဂတိလိုက်စားမှုကျူးလွန်ခဲ့သည်ဟု ပြစ်မှုထင်ရှားတွေ့ရှိရသဖြင့် ၎င်းကို ထောင်ဒဏ်ငါးနှစ် ကျခံစေရန် ပြစ်ဒဏ်စီရင်ချက် ချမှတ်လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဒါကာမြို့ရှိ လုံခြုံရေးတင်းကျပ်စွာ ချထားသည့် အထူးတရားရုံး အမှတ် (၅) တွင် ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲပိုင်းက ဂျူရီအဖွဲ့၏ စာမျက်နှာ ၆၃၂ မျက်နှာရှိ ဆုံးဖြတ်ချက် စာလွှာစာတမ်းကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

ခါလီဒါဇီယာ၏ သားဖြစ်သူ တာရစ်ရာမန်အပါအဝင် အခြားတရားခံ ငါးဦးကို ဘင်္ဂလားဒေ့ရှ်အထူးတရားရုံးက ထောင်ဒဏ် ၁၀ နှစ်စီ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ခါလီဒါဇီယာသည် ယနေ့တွင်ပင် အကျဉ်းထောင်အတွင်း ခြေချရမည်ဟု တရားရေးဝန်ကြီး အနီဆုလ်ဟက်က သတင်းထောက်များအား ပြောကြားသည်။ ခါလီဒါဇီယာသည် ဂျူရီအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်မခံပါက တရားရုံးချုပ်သို့ အယူခံဝင်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂျူရီအဖွဲ့၏ ဆုံးဖြတ်ချက်ပေါ်ထွက်လာခြင်း မရှိမီမှာပင် ခါလီဒါဇီယာက ၎င်းတွင် အပြစ်မရှိကြောင်း ဖေဖော်ဝါရီ ၇ ရက်တွင် ထပ်မံထုချေခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း ခါလီဒါဇီယာအပေါ် ၂၀၀၈ ခုနှစ် ဇူလိုင်လတွင် အဂတိလိုက်စားမှုဖြင့် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ ခါလီဒါဇီယာသည် ၎င်း၏သားလည်းဖြစ် ဘီအန်ပီပါတီ ဒုတိယဥက္ကဋ္ဌလည်းဖြစ်သူ တာရစ်ရာမန် အပါအဝင် အခြားလူငါးဦးတို့နှင့်အတူ နိုင်ငံခြားအလှူရှင်ထံမှ ဇီယာမိဘမဲ့ကလေးများ ဂေဟာဂေါပကအဖွဲ့သို့ လှူဒါန်းသည့် အလှူငွေ တာကာ သန်း ၂၀ (အမေရိကန်ဒေါ်လာ ၂၅၃၁၆၄ ဒေါ်လာ)ကို အလွဲသုံးစားပြုခဲ့သည်ဟူသည့် စွဲချက်ဖြင့် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ ငွေကြေးအလွဲသုံးမှုဖြစ်စဉ် ပေါ်ပေါက်ချိန်မှာ ခါလီဒါဇီယာ၏ ၂၀၀၁-၂၀၀၆ ခုနှစ် ဝန်ကြီးချုပ်ရာထူးသက်တမ်း ကာလအတွင်းဖြစ်သည်။

**ဆင်ဟွာ**





# တရုတ်(တိုင်ပေ)၌ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ကိုးဦးထိ မြင့်တက်လာ

**တိုင်ပေ ဖေဖော်ဝါရီ ၈**

တရုတ်(တိုင်ပေ)အရှေ့ပိုင်းတွင် ပြင်းအား ၆ ဒသမ ၅ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီးနောက် ငလျင်ငယ်များနှင့် မိုးများ အဆက်မပြတ် ရွာသွန်းခဲ့သည့်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် လုပ်သားများအတွက် လုပ်ငန်းခွင်အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ယမန်နေ့က လှုပ်ခတ်ခဲ့သော ပြင်းအား ၆ ဒသမ ၅ အဆင့်ရှိ မြေငလျင်ကြောင့် သေဆုံးသူ ကိုးဦးထိရှိခဲ့ပြီး အနည်းဆုံး လူပေါင်း ၂၆၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများအောက်တွင် ပိမိနေသူ အနည်းဆုံး ၅၀ အား ကယ်တင်နိုင်ခဲ့ကြောင်း ကယ်ဆယ်ရေးလုပ်သားများက ဆိုသည်။

ငလျင်ဗဟိုချက်အနီးရှိ ဟွာလျန်မြို့တွင် ဟိုတယ်တစ်လုံးနှင့် အခြားသော အဆောက်အအုံများ ပြိုကျပျက်စီးခဲ့သည်။ လူနေတိုက်ခန်းများနှင့် စားသောက်ဆိုင်များ ပါရှိသော ၁၂ ထပ် အဆောက်အအုံတစ်လုံးသည် ယိုင်လဲကျလျက်ရှိပြီး ၎င်းအတွင်းတွင် လူအများစု ပိတ်မိလျက်ရှိကြောင်း ကယ်ဆယ်ရေးလုပ်သားများက ဆိုသည်။ ကယ်ဆယ်ရေးလုပ်သားများက အဆိုပါ အဆောက်အအုံအား ပြိုကျမှုမရှိစေရန် ဒေါက်တိုင်များ ထောက်ကာ ပိတ်မိလျက်ရှိသူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရန် မြောက်ကိုရီးယား အစီအစဉ်မရှိဟုဆို

**ဆိုးလ် ဖေဖော်ဝါရီ ၈**

တောင်ကိုရီးယားနိုင်ငံ၌ ဖေဖော်ဝါရီ ၉ ရက်တွင် စတင်မည့် ဆောင်းရာသီအိုလံပစ် အားကစားပွဲတော်ကာလအတွင်း မြောက်ကိုရီးယားအနေဖြင့် အမေရိကန်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရန် အစီအစဉ်မရှိကြောင်း တောင်ကိုရီးယားနိုင်ငံ ယွန်ဟပ်သတင်းဌာနက ဖေဖော်ဝါရီ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယား တာဝန်ရှိသူများသည် အမေရိကန်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရန် အစီအစဉ်မရှိဟု ဆိုခြင်းကြောင့် မြောက်ကိုရီးယားနိုင်ငံ၏ ချူကလီးယားလက်နက် အစီအစဉ်ကို အကြောင်းပြု၍ တင်းမာမှုဖြစ်ပေါ်နေမှု အိုလံပစ်ပွဲတော်ကာလအတွင်း ပြေလျော့သွားနိုင်သည်ဆိုသော မျှော်လင့်ချက်များမှာ မှေးမှိန်ပျောက်ကွယ်ရကြောင်း သတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံ၏ တောင်ပေါ် အပန်းဖြေစခန်းတည်ရာ ပြုံချမ်းစီရင်စု၌ အိုလံပစ်အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား မကျင်းပမီ ဖေဖော်ဝါရီ ၈ ရက်တွင် အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်သည် မြို့တော်ဆိုးလ်သို့ ဆိုက်ရောက်လာခဲ့သည်။ ပြုံချမ်းစီရင်စုသည် မြောက်ကိုရီးယားနှင့် ထိစပ်နေပြီး လုံခြုံရေးအထူးတင်းကျပ်သော နယ်စပ်ဒေသမှ ကီလိုမီတာ ၈၀ (မိုင်၅၀)မျှသာ ကွာဝေးသော နေရာတွင် တည်ရှိသည်။

အိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ မြောက်ကိုရီးယား အထက်တန်းတာဝန်ရှိသူများ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရန်လည်း စီစဉ်ထားသည်။ ယင်းကိုယ်စားလှယ်အဖွဲ့တွင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်၏ ညီမ ကင်ယိုဂျောင်းနှင့် မြောက်ကိုရီးယား၏ မည်ကာမတ္တနိုင်ငံ့အကြီးအကဲ ကင်ယုံနမ်တို့ ပါဝင်သည်။

ကင်ယိုဂျောင်းနှင့် အခြေအရံ အသင်းအပင်းများသည် တောင်ကိုရီးယားနိုင်ငံ မြို့တော် ဆိုးလ်ရှိ အင်ချွန်းနိုင်ငံ နိုင်ငံတကာလေဆိပ်သို့ ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲပိုင်းတွင် ပုဂ္ဂလိကပိုင် ဂျက်လေယာဉ်ဖြင့် ဆိုက်ရောက်လာမည်ဆို၏။

မြောက်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့သည် တောင်ကိုရီးယားသမ္မတ မွန်းဂျေအန်က ဖေဖော်ဝါရီ ၁၀ ရက်တွင် တည်ခင်းမည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ရန်လည်း စီစဉ်ထားသည်။

**ရိုက်တာ**

# အာဖဂန်နှင့် ထိစပ်နေသော နယ်စပ်တစ်လျှောက် စည်းရိုးကာရံရန် ပါကစ္စတန်စီစဉ်

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၈**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသတစ်လျှောက်တွင် တံတိုင်းစည်းရိုးကာရံမှုလုပ်ငန်းကို ပါကစ္စတန် တပ်မတော်က မကြာမီစတင်တော့မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဖေဖော်ဝါရီ ၈ ရက်တွင် ပြောကြားကြသည်။

အာဖဂန်နစ္စတန်နိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသရှိ ဘလူချီစတန်ပြည်နယ် ချာမန်းမြို့၌ ပါကစ္စတန်နယ်ခြားစောင့်တပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် လူမျိုးနွယ်စုခေါင်းဆောင်များ နယ်စပ်စည်းရိုးကာရံရေးနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ပါကစ္စတန်-အာဖဂန်နစ္စတန်နယ်စပ် ချာမန်းမြို့၌ နယ်စပ်စည်းရိုးကာရံရေးကိစ္စကို ဒေသဆိုင်ရာ လူမျိုးနွယ်စုခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် နယ်ခြားစောင့်တပ်ဖွဲ့ တာဝန်ရှိသူများက စီစဉ်ခဲ့ကြသည် ဆို၏။

**ဆင်ဟွာ**



# အိမ်ရာတိုက်တာဆောက်လုပ်ခြင်းထက် လယ်ယာအဆင့်မြင့်မြေကွက်များ ဖော်ထုတ်ခြင်းက ပိုပြီးအရေးကြီး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ လယ်ယာကဏ္ဍဆိုင်ရာ မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်းတင်သွင်းခြင်းနှင့် စက်မှုလယ်ယာစနစ်ဖော်ထုတ်ခြင်းလုပ်ငန်း အရှိန်အဟုန်မြှင့်တင်ရေးအဆိုအား ဆွေးနွေးခြင်း၊ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။



အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး၏ လယ်ယာကဏ္ဍ၊ ဆည်မြောင်းကဏ္ဍနှင့် နိုင်ငံပိုင်စက်ရုံများငှားရမ်းခြင်းဆိုင်ရာ မေးခွန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၏ **သာစည်မြို့နယ်အတွင်းရှိ ညောင်ရမ်း-မင်းလှကန်ပေါင်အား ပုံစံကျ တည်ဆောက်ပေးရန်နှင့် ရေပေးဝေနေသော အမှတ်(၁)၊ အမှတ်(၅)မြောင်းများကို ပုံစံကျပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ညောင်ရမ်း-မင်းလှကန်အမှတ်(၁)နှင့် အမှတ်(၅)မြောင်းများ ပုံစံကျပြန်လည်တူးဖော်ခြင်းနှင့် ရေပေးအဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းများအတွက် လိုအပ်ရန်ပုံငွေကို ပြည်ထောင်စုရန်ပုံငွေတွင် တင်ပြတောင်းခံခဲ့ပါကြောင်း၊ ရန်ပုံငွေခွဲဝေရရှိခြင်းမရှိခဲ့ပါသဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်း။

လိုအပ်ရန်ပုံငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ဆက်လက်တင်ပြတောင်းခံရန်လျာထားပြီးဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေရရှိမှုပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၏ **ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာများအနီးတွင် ပေါ်ထွန်းနေသော မြေနုကျွန်း(သောင်နုမြေ)များအား လယ်မဲ့ယာမဲ့တောင်သူများကို ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေနှင့်အညီ ဦးစားပေးခွဲဝေပေးခြင်းမရှိဘဲ နီးစပ်ရာ အခြားသော ပြင်ပပုဂ္ဂိုလ်အဖွဲ့အစည်းများကို လုပ်ပိုင်ခွင့်ပြုခဲ့သည့် မြို့နယ်လယ်/စီအဖွဲ့အပေါ် မည်သို့အရေးယူဆောင်ရွက်ပေးမည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာများအနီးတွင် ပေါ်ထွန်းနေသည့်မြေများသည် မြေနုကျွန်းမြေများနှင့် မြေနုကျွန်းမှတည်မြဲလာသော မြေရင့်များဖြစ်ပါကြောင်း၊ အဆိုပါမြေများ လုပ်ပိုင်ခွင့်ချထားခြင်းနှင့် စပ်လျဉ်းပြီး ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ နီးစပ်ရာအခြားသော ပြင်ပပုဂ္ဂိုလ်အဖွဲ့အစည်းများကို လုပ်ပိုင်ခွင့်ပြုခဲ့ခြင်းမရှိပါကြောင်းနှင့် အဆင့်ဆင့်သော လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့သော ကိစ္စရပ်ဖြစ်သည့်အတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အား အရေးယူရန်မရှိပါကြောင်း ဖြေကြားသည်။

မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၏ **မိုင်းပန်မြို့နယ်အတွင်း လယ်ယာမြေများ ရေလုံလောက်စွာ ပေးနိုင်ရန်၊ နွေရာသီရေရှားပါးမှုပြဿနာ ဖြေရှင်းနိုင်ရန်၊ မြို့ရေပေးဝေမှု လုံလောက်နိုင်ရန်အတွက် နန့်ပန်ချောင်းဖျားဝိုးလိုင်းဒေသတွင် အလတ်စားရေလှောင်တမံတစ်ခု တည်ဆောက်ပေးရန်နှင့် အသေးစားချောင်းပိတ်ဆည်ဖြစ်သော လဝဆည် တိမ်ကောလာမှုကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် တည့်သွင်းတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လဝရေလွှဲဆည် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းအား ယခုနှစ် မတ်လပထမပတ်တွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများကို အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ **နိုင်ငံပိုင်စက်ရုံအချို့ကို ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ အခကြေးငွေနှင့် နှစ်ချုပ်စာချုပ်ချုပ်ပြီး ငှားရမ်းရာတွင် ငှားရမ်းလုပ်ကိုင်သူအနေဖြင့် မူလငှားရမ်းစဉ် လုပ်ကိုင်သောလုပ်ငန်းမှာ အဆင်မပြေတော့သောကြောင့် အခြားလုပ်ငန်းတစ်ခုကို ပြောင်းလဲလုပ်ဆောင်ရာတွင် နိုင်ငံတော်သို့ ပေးဆောင်ရသော အခကြေးငွေကို နှုန်းထားပြောင်းလဲပြီး စာချုပ်ချုပ်ရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ငှားရမ်းလုပ်ကိုင်သူအနေဖြင့် မူလငှားရမ်းလုပ်ကိုင်သည့် လုပ်ငန်းအဆင်မပြေသည့်အတွက်ကြောင့် အခြားလုပ်ငန်းတစ်ခုသို့ ပြောင်းလဲဆောင်ရွက်လိုလျှင် အငှားချထားသောဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရန် မြေအသုံးချမှု၊ အဆောက်အအုံတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်းတို့အတွက် ဝန်ကြီးဌာန၏ခွင့်ပြုချက်ကို ပြန်လည်ရယူစေပါကြောင်း၊ ငှားရမ်းခများကို လိုအပ်ပါက Third Party ဖြင့် ကွင်းဆင်းစစ်ဆေးပြီး သင့်လျော်မှုရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြန်လည်တင်ပြ အတည်ပြုချက်ရယူ၍ စာချုပ်ပြင်ဆင်ချုပ်ဆို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို၏ **ဒေးဒရဲမြို့နယ် နှစ်သီးစားလယ်များတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် နှစ်နှစ်ဆက်တိုက် မိုးစပါးစိုက်လယ်ဧကများ ပျက်စီးနေခြင်းကိစ္စနှင့်ပတ်သက်သည့်** မေးခွန်းနှင့်စပ်လျဉ်း၍ ရေကြီးနစ်မြုပ်မှုကို ရှောင်လွှဲနိုင်စေရန်အတွက် ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် စိုက်ချိန်ကာလကို စောစောစိုက်ပျိုးနိုင်စေရန်အတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ် မိုးစပါးရာသီတွင် ဒေးဒရဲမြို့နယ်၏ မိုးစပါးပျက်စီးမှုကြောင့် တောင်သူလယ်သမားများ နစ်နာမှုရှိကြောင်း သိရှိမှုအပေါ် ထောက်ပံ့ပေးနိုင်ရေးနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပြန်လည်စိစစ်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ သီးနှံပျက်စီးမှုအတွက် ထောက်ပံ့ပေးရမည့် စာရင်းအပေါ်တွင် သဘောထားပြန်ကြားပေးနိုင်ရန် အတွက်ကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ညှိနှိုင်းစာပေးပို့ထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး၏ **ဗန်းမောက်မြို့နယ်အတွင်း** **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

# တိုက်ပွဲရှောင်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စီမံကိန်းအသွင်ဖြင့် ဆောင်ရွက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၅) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းနှင့် အဆိုတစ်ခုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **ပြည်တွင်းစစ်ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာ ရှောင်တိမ်းနေထိုင်နေကြရသော ဒေသအသီးသီးမှ စစ်ပြေးဒုက္ခသည်များအား ပြည်ထောင်စုအစိုးရမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း**နှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန အသစ်တစ်ခုဖွင့်လှစ်ခွင့်ရရှိကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာလုပ်ကိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းများတွင် တိုက်ပွဲရှောင်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စီမံကိန်းအသွင်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အလေးပေးဆောင်ရွက်လျက်ရှိရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရတို့ပူးပေါင်း၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် အထူးစီးပွားရေးဇုန်များ အမြန်ပေါ်ပေါက်လာရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေပြီး ငြိမ်းချမ်းမှုများ အလျင်အမြန်ရရှိကာ ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဝင်းမြတ်အေး



ရှမ်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၁၁)မှ ဦးကျော်နီနိုင်

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၏ **ကြက်စာအတွက် ထုံးဓာတ်ပါဝင်သည့် ကျောက်ဆွေးများကို စစ်ကိုင်းမင်းဝံတောင်မှ တူးဖော်ထုတ်ယူသုံးစွဲနေသောကြောင့် မင်းဝံတောင်ကြီး ပြိုလဲပျက်စီးသွားရမည့်အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်သဖြင့် အချိန်မီတားဆီးကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မင်းဝံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ယခင်လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန(သစ်တောဌာနစု)၏ ၁၉၇၁ ခုနှစ် နိုဝင်ဘာ ၂၆ ရက်က စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်ရှိ မြေဧရိယာအကျယ်အဝန်း ၅၀၈၇၄ ဧကကို မင်းဝံတောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ဘေးမဲ့တောအတွင်း ဓာတ်သတ္တုစမ်းသပ်ရှာဖွေတိုင်းတာခြင်းနှင့် တူးဖော်ထုတ်လုပ်ခြင်းအတွက် ခွင့်ပြုမိန့်များ ထုတ်ပေးထားခြင်းမရှိပါကြောင်း။

သစ်တောဦးစီးဌာနအနေဖြင့် မင်းဝံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား စနစ်တကျ ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိပါကြောင်း၊ ဘေးမဲ့တောအတွင်း တရားမဝင် ကျောက်၊ ဓာတ်သတ္တုတူးဖော်ခြင်းများကို ဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း၊ ဘေးမဲ့တောအနီး ပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများအား တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းဟောပြောခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခြင်း၊ ဘေးမဲ့တောအတွင်း နယ်မြေအလိုက် စဉ်ဆက်မပြတ်ကင်းလှည့်စစ်ဆေးခြင်းနှင့် ကျောက်တူးဖော်မှုမပြုရန် ဆိုင်းဘုတ်စိုက်ထူခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားမဝင်ကျောက်တူးဖော်သူများကို တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများဖြင့် အရေးယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိဖွဲ့စည်းထားရှိသည့် ဧရိယာအတွင်းရှိနေသည့် အခြားမြေအသုံးချမှုများအနက် မလိုအပ်သောမြေအသုံးချမှုများ စနစ်တကျပြန်လည်စိစစ်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်မည်ဆိုပါက မင်းဝံတောင်အား ပိုမိုထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်က ဆွေးနွေးသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက သယံဇာတအမျိုးမျိုးဆုံးရှုံးမှုအမျိုးမျိုးရှိသည့်အနက် နယ်မြေမအေးချမ်းမှု၊ မစီမံမခန့်ခွဲနိုင်မှု၊ စီမံခန့်ခွဲမှုအားနည်းမှုကြောင့်လည်းကောင်း စသည်ဖြင့် နေ့စဉ်နှင့်အမျှ တိုင်းပြည်၏ သယံဇာတများ အဟောသိကံ ဖြစ်နေသည်များကို စာရင်းပြုစု၍ ရမည်မထင်ပါကြောင်း၊ ရေနံဓာတ်ငွေ့နှင့် သတ္တုတွင်းထွက်၊ ရေသယံဇာတများကို ပိုင်ပိုင်နိုင်နိုင်စီမံခန့်ခွဲရန် မလွယ်ကူသော်လည်း ဖြေရှင်းရန် ကြိုးစားသင့်သည့်ကိစ္စဖြစ်ပါကြောင်း၊ သယံဇာတများကို မှန်ကန်စွာ စီမံခန့်ခွဲနိုင်လျှင် တိုင်းပြည်၏ ဘဏ္ဍာများ တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံအနေဖြင့် စုဆောင်းခြင်းနှင့် တည်ငြိမ်ရေး ရန်ပုံငွေများ ချမှတ်ရန် ထက်မြက်စွာ ဆောင်ရွက်နိုင်ခြင်းမရှိသောကြောင့် သယံဇာတများ အကျိုးအမြတ်နည်းသည့်အပြင် အဆိုးကပ်ဝဲတွင် နစ်နေသောကြောင့် နှစ်စဉ်ရေကြီးရေလျှံမှု သဘာဝဘေးဒုက္ခများ ပိုမိုခံစားနေရသည်ကို အားလုံးသိရှိကြပါကြောင်း၊ သယံဇာတစီမံအုပ်ချုပ်မှုကောင်းမည်ဆိုလျှင် သဘာဝကြောင့်ဖြစ်ပေါ်သည့် ဘေးဒဏ်များကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ စီမံခန့်ခွဲမှုများညံ့ဖျင်းမှုကြောင့် သယံဇာတများ ဆုံးရှုံးနေရပါသည်ဟုပြောနေခြင်းသည် အပြစ်ဖို့သည် မဟုတ်ပါကြောင်း၊ ပြုပြင်စေလွန်း၍ ပြုပြင်လျှင်ရနိုင်သောကြောင့် ပြုပြင်ချင်စိတ်လေးရှိရန်အတွက် ပြောခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**

# ခက်ခက်ခဲခဲ အမြစ်တွယ်ခဲ့သည့် ပင်လုံအခြေတည် ပြည်ထောင်စုစိတ်ဓာတ်

**၁၉၄၆ နှစ်ဦးအစ အခါသမယဖြစ်သည်။ မြန်မာပြည်ကြီးကို မတရားသိမ်းပိုက်အုပ်စိုးခဲ့ကြသော ဗြိတိသျှအရင်းရှင် နယ်ချဲ့တို့သည် ရှမ်း၊ ချင်း၊ ကချင်၊ ကရင် စသည့် မြန်မာပြည်ဖွားတိုင်းရင်းသား နယ်ခြားဒေသလူမျိုးများအား ပြည်မရှိ ဗမာလူမျိုးများနှင့် မညီမညွတ် သွေးကွဲခြားနားနေစေရန် နည်းလမ်းအဖုံဖုံ ပရိယာယ်မျိုးစုံတို့ဖြင့် အကြီးအကျယ် သပ်လျှိုသွေးခွဲနေကြသော အချိန်အခါဖြစ်သည်။**

ဟံသာဝတီ- ဦးအုန်းကြိုင်

### လွတ်မြောက်တော့မည့်အချိန်

နှစ်ပေါင်း ၆၀ ကျော် သွေးခွဲအုပ်ချုပ်ခဲ့ကြသော ဗြိတိသျှနယ်ချဲ့အရင်းရှင်တို့၏လက်အောက် ကျွန်သပေါက်ဘဝမှ မြန်မာပြည်သည် အနေးနှင့်အမြန် လွတ်လပ်ရေးရရှိရန် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားမျိုးချစ်ခေါင်းဆောင်ကြီးများက အပြင်းအထန်ကြိုးပမ်းဖော်ဆောင်နေကြသည့်အလျောက် မကြာမီ အောင်ပန်းဆင် အောင်ပွဲဝင်လုဆဲ မင်္ဂလာအချိန်အခါလည်းဖြစ်သည်။

### သီးခြားခွဲနေကြရန်

မကြာမီလွတ်လပ်ရေးရတော့မည့် မြန်မာပြည်တွင် ဗမာပြည်မနှင့်အတူ မပူးပေါင်း မပါဝင်ဘဲ နယ်ခြားဒေသများအလိုက် တသီးတခြားစီ လွတ်လပ်စွာနေကြရန် ခွဲခြားစီမံချက်များ ချမှတ်၍ ဗမာပြည်မနှင့် နယ်ခြားဒေသများ ဆက်သွယ်ခြင်း၊ ပေါင်းစည်းခြင်းမပြုလုပ်နိုင်အောင် နယ်ချဲ့အစိုးရသည် ဘက်ပေါင်းစုံမှ အစွမ်းကုန် တားဆီးပိတ်ပင်နေကြသော အချိန်လည်းဖြစ်သည်။

### ရှမ်းခေါင်းဆောင်ကြီးများ

ထိုအချိန်တွင် အမြော်အမြင်ကြီးမားကြသော ရှမ်းခေါင်းဆောင်ကြီးများဖြစ်ကြသည့် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ တောင်ပိုင်စော်ဘွားကြီး ခွန်ပန်းစိန်၊ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်၊ သိန္နီစော်ဘွားကြီး စဝ်ဟုန်ဖတို့သည် ဦးခွန်ဖုံး၊ ဦးတင်အေး၊ ဦးခွန်ထီး၊ ဦးခွန်စော၊ ဦးထွန်းမြင့် အစရှိသည့် ရှမ်းပြည်မျိုးချစ်လူငယ်ခေါင်းဆောင်များနှင့် ဆက်သွယ်ကာ ဗမာပြည်မမှ ခေါင်းဆောင်ကြီးများအား ဖိတ်ကြားပြီး ရှမ်းပြည်တစ်နေရာတွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးနိုင်ကြရန်အတွက် စီမံကြရာမှ ပထမပင်လုံညီလာခံပေါ်ပေါက်ခဲ့ရပေသည်။

### ပထမပင်လုံညီလာခံ

၁၉၄၆ ခုနှစ် မတ်လ ၂၀ ရက်နေ့မှ ၂၈ ရက်နေ့အထိ ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်းတို့ လမ်းဆုံကျရာ ပင်လုံမြို့ကလေးတွင် ပထမပင်လုံညီလာခံဟု မှတ်တမ်းဝင်ခဲ့သော တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပရာ ရှမ်းစော်ဘွားကြီးများ၊ လူထုခေါင်းဆောင်များနှင့် ပြည်မမှ ခေါင်းဆောင်များ တက်ရောက်ဆွေးနွေးကြသည်။

### လွတ်လပ်သော အကြံဉာဏ်များ

ထိုပထမအကြိမ် ပင်လုံတွေ့ဆုံဆွေးနွေးပွဲကြီးတွင် အနာဂတ်ရှမ်းပြည်အတွက် ရှမ်းပြည်လူထုထံမှ အကြံဉာဏ်များရယူခြင်း၊ လူထုနှင့်အလွတ်သဘော ဆွေးနွေးခြင်း၊ ဟောပြောခြင်းများကို လွတ်လပ်စွာခွင့်ပြုထားလေသည်။

### ရှမ်း-ဗမာ ပူးပေါင်းရေး

ညီလာခံဆွေးနွေးပွဲများ၏ အဓိက ဦးတည်ချက်မှာ နယ်ချဲ့ဆန့်ကျင်ရေး၊ ရှမ်းပြည်လွတ်လပ်ရေး၊ ရှမ်း-ဗမာ ပူးပေါင်းရေးတို့ဖြစ်လေသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေး စသည့်ဘာသာရပ်များကိုလည်း ကဏ္ဍများခွဲ၍ ဆွေးနွေးဟောပြောကြသည်။ ညီလာခံကို ရှမ်းစော်ဘွားကြီးများနှင့် ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်တို့က ကမကထပြုကျင်းပခြင်းဖြစ်သည်။

ယင်းဆွေးနွေးပွဲကြီးသို့ နယ်ခြားဒေသတိုင်းရင်းသားချင်း၊ ကချင်ကိုယ်စားလှယ်များ၊ ဗြိတိသျှအစိုးရဌာနဆိုင်ရာ အကြီးအကဲများ၊ နယ်ခြားဒေသအုပ်ချုပ်ရေးအတွင်းဝန် စတီဗင်ဆင်၊ ပြည်မမှ ဖဆပလကိုယ်စားလှယ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဖေတို့နှင့် မျိုးချစ်ပါတီမှ ဂဠုန်ဦးစော၊ မိတ္ထီလာ ဦးဘရင်၊ မြေပြန့်ပအိုဝ်းခေါင်းဆောင် သထုံဦးလှဖေ၊ ရန်ကုန်မြို့ရှိ သတင်းစာဆရာများအား ဖိတ်ကြားထားလေသည်။

ညီလာခံကြီးက ဆက်လက်ကျင်းပနေလေပြီ။ ဖဆပလအဖွဲ့ချုပ်မှ ဗိုလ်ချုပ်ဆောင်ဆန်းတို့မှာ ထိုအချိန်က ရခိုင်တိုင်းဘက်သို့ ခရီးထွက်နေခိုက်ဖြစ်၍ သခင်နု၊ မန်းဘခိုင်၊ ဦးဗဂျမ်းတို့သာ ညီလာခံသို့ တက်ရောက်လာနိုင်ကြသည်။

### ပြည်သူနှင့် အတူယှဉ်တွဲကြ၍

ဗြိတိသျှနယ်ချဲ့တို့ ၁၈၈၆ ခုနှစ်တွင် ရှမ်းပြည်ကို သိမ်းပိုက်ခဲ့ပြီးနောက်ပိုင်း နှစ်ပေါင်း ၆၀ အတွင်း မြန်မာ့နိုင်ငံရေးခေါင်းဆောင်များ ရှမ်းပြည်သို့ ပထမဆုံးအကြိမ် ရောက်ရှိခြင်းဖြစ်သည်။ ရှမ်းစော်ဘွားများမှာလည်း ဗြိတိသျှလက်အောက်၌ ရှမ်းပဒေသရာဇ်ကောင်စီဖြင့် နယ်ချဲ့အစိုးရအလိုကျ အုပ်ချုပ်ခဲ့ကြရာမှ ရှမ်းပြည်သူလူထုဆန္ဒအရ စော်ဘွားများသည် ပဒေသရာဇ်ကောင်စီအစည်းအဝေးသဘောမျိုး သက်ရောက်စေသည့် ပထမပင်လုံညီလာခံကို ရှမ်းပြည်သူများ မြန်မာ့ခေါင်းဆောင်များနှင့်အတူ ပူးပေါင်း၍ အောင်မြင်စွာ ကျင်းပနိုင်ကြခြင်းဖြစ်သည်။

### သီးခြားနိုင်ငံထူထောင်ရန် နယ်ချဲ့အကြံ

ဗြိတိသျှအစိုးရသည် ၁၉၄၆ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ရှမ်းစော်ဘွားများအား တရားဝင်အစည်းဝေးခေါ်ယူပြီး ဗမာပြည်လွတ်လပ်ရေး ရယူသည့်အခါတွင် ရခိုင်၊ ချင်း၊ ကချင်၊ ရှမ်း၊ ကယားဒေသများပါဝင်သော မြင်းခွာပုံသဏ္ဌာန် "နယ်ခြားဒေသပြည်နယ်များသမဂ္ဂ (United Frontier States) ဟူသောနိုင်ငံ" အဖြစ် ဗမာပြည်မနှင့် မပူးပေါင်းဘဲ သီးခြားရပ်တည်ဖွဲ့စည်းတည်ထောင်ရန် စီမံကိန်းတစ်ရပ်ကို ချပြကြသည်။

### လုံးဝလွတ်လပ်ရေး

ဤကဲ့သို့ ဗမာပြည်မနှင့်ခွဲ၍ သီးခြားနိုင်ငံကြီးအဖြစ် နယ်ခြားဒေသတောင်တန်းနယ်များနှင့် ရှမ်းပြည်တို့ ပူးပေါင်းတည်ထောင်လိုက်လျှင် အလွန်အင်အားကြီးသော နိုင်ငံကြီးဖြစ်လာမည်ဖြစ်သည်။ ဤနိုင်ငံကြီးသည် ဒိုမီနီယံအဆင့်ရှိသော အုပ်ချုပ်ရေးပုံစံဖြစ်၍ ထိုနိုင်ငံကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် လိုအပ်သော ဘဏ္ဍာရေးအတွက်လည်း ဗြိတိသျှတို့က ငွေထုတ်ပေးမည်ဟု ဗြိတိသျှအစိုးရနယ်ခြားဒေသအုပ်ချုပ်ရေးဌာန ညွှန်ကြားရေးဝန် မစ္စတာ ဂျေအယ်လ်၊ လေဒင်နှင့် နယ်ခြားဒေသအတွင်းဝန် မစ္စတာ စတီဗင်ဆင်တို့က ရှင်းလင်းပြောကြားကြကာ ထိုစဉ်က ရှမ်း-ဗမာပူးပေါင်းရေးနှင့် လုံးဝလွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းကြိုးပမ်းနေချက်ကို မျက်ခြည်ပြတ်အောင် သွေးဆောင်ခြေထိုးသပ်လျှိုကြလေသည်။

### စော်ဘွားများလက်မခံ

မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်းနှင့် ဆီဆိုင်စော်ဘွားကြီး စဝ်ခွန်ကြည်စသော စော်ဘွားကြီးတို့သည် မစ္စတာ လေဒင်တင်ပြလာသော ဗမာပြည်မနှင့်ခွဲ၍ သီးခြားထူထောင်မည့် "နယ်ခြားဒေသပြည်နယ်များသမဂ္ဂနိုင်ငံ" စီမံကိန်းကို အပြင်းအထန်ဆန့်ကျင်တိုက်ဖျက်ကြရာ မစ္စတာ စတီဗင်ဆင်နှင့် မစ္စတာ လေဒင်တို့ လက်လျှော့အရှုံးပေး၍ ပြန်လည်ထွက်ခွာသွားကြလေသည်။

### သပ်လျှိုသွေးခွဲအကြံ

ထိုအချိန်နှင့်တစ်ပြိုင်နက်တည်းလိုလိုမှာပင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည်လည်း အဆိုပါနယ်ချဲ့တို့ လျှို့ဝှက်ကျိတ်ပုန်းခုတ်ကြံစည်နေသည့် "နယ်ခြားဒေသပြည်နယ်များ သမဂ္ဂနိုင်ငံ" ထူထောင်မည့် စီမံကိန်းအသေးစိတ်ကို ရခိုင်တိုင်း၊ ချင်းတောင်၊ ကချင်တောင်တန်းဒေသများသို့ တရစပ်ခရီးပြင်းနှင်ပြီး ကိုယ်တိုင်လိုက်ပါ၍ နယ်ချဲ့တို့၏ သပ်လျှိုသွေးခွဲကြသည့် ပက်စက်စွာ ကြံစည်မှုကြီးကို ဖြောင်ဖွင့်ချ ထောက်ပြရှင်းလင်းခဲ့ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် လုံးဝလွတ်လပ်ရေးအတွက် ဦးတည်စည်းရုံးခဲ့လေသည်။

### လက်ရည်တစ်ပြင်တည်း

ဤပထမပင်လုံညီလာခံ၏ အောင်မြင်မှုမှာ ဗြိတိသျှနယ်ချဲ့တို့ အမျိုးမျိုးသပ်လျှိုသွေးခွဲဖျက်လို ဖျက်ဆီးလုပ်နေကြသည့်အကြားမှ ယနေ့တိုင် တည်တံ့ခိုင်မြဲနေဆဲဖြစ်သော ပင်လုံအရင်းတည် ပြည်ထောင်စု စိတ်ဓာတ်နှင့် သဘောတရားများကား ထိုပထမပင်လုံညီလာခံမှ ခက်ခက်ခဲခဲ စတင်အမြစ်တွယ်ခဲ့ရခြင်း ဖြစ်ပေသည်။ ထိုညီလာခံမှစ၍ ဗမာပြည်မအမျိုးသား ခေါင်းဆောင်များနှင့် နယ်ခြားတိုင်းရင်းသားခေါင်းဆောင်များ ညီညွတ်စွာ လက်ရည်တစ်ပြင်တည်း ပေါင်းစည်းမိခဲ့ကြသည်။ ထိုမှဆက်၍ ၁၉၄၇ ခုနှစ်တွင် ဒုတိယအကြိမ် ပင်လုံညီလာခံကျင်းပရန် အညီအညွတ် ဆုံးဖြတ်ကြလေသည်။

### လုံးဝလွတ်လပ်ရေးတိုက်ပွဲ

ထို့နောက်တွင်ကား ဗမာပြည်မတွင် လုံးဝလွတ်လပ်ရေးတိုက်ပွဲ အရှိန်များ ပြင်းထန်လာသည်။ မြန်မာပြည် ကြားဖြတ်အစိုးရဖွဲ့စည်းရေးနှင့် တိုင်းပြည်ပြုလွှတ်တော် ခေါ်ယူရေးကိစ္စများအတွက် "အောင်ဆန်း-အက်တလီစာချုပ်" ပေါ်ပေါက်လာသည်။

### ပူးပေါင်းရေးအရေးကြီး

ထို"အောင်ဆန်း-အက်တလီသဘောတူစာချုပ်"အရ ရှမ်းပြည်နှင့် ဗမာပြည်ပူးပေါင်းရေးပြဿနာသည် အလွန်အရေးကြီးလာသည်။ ရှမ်းပြည်နှင့် ဗမာပြည်ဘယ်လိုပူးပေါင်းမည်နည်း။ တိုင်းပြည်ပြုလွှတ်တော်တွင် ရှမ်းနှင့် အခြားတိုင်းရင်းသားများ မည်သို့ ပါဝင်ကြမည်နည်း။

### ဒုတိယပင်လုံညီလာခံ

ထိုကဲ့သို့သောကိစ္စအဝဝ၊ ပြဿနာအရပ်ရပ်တို့ကို ဖြေရှင်းနိုင်ရန် ဒုတိယပင်လုံညီလာခံကြီးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှ ၁၂ ရက်အထိ ပင်လုံမြို့အနောက်တောင်ထောင့်ရှိ မြေကွက်လပ်တွင် ကျင်းပကြလေသည်။

### ဗိုလ်ချုပ်အောင်ဆန်းတက်ရောက်

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ၎င်းပင်လုံညီလာခံကြီးသို့ ၎င်းနှင့်အတူ မြန်မာပြည်ဘုရင်ခံ၏ အမှုဆောင်ကောင်စီမှ အဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသော ဦးတင်ထွဋ်၊ ဆာမောင်ကြီး၊ ဦးအောင်ဇံဝေနှင့် ဖဆပလအဖွဲ့ချုပ်မှ ဗိုလ်ခင်မောင်ကလေးတို့ကို တစ်ပါတည်းခေါ်လာသည်။

### ပင်လုံညီလာခံတက်ရောက်ကြသူများ

ရှမ်းပြည်နယ် စော်ဘွားများဖြစ်သော တောင်ပိုင်စော်ဘွားခွန်ပန်းစိန်၊ ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၊ သိန္နီစော်ဘွား စဝ်ဟုံဖ၊ မိုင်းပွန်စော်ဘွား စဝ်စံထွန်း စသည့် စော်ဘွားကြီးများအားလုံး၊ ကချင်တောင်တန်းဒေသမှ ဆမားဒူးဝါးဆင်ဝါးနောင် အစရှိသော ဒူးဝါးကြီးများ၊ ဦးလွှာမှုန်းစသည့် ချင်းတောင်တန်းကော်မတီဝင်များ၊ ဦးခွန်ဖုံး အစရှိသည့် ရှမ်းပြည်လူထု ကိုယ်စားလှယ်များ၊ ဗြိတိသျှအစိုးရ ခနသဟာယ အတွင်းဝန်ကလေး မစ္စတာဘော့တွန်မလီ၊ နယ်ခြားဒေသအတွင်းဝန် မစ္စတာ စတီဗင်ဆင်စသူတို့ စုံညီတက်ရောက်လာကြသည်။

### အတွင်းကျိတ်အကြံအစည်

ဗြိတိသျှနယ်ချဲ့တို့၏ အစီအစဉ်မှာ ၎င်းတို့စီမံထားသည့်အတိုင်း ရှမ်းစော်ဘွားများအပါအဝင် နယ်ခြားဒေသမှ ကိုယ်စားလှယ်များက ဗမာပြည်မနှင့်အတူ ပူးပေါင်းပြီး လွတ်လပ်ရေးမယူကြဟု ဆုံးဖြတ်ချက်သာ ဤပင်လုံညီလာခံမှ ထွက်ပေါ်လာပါက ပင်လုံညီလာခံအပြီး ဖေဖော်ဝါရီ ၁၅ ရက်နေ့တွင် ရှမ်းစော်ဘွားများ၏ ပဒေသရာဇ်ကောင်စီ အစည်းအဝေးကို တောင်ကြီးမြို့တွင် ကျင်းပရန် စီမံထားရှိပြီးဖြစ်သည်။

### နယ်ချဲ့သမားတို့ အောင်ပွဲခံ

ယင်းရှမ်းပဒေသရာဇ်ကောင်စီအစည်းအဝေးသို့ ဗြိတိသျှဘုရင်ခံ ဆာဟူးဘတ်ရန့်ပါတက်ရောက်ပြီး "နယ်ခြားဒေသ ပြည်နယ်များသမဂ္ဂ (United Frontier States)နိုင်ငံ" ထူထောင်ကြောင်းဆုံးဖြတ်ကာ နယ်ချဲ့တို့ အောင်ပွဲခံကြရန် အသင့်စီစဉ်ထားရှိပြီးဖြစ်သည်။

### ရိုးစင်းသောစကားလုံး

သို့သော် ဗိုလ်ချုပ်အောင်ဆန်း ထိုပင်လုံညီလာခံတွင် မိန့်ကြားသော ပရိယာယ်မာယာမပါသော ရိုးစင်းသည့်စကားကို အားလုံးလက်ခံယုံကြည်ကြခြင်းကြောင့် ဗြိတိသျှနယ်ချဲ့တို့ အကြံမအောင်မြင်ဘဲ ယနေ့တိုင် တည်တံ့ခိုင်မြဲနေဆဲဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်။

### ပေါင်းချင်ပေါင်း မပေါင်းချင်နေ

ပင်လုံတွင် ဗိုလ်ချုပ်မိန့်ကြားသောစကားမှာ ယနေ့တိုင် နားထဲစွဲနေကြရဆဲဖြစ်သည်။

"ကျုပ်တို့မြန်မာပြည်ကြီး ဒီတစ်နှစ်အတွင်း လွတ်လပ်ရေးရမှာ သေချာတယ်။ ကျုပ်တို့လွတ်လပ်ရေးရသလို ခင်ဗျားတို့လည်း ကျုပ်တို့နဲ့အတူ လွတ်လပ်စေချင်တယ်။ ကျုပ်တို့က ခင်ဗျားတို့ကို ကျုပ်တို့နဲ့ ပေါင်းပါလို့လည်း မပြောဘူး။ မပေါင်းပါနဲ့လို့လည်း မပြောဘူး။ ပေါင်းချင်ပေါင်း မပေါင်းချင်နေ ခင်ဗျားတို့သဘော"

ချင်း၊ ကချင် ကိုယ်စားလှယ်များက သဘောကျကြသည်။

စော်ဘွားများက မရှင်းလင်းသည့်အချက်မေးပါရစေဟုဆိုကာ ရှမ်း-ဗမာပူးပေါင်းရေးတွင် ဘဏ္ဍာရေးကိစ္စအကြောင်း မေးကြ၏။ ဘဏ္ဍာရေးအကြောင်းမေးကြခြင်းမှာ စတီဗင်ဆင်တို့က "ဗမာတွေလွတ်လပ်ရေးရသွားဦးတော့၊ ခင်ဗျားတို့နဲ့ ပေါင်းရင်ခက်မယ်၊ သူတို့မှာ ငွေမရှိဘူး၊ နယ်ခြားဒေသပြည်နယ်များ သမဂ္ဂသာဖြစ်လာရင် စော်ဘွားတွေကို ချက်ချင်း သိန်း ၄၀ ထုတ်ပေးနိုင်တယ်"ဟူသော ခြေထိုးစကားကြောင့် တွေဝေပြီး ထမေးကြခြင်းဖြစ်သည်။

### မကြုံစဖူး ညီညွတ်ခဲ့ကြ

သို့သော် ပင်လုံမြို့ငယ်ကလေးတွင် ကျင်းပခဲ့သော ဒုတိယပင်လုံညီလာခံတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြသည်မှ မကြုံစဖူး ညီညွတ်မှုကြီးဖြင့် သမိုင်းဝင်ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ကြလေသည်။

နှစ်ပေါင်း ၆၀ ကျော်ကြာ မြန်မာပြည်ဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း မသင့်မြတ်ကြရအောင် အစစအရာရာ သပ်လျှိုသွေးခွဲအုပ်ချုပ်လာခဲ့ကြသော ဗြိတိသျှအရင်းရှင်နယ်ချဲ့သမားတို့၏ ဗေဒဥပါယ်ဉာဏ်နီဉာဏ်နက် နည်းမျိုးစုံတို့ကို အပြီးတိုင် မြေမြှုပ်သင်္ဂြိုဟ်လိုက်နိုင်သည့် နယ်ချဲ့တို့အတွက် သေမင်းတမန်စာချုပ်ကြီးကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ကြသည်မှာ ယနေ့ဆိုလျှင် (၇၁)နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီဖြစ်လေသည်။

### ဘူမိနက်သန်အောင်မြေ

ပင်လုံသည် တိုင်းရင်းသားချင်း သွေးစည်းညီညွတ်ရေး၊ လွတ်လပ်ရေး ပြည်ထောင်စုစိတ်ဓာတ်ပေါ်ပေါက်ရေးတို့အတွက် အခြေတည်အုတ်မြစ်ချသော ကျက်သရေမင်္ဂလာရှိသည့် ဘူမိနက်သန်အောင်မြေမှန်ကြီးပေတည်း။ ဤသည်မှာ ၂၀ ရာစု မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် မေ့မရနိုင်သည့် ကမ္ဘာတည်သရွေ့ တည်တံ့သွားမည့် ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းတို့ သွေးစည်းညီညွတ်ခဲ့သော ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ကြီး ပေါ်ပေါက်ဖြစ်တည်လာပုံ သမိုင်းပင်တည်း။

### အဖိုးဖြတ်မရနိုင်

ဤပြည်ထောင်စုနေ့သည် အမှန်စင်စစ် လွတ်လပ်ရေးနှင့် ထပ်တူထပ်မျှ အရေးကြီးလှသော အဖိုးဖြတ်မရနိုင်သည့် နေ့ထူးနေ့မြတ်ကြီးပင်ဖြစ်သည်။ ဤပြည်ထောင်စုနေ့ကြီးသာ မြန်မာ့သမိုင်းတွင် မစုစည်းမိခဲ့ပါလျှင် ကျွန်ုပ်တို့၏ ယနေ့လွတ်လပ်ရေး အခြေအနေသည် တစ်မျိုးတစ်ဖုံဖြစ်၍ နေပေမည်။ ထို့ကြောင့်လွတ်လပ်ရေးနေ့ကဲ့သို့ ဤပြည်ထောင်စုနေ့ထူးနေ့မြတ်ကြီးကိုလည်း ကျွန်ုပ်တို့အလေးအမြတ်ပြုကြရမည်ဖြစ်ပေသည်။

### (၂၁) ရာစုပင်လုံမှသည် အောင်ပွဲဆီသို့

ထို့အတူ ဤပြည်ထောင်စုနေ့ အခြေတည်ရာ ပင်လုံညီလာခံကို အလေးအမြတ်ပြုကြရသကဲ့သို့ ယနေ့ (၂၁) ရာစုပင်လုံညီလာခံကိုလည်း အလေးထားလျက် ပင်လုံညီလာခံကြီးမှ စတင်ဖြစ်တည်ပေါက်ဖွားလာသော ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းရေးကို အောင်မြင်အောင် တည်ဆောက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံမှသည် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်အောင်မြင်ကြရေးအတွက် ကျွန်ုပ်တို့ ပြည်ထောင်စုသားအားလုံး တညီတညွတ်တည်း ဝိုင်းဝန်းကြိုးပမ်းကြပါစို့လို့ တစ်ခဲနက် သန္နိဋ္ဌာန်ပြုအပ်ပါသတည်း။ ။




# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စင်ကာပူလေကြောင်းပြပွဲ တတိယနေ့ ဆက်လက်ကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၈**

စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt. Gen. Perry Lim ၏ ဖိတ်ကြားချက်အရ စင်ကာပူလေကြောင်းပြပွဲသို့ တက်ရောက်ရန်အတွက် စင်ကာပူနိုင်ငံ၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Changi Exhibition Centre ၌ ကျင်းပလျက်ရှိသည့် စင်ကာပူလေကြောင်းပြပွဲ (Singapore Airshow 2018) တတိယနေ့တွင် နိုင်ငံအလိုက် ကုမ္ပဏီများမှ ပြသထားသည့် ပြခန်းများနှင့် အဆင့်မြင့်နည်းပညာသုံး ကာကွယ်ရေးအသုံးအဆောင်ပစ္စည်းပြခန်းများ၊ တိုက်ခိုက်ရေးလေယာဉ်များ၊ ရဟတ်ယာဉ်များ၊ မောင်းသူမဲ့ လေယာဉ်များနှင့် သယ်ယူပို့ဆောင်ရေးလေယာဉ်များကို ကြည့်ရှုလေ့လာသည်။ **(ဝဲပုံ)**

ထို့နောက် လေယာဉ်အလှပြ ပျံသန်းမောင်းနှင်မှုနှင့် စွမ်းရည်သရုပ်ပြ ပျံသန်းမောင်းနှင်မှုများကို ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများအတွက် စားနပ်ရိက္ခာထောက်ပံ့ရေးအခြေအနေများ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်အား ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. David Bartholonew Kaatrud သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ၂၀၀၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် WFP တို့ ပူးပေါင်း၍ နယ်စပ်ဒေသများတွင် စားနပ်ရိက္ခာဖူလုံရေးအတွက် အောင်မြင်စွာ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို အခြေခံသောပြည်ထောင်စုစနစ် တည်ဆောက်နေမှုဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ် ရေရှည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နေရပ်စွန့်ခွာသူများအတွက် စားနပ်ရိက္ခာထောက်ပံ့ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် နိုင်ငံဆိုင်ရာမဟာဗျူဟာအစီအစဉ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများအတွက် စားနပ်ရိက္ခာထောက်ပံ့ရေးအခြေအနေများ၊ ထိုင်းနိုင်ငံဘက်တွင် ရောက်ရှိနေသည့် မြန်မာဒုက္ခသည်များ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာပါက စားနပ်ရိက္ခာထောက်ပံ့ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား UNESCO ရန်ကုန်ရုံးအကြီးအကဲနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား UNESCO ရန်ကုန်ရုံးအကြီးအကဲဖြစ်သူ Ms. Min Jeong Kim နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အကဲဖြတ်မှု အစီရင်ခံစာပါ အကြံပြုချက်များအပေါ် သုံးသပ်ပေးရေးကိစ္စရပ်များ၊ မြန်မာ့မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးစားပေးဆောင်ရွက်မည့် နယ်ပယ်များ၊ သတင်းအချက်အလက် ရယူပိုင်ခွင့် ဥပဒေ(Right to Information Law)ရေးဆွဲနေမှု၊ ရခိုင်ပြည်နယ်သို့ သတင်းမီဒီယာအဖွဲ့များ စေလွှတ်နေမှု၊ မီဒီယာကျင့်ဝတ်မြှင့်တင်ရေးနှင့် မီဒီယာကို ကောင်းမွန်စွာ အသုံးချရေး ပညာပေးအစီအစဉ်(Media Information Literacy)များတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးပေါင်းဖျော်ဖြေတင်ဆက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၏ (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသည် ဖေဖော်ဝါရီ ၁၁ ရက်တွင် ရောက်ရှိမည်ဖြစ်သည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း စုစည်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ရိုးရာဓလေ့ထုံးစံနှင့်အညီ သက်ဆိုင်ရာဒေသအသီးသီး၌ နေထိုင်ကြပုံကို တစ်နေရာတည်း၌ လေ့လာသိရှိနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။ အထိမ်းအမှတ်ဥယျာဉ်၏ နှစ်ပတ်လည်နေ့တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများနှင့်အတူ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိလာကြသော ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့မှ ရိုးရာယဉ်ကျေးမှု အကအဖွဲ့ဝင် တိုင်းရင်းသားများ၏ ဖျော်ဖြေတင်ဆက်မှုများကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။ အထိမ်းအမှတ်ဥယျာဉ် နှစ်ပတ်လည်နေ့အခမ်းအနား ဖျော်ဖြေတင်ဆက်ပွဲသို့ မည်သူမဆို (အခမဲ့) လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာကျောင်းများ၏ နှစ်ဆုံးစာမေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများ၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် နှစ်ဆုံးစာမေးပွဲကို ဒုတိယနေ့အဖြစ် ယနေ့ ဆက်လက်ကျင်းပသည်။

ယခု ကျင်းပသည့် စာမေးပွဲကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ဒုတိယတန်း၊ တတိယတန်း၊ ပဉ္စမတန်း၊ သတ္တမတန်းနှင့် နဝမတန်းများ၏ ကျောင်းတွင်းနှစ်ဆုံးစာမေးပွဲများအဖြစ် ဖြေဆိုကြခြင်းဖြစ်ပြီး နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများနှင့် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ ဖြေဆိုခဲ့ကြကြောင်း သိရသည်။

ထို့အပြင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာအဆင့် စတုတ္ထတန်း နှစ်ဆုံးစာမေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ လည်းကောင်း၊ အဋ္ဌမတန်း စာမေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၆ ရက်အထိ လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ မတ် ၇ ရက်မှ ၁၆ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို မြန်မာတစ်ပြည်လုံး၌ ကျောင်းတွင်း ဖြေဆိုသူ ၅၁၈၀၀၆ ဦးနှင့် ကျောင်းပြင်ပဖြေဆိုသူ ၃၂၆၂၃၁ ဦး စုစုပေါင်း ၈၄၄၂၃၇ ဦး ဖြေဆိုကြမည်ဖြစ်သည်။

ထို့အပြင် အပြစ်ဒဏ်ကျခံနေသည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများမှာ အင်းစိန်ဗဟိုအကျဉ်းထောင်နှင့် မန္တလေးဗဟိုအကျဉ်းထောင်(အိုးဘို)တို့တွင် ဖြေဆိုရမည်ဖြစ်ပြီး ယခုနှစ်တွင် အကျဉ်းထောင်အတွင်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၁၀၂ ဦးရှိကြောင်း သိရသည်။ ယမန်နှစ်က အဆိုပါ အကျဉ်းထောင် နှစ်ခုမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ခုနစ်ဦးရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ **အိမ်ရာတိုက်တာမှ**

**ပင်ပုံကျေးရွာအုပ်စု ရွှေနစ်ရွာအနီး ချောင်းကြီးချောင်းရေလွှဲဆည် တည်ဆောက်ပြီး ခုနစ်လအတွင်း ပျက်စီးသွားခြင်းကိစ္စအား မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါရေလွှဲဆည်၏ ပျက်စီးနေသော အပိုင်းများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင်စတင်၍ မင်းပြည့်စုံကုမ္ပဏီမှ တာဝန်ယူပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ရာ ပြုပြင်ခြင်း လုပ်ငန်းအားလုံး ပြီးစီးသွားပြီဖြစ်ပါကြောင်း၊ နောင်တွင် ယခုကဲ့သို့ တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာနည်းပညာရပ်ဖြင့် ဆောင်ရွက်အကောင်အထည်ဖော်သည့် ဌာနများမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက် သင့်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးသို့ အသိပေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက **“မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်း”** ကို တင်သွင်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားသည်။

ယင်းနောက် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် တင်သွင်းထားသည့် **“စက်မှုလယ်ယာစနစ် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်အောင်မြင်ရန်အတွက် ဧကကွက်များ ဖော်ထုတ်ခြင်းလုပ်ငန်းကို အမြန်ဆုံးအရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးတို့က ဆွေးနွေးကြသည်။

**လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး**က အဆင့်မြင့်လယ်ယာမြေဧကကွက်များ ဖော်ထုတ်ခြင်းဖြင့် လယ်ယာမြေကွက် တစ်ကွက်ချင်းအလိုက် ရေကိုလိုအပ်သလို အထုတ်အသွင်းပြုနိုင်ခြင်း၊ လယ်ကွက်တိုင်းတွင် ကိုယ်ပိုင်ကုန်ထုတ်လမ်း၊ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများ ရှိလာခြင်း၊ ပုံစံမကျဘဲ ပြန့်ကျဲနေသောလယ်ကွက်များကို ပုံစံကျသော လေးထောင့်ကွက်များအဖြစ် ပြောင်းလဲပေးနိုင်ခြင်း၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ခြင်း၊ သီးနှံအထွက်နှုန်းတိုးတက်ခြင်း၊ လယ်ယာလုပ်သား လိုအပ်ချက်များကို လျှော့ချနိုင်ခြင်း၊ ပိုလျှံလာသော လုပ်သားအင်အားများကို အခြားကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုနိုင်ခြင်း၊ ရိတ်သိမ်းစရိတ်ကို လျှော့ချနိုင်ခြင်း၊ လေလွင့်ဆုံးရှုံးမှုများကို သက်သာစေခြင်း၊ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာခြင်း စသည့် အကျိုးကျေးဇူးကို ရရှိစေပါကြောင်း ဆွေးနွေးသည်။

**ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင်**က ခေတ်မီစိုက်ပျိုးရေးနည်းပညာများကြောင့် အထွက်နှုန်းသိသာစွာတိုးလာပြီး ရရှိလာမည့် အကျိုးကျေးဇူးများကို တောင်သူများ တိုက်ရိုက်ခံစားကြရမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း လယ်ယာမြေများကို အဆင့်မြှင့်ရာတွင် ကုန်ထုတ်လမ်းများ၊ ရေနုတ်မြောင်းများ ထည့်သွင်းဖော်ဆောင်ရမည်ဖြစ်သည့်အတွက် တောင်သူများထည့်ဝင်ထားသည့် လယ်ဧကအပြည့်ပြန်မရနိုင်ဘဲ ဧကလျော့နည်းသွားသည့်အတွက် လုပ်ငန်းဖော်ဆောင်ရာတွင် တောင်သူများ တွန့်ဆုတ်သွားနိုင်ပါကြောင်း၊ မြေယာအငြင်းပွားမှုများဖြစ်ပေါ်လာပါက ဖြေရှင်းပေးရမည့်ကိစ္စများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း**က လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ချီတက်မည်ဟု ကြွေးကြော်သည်မှာ နှစ်ပေါင်း ၅၀ နီးပါးရှိနေပြီဖြစ်ပါကြောင်း၊ ယနေ့အချိန်ထိ လက်တွေ့မလုပ်ဆောင်နိုင်သေးပါကြောင်း၊ အိမ်ရာတိုက်တာဆောက်လုပ်ခြင်းထက် လယ်ယာအဆင့်မြင့်မြေကွက်များ ဖော်ထုတ်ခြင်းက ပိုပြီးအရေးကြီးပါကြောင်း၊ ရာသီဥတုဖောက်ပြန်ခံရမည့် အဆင့်(၂)ရှိသည့် မြန်မာနိုင်ငံသည် စက်မှုလယ်ယာအဆင့်ရောက်အောင် ဆောင်ရွက်မှသာ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ကျော်ဖြတ်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်၊ လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ၊ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း၊ သာယာဝတီမဲဆန္ဒနယ်မှ ဦးအောင်မြင့်၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်းနှင့် ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးငြေမင်းသိန်းတို့ကလည်း အကြံပြုဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က နိုင်ငံတော်အနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ စနစ်ကျလယ်ယာမြေ စုစုပေါင်း ဧက ၆၂၇၀၀ ကျော်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းတွင် ရေသွင်းရေထုတ်မြောင်းများ၊ ကုန်ထုတ်လမ်းများပါရှိပြီး ထောင့်မှန်စတုဂံပုံဧကကွက်များကို မြေညီညာမှုရှိအောင် ဖော်ထုတ်ရခြင်းဖြစ်ပါကြောင်း၊ ကုန်ကျစရိတ် များပြားမှုရှိပါကြောင်း၊ လယ်မြေအနေအထားအပေါ် မူတည်ပြီး တစ်ဧကလျှင် ကုန်ကျစရိတ်ကျပ် ၁၂ သိန်းမှ သိန်း ၂၀ ထိ ကျသင့်မှုရှိပါကြောင်း၊ တောင်သူများ၏အခြေအနေမှာ ကုန်ကျစရိတ်ကျခံနိုင်မှုအင်အားနည်းသည့်အတွက် နိုင်ငံတော်က အခမဲ့ဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးမြေဧရိယာများပြားသည့်အတွက် ရေရှည်အခမဲ့ဖော်ထုတ်ဆောင်ရွက်ပေးရန် အခက်အခဲရှိနိုင်ပါကြောင်း၊ လက်ရှိဖော်ထုတ်ဆောင်ရွက်မှုအတွေ့အကြုံများအရ တောင်သူတစ်ဦးချင်း၏ ပိုင်ဆိုင်မှုမှာ ဧကအနည်းငယ်သာဖြစ်သည့်အတွက် တစ်ကွင်းတစ်စပ်တည်းဖော်ထုတ်ရန် စည်းရုံးဆောင်ရွက်ရာတွင် တောင်သူအားလုံး၏ သဘောတူညီမှုရှိရေးသည် အဓိကအချက်ဖြစ်ပါကြောင်း၊ အများစု သဘောတူညီသော်လည်း ကန့်ကွက်သူများပါဝင်နေသည့်အတွက် စည်းရုံးဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်ရန် ဆုံးဖြတ်ခဲ့သည်။

**ကျော်သူထက်(သတင်းစဉ်)**

○ **တိုက်ပွဲရှောင်ပြည်သူမှ**

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းက အဆိုထဲတွင် သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းဟု ဖော်ပြပါရှိပါကြောင်း၊ ပျက်စီးဆုံးရှုံးရသည်ဆိုသည်မှာ မထိန်းသိမ်း၊ မကာကွယ်၊ မစောင့်ရှောက်နိုင်ဟု ယေဘုယျအားဖြင့် ပြောရမည်ဖြစ်ပါကြောင်း၊ မည်သည့်အတွက်ကြောင့် မထိန်းသိမ်းမကာကွယ်မစောင့်ရှောက်နိုင်သည်ကို အလေးထားသုံးသပ်ရန် လိုပါကြောင်း၊ မိမိအနေဖြင့် အချက် ငါးချက် သုံးသပ်မိပါကြောင်း၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံနိုင်မှုငွေကြေး အားနည်းခြင်း၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်နှင့် စနစ်တကျရေရှည်အသုံးပြုနိုင်ရန်အတွက် ဥပဒေများ ပြည့်စုံလုံလောက်မှုမရှိခြင်း သို့မဟုတ် ပြဋ္ဌာန်းပြီး ဥပဒေများ အားနည်းချက်ရှိခြင်း၊ ဥပဒေအားနည်းချက်များအပေါ် အခွင့်ကောင်းယူကာ ဝိသမလောဘသားများနှင့် လုပ်ပိုင်ခွင့်ရှိသူများပူးပေါင်းပြီး အလွန်အကျွံထုတ်ယူကိုယ်ကျိုးရှာခဲ့ကြခြင်း၊ သဘာဝသယံဇာတပေါကြွယ်ဝသည့်ဒေသများတွင် တရားဥပဒေမစိုးမိုးနိုင်ခြင်း၊ ပုံမှန်ငြိမ်းချမ်းနေသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အစိုးရဌာနလုပ်ပိုင်ခွင့်ရှိသူတချို့ အဂတိလိုက်စားခြင်း၊ တာဝန်ပေါ့လျော့ခြင်း၊ အလုပ်ရှုပ်မခံလိုခြင်းများကြောင့် သဘာဝသယံဇာတလိုင်စင်မဲ့၊ စည်းကမ်းမဲ့ထုတ်လုပ်ခြင်းများကို ဥပဒေနှင့်အညီ မဆောင်ရွက်ခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ ဥပဒေကို မျက်ကွယ်ပြုလုပ်ခဲ့ကြသည့် စီးပွားရေးလုပ်ငန်းများ၏အရှိန်သည် ယနေ့အချိန်ထိ အားကောင်းဆဲဖြစ်နေသောကြောင့် ထိုအခြေအနေများကို ရပ်တန့်ရန်အတွက် မိမိတို့ ကြိုးစားရုန်းကန်ရဆဲဖြစ်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်များရှိလျက်နှင့် တာဝန်ရှိသူများက လုပ်၍ရသည်များကို လုပ်ရန် နှောင့်နှေးပျက်ကွက်မှုများ ရှိနေကြသည့်အတွက် မိမိတို့အနေဖြင့် ထောက်ပြဝေဖန်တိုက်တွန်းကြခြင်းဖြစ်ကြောင်း ဆွေးနွေးသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းတို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

အခွန်အယူခံခုံအဖွဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားလွှတ်တော်ရှေ့နေများကောင်စီ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် IDEA တို့ ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိအမြင် ဗဟုသုတများ ကျယ်ပြန့်လာစေရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းဆိုင်ရာ အတွေးအခေါ်များ မြင့်မားလာစေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သုတေသနလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် Institute For Democracy and Electoral Assistance (IDEA)တို့ ပူးပေါင်း၍ “ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ဖက်ဒရယ်စနစ်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ” ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်တွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်က အဖွင့်အမှာစကားပြောကြားပြီး International IDEA မှ ဌာနေကိုယ်စားလှယ် Mr. Mark McDowell က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ခုံရုံးသုတေသနအဖွဲ့မှ အရာရှိများ၊ IDEA မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်၌ ပညာဒါန ပန်းချီသင်တန်း ဖွင့်လှစ်မည်

**ဖျာပုံ ဖေဖော်ဝါရီ ၈**

မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံး(ဖျာပုံ)နှင့် ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်တို့ ပူးပေါင်း၍ နွေရာသီ ပညာဒါန အခြေခံပန်းချီသင်တန်းကို မတ် ၁ ရက်တွင် ဖျာပုံမြို့ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် တိုးချဲ့ဆောင်သစ်၌ ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါသင်တန်းသည် ဖျာပုံမြို့၌ စတုတ္ထအကြိမ်မြောက် ဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး ဖျာပုံမြို့ခံ ပန်းချီဆရာများက ကျောင်းသား ကျောင်းသူများအတွက် အခြေခံပုံဆွဲ၊ အခြေခံရေဆေးပန်းချီရေးဆွဲခြင်းကို သင်ကြားပေးမည်ဖြစ်သည်။

နွေရာသီ အခမဲ့ ပညာဒါန အခြေခံပန်းချီသင်တန်းသို့ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုသူများသည် ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်သို့ ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းကြပါရန် မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဖျာပုံမြို့နယ်)က နှိုးဆော်ဖိတ်ခေါ်ထားကြောင်းသိရသည်။

**သူဇာနွယ်(ဖျာပုံ)**

**✳ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ**

မိမိတို့ကျရာကဏ္ဍမှ ပေးအပ်သည့်တာဝန်များကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် တရားရုံးအဆင့်ဆင့်၏ တာဝန်သိ တာဝန်ခံယူမှု၊ အနီးကပ်ကြီးကြပ်မှု၊ စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်မှုများဖြင့် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တရားစီရင်ရေးစနစ်ကို တည်မြဲစေသောအရာသည် တရားရုံးများ၏ လွတ်လပ်မှု၊ တရားသူကြီးများ၏ ဖြောင့်မတ်တည်ကြည်မှု၊ တရားရုံးများ၏ လုပ်ငန်းစဉ်များ သမာသမတ်ကျမှုနှင့် ထိရောက်မှုတို့ကို အများပြည်သူမှ ယုံကြည်ကိုးစားမှုပင်ဖြစ်ကြောင်း၊ အများပြည်သူ၏ ယုံကြည်ကိုးစားမှုကို ထိန်းသိမ်းထားနိုင်ရန်အတွက် တရားသူကြီးများသည် ကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာပြီး လုပ်ငန်းတာဝန်များကို တာဝန်သိသိ စေတနာမှန်မှန် တာဝန်ကျေကျေဖြင့် ဆောင်ရွက်သွားကြမှသာ ပြည်သူ့အကျိုးပြု တရားစီရင်ရေး ဖြစ်ထွန်းနိုင်မှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး မှုခင်းများ စစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်း၍ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်**မှာ ရာဇဝတ်အမှုပေါင်း ၁၅၄၃ မှု လက်ခံရရှိပြီး ၁၃၂၂ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၂၅၀၃ မှု လက်ခံရရှိပြီး ၂၂၁၄ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ ထို့ပြင် စာချွန်တော်လျှောက်ထားမှု ၂၉၈ မှု လက်ခံရရှိပြီး ၂၈၇ မှု စစ်ဆေးပြီးပြတ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ် **တရားလွှတ်တော်များမှာ** ရာဇဝတ်အမှုပေါင်း ၆၂၀၂ မှု လက်ခံရရှိပြီး ၅၇၀၆ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၆၀၄၀ လက်ခံရရှိပြီး ၅၀၇၁ မှု စစ်ဆေးပြီးပြတ်ကြောင်း။

**ခရိုင်တရားရုံးများမှာ** ရာဇဝတ်အမှုပေါင်း ၂၀၄၇၈ မှု လက်ခံရရှိပြီး ၁၈၈၂၀ စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၁၂၆၄၄ မှု လက်ခံရရှိပြီး ၁၁၂၃၈ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **မြို့နယ်တရားရုံးများမှာ** ရာဇဝတ်အမှုပေါင်း ၃၆၅၂၅၆ မှု လက်ခံရရှိပြီး ၃၅၅၃၅၁ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၂၇၂၈၇ မှု လက်ခံရရှိပြီး ၂၄၂၂၇ မှု စစ်ဆေးပြီးပြတ်ကြောင်း။

ဥပဒေအရတည်ထောင်သော အခြားတရားရုံးများဖြစ်သည့် **ကလေးသူငယ်တရားရုံး** (ရန်ကုန်နှင့် မန္တလေး)မှာ ကလေးသူငယ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၄၅၀ လက်ခံရရှိပြီး ၄၀၉ မှု စစ်ဆေးပြီးပြတ်ကြောင်း။

**စည်ပင်သာယာတရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)တို့မှာ စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း ၂၃၀၈၁ မှု လက်ခံရရှိပြီး ယခင်နှစ် အမှုလက်ကျန် ၂၂ မှု အပါအဝင် ၂၃၁၀၃ မှု စစ်ဆေးပြီးပြတ်ကြောင်း။

**မော်တော်ယာဉ်တရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)တို့မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်၍ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း ၁၄၆၂၉၆ မှုကို စစ်ဆေးစီရင်ခဲ့ကြောင်း၊ ထို့ကြောင့် မှုခင်းများ စစ်ဆေးစီရင်ရာတွင် အမှန်တရားပေါ်ပေါက်အောင် တွေးတောကြံဆ၍ ဥပဒေနှင့်အညီ စစ်ကြောစီရင် အဆုံးအဖြတ်ပြုကြရန်ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၁၇ ခုနှစ်အတွင်း ရှေ့နေအသိအမှတ်ပြုလက်မှတ် ပေးအပ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ၂၃၅၂ ဦးကို တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခဲ့ပြီး ၈၇၉ ဦးကို အထက်တန်းရှေ့နေ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခဲ့ကြောင်းဖြင့် ပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ တက်ရောက်ကြသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်စေရန် စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်၍ လိုအပ်ချက်များကို မွမ်းမံဆောင်ရွက်သွားရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂) မူကြမ်းအား လေ့လာသုံးသပ်ခြင်းနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုခြင်းဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များဖြစ်သည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့် ရွေးကောက်ပွဲအရာရှိများ၊ International Foundation for Electoral Systems (IFES)မှ တာဝန်ရှိသူများနှင့် Internationl IDEA မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အစည်းအဝေး ပထမနေ့တွင် မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)ကို လေ့လာသုံးသပ်ဆွေးနွေးသွားမည်ဖြစ်ပြီး ဒုတိယနေ့တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်အတွက် ရွေးကောက်ပွဲများသည် အခြေခံဖြစ်ကြောင်း၊ ရွေးကောက်ပွဲမှ ရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများကို စီမံ၍ နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏ ဝင်ပေါက်ဟု ဆိုနိုင်ပါကြောင်း။

ရွေးကောက်ပွဲများသည် အလွန်အရေးပါကြောင်း၊ ရွေးကောက်ပွဲတစ်ခု အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စနစ်တကျ ကြိုတင်စီမံဆောင်ရွက်ရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အပိုင်းသုံးပိုင်းရှိပါကြောင်း၊ ပထမအပိုင်းမှာ ရွေးကောက်ပွဲအကြိုကာလဖြစ်ပြီး ဒုတိယအပိုင်းမှာ ရွေးကောက်ပွဲကျင်းပခြင်းနှင့် တတိယအပိုင်းမှာ ရွေးကောက်ပွဲပြီးနောက် ရွေးကောက်ပွဲ၌ ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲ အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာအမှုများကို စစ်ဆေးဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် ရွေးကောက်ပွဲများ၏ အားသာချက်၊ အားနည်းချက်များကို ပြည်တွင်းနှင့် နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူများ၊ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ စသည့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သူအားလုံးတို့နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ထိုတွေ့ဆုံဆွေးနွေးပွဲများမှရရှိခဲ့သည့် သုံးသပ်အကြံပြုချက်များအပေါ် အခြေခံ၍ မဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂)ကို ကော်မရှင်နှင့် IFES တို့ ပူးပေါင်း၍ ရေးဆွဲခဲ့ပါကြောင်း၊ ယခု မဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂)တွင် အခန်း ၁၁ ခန်း ပါရှိပါကြောင်း၊ မဟာဗျူဟာစီမံချက်တွင် ရေးဆွဲထားသည့် လုပ်ငန်းစဉ်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်ချိတ်ဆက်လျက်ရှိပါကြောင်း။

မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် အဓိကလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် ရေးဆွဲထားပါကြောင်း၊ ရွေးကောက်ပွဲများတွင် ကော်မရှင်၏ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်စေရန် စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်၍ လိုအပ်ချက်များကို မွမ်းမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အစည်းအဝေး တက်ရောက်လာသူများ အနေဖြင့် မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)ကို ပိုမိုပြည့်စုံကောင်းမွန်စေရန် ကဏ္ဍအလိုက် ပါဝင်သည့် အချက်အလက်များအား သုံးသပ်ဆွေးနွေးအကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂) မူကြမ်းအား စီမံကိန်းပါ အခန်းတစ်ခုချင်းစီအလိုက် အဖွဲ့သုံးဖွဲ့ခွဲ၍ သုံးသပ်ခြင်းကို ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးအား ဖေဖော်ဝါရီ ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် နာယကအား အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် နာယက ဒေါက်တာတင်မျိုးဝင်းအား အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဥက္ကဋ္ဌ Mr.Paul Parkinson နှင့်အဖွဲ့ဝင်များက ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် နာယက ဒေါက်တာတင်မျိုးဝင်းက အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဥက္ကဋ္ဌနှင့် ဒေသဆိုင်ရာဒါရိုက်တာအဖွဲ့ဝင်များ မြန်မာနိုင်ငံသို့ လာရောက်ကြသဖြင့် ကြိုဆိုပါကြောင်း၊ မိမိတို့ ငယ်စဉ်က ကင်းထောက်လုလင်များပေါ်ပေါက်ခဲ့ကြောင်း၊ ကင်းထောက်များသည် လူမှုရေးကူညီရှင်များဖြစ်ပြီး သန့်ရှင်းစင်ကြယ်သောလုပ်ငန်းဖြင့် ကူညီသူများဖြစ်၍ ကြည်နူးဝမ်းမြောက်ပါကြောင်း၊ ယခုကင်းထောက်မောင်မယ်များသည် မိမိတို့၏ ကျန်းမာရေးကူညီသည့် အကျိုးပြုလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်သဖြင့် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီက ကြီးမှူး၍ ငြိမ်းချမ်းရေးနှင့် ဆက်နွှယ်ဆောင်ရွက်ရမည့်၊ ဆောင်ရွက်သင့်သည့် လုပ်ရပ်များ တွေးခေါ်မြော်မြင်မှုများကို မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးသဖြင့် ယခုအချိန်အခါ ကင်းထောက်လုပ်ငန်းများကို သုံးသပ်ပြောရမည်ဆိုပါက လူမှန်၊ နေရာမှန်၊ အချိန်ကာလမှန်ဖြစ်သော သင်တန်းမျိုးဖြစ်သဖြင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီကို အထူးပင် ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဥက္ကဋ္ဌ Mr. Paul Parkinson ကလည်း အာရှ-ပစိဖိတ်ဒေသဆိုင်ရာကင်းထောက်ကော်မတီအနေဖြင့် အချိန်တိုအတွင်း မြန်မာနိုင်ငံကင်းထောက်အဖွဲ့အနေဖြင့် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည့်အတွက် ဂုဏ်ပြုချီးကျူးပါကြောင်း၊ မိမိတို့ ကော်မတီအနေဖြင့် ယခုဖွင့်လှစ်လျက်ရှိသည့် နိုင်ငံတွင်း ငြိမ်းချမ်းရေးသံတမန် ညှိနှိုင်းရေးမှူးများ သင်တန်းကဲ့သို့ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်နိုင်ရေးနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပသည့် ကင်းထောက် ဂျန်ဘူရီတွေ့ဆုံပွဲ ပြည်ပလေ့လာရေးခရီးစဉ်များကို မြန်မာနိုင်ငံကင်းထောက်အဖွဲ့ဝင်များ တက်ရောက်နိုင်ရေး အပါအဝင် လိုအပ်သည့် လုပ်ငန်းများကို အကောင်းဆုံး ကူညီဆောင်ရွက်ပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် နံနက် ၉ နာရီက ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နာယက ဒေါက်တာတင်မျိုးဝင်းသည် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ နိုင်ငံတွင်းငြိမ်းချမ်းရေးသံတမန် ညှိနှိုင်းရေးမှူးများ၊ သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသားများနှင့် နိုင်ငံတကာမှ သင်တန်းနည်းပြ ဆရာများ လက်တွေ့လေ့ကျင့်သင်ကြားပြသမှုများကို ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

နံနက် ၁၁ နာရီတွင် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဥက္ကဋ္ဌ Mr. Paul Parkinson ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် ကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ဒုတိယကင်းထောက်ချုပ် ဦးသာစိန်နှင့် ကင်းထောက်ကော်မတီဝင်များ၊ ကင်းထောက်ကြီးများ တွေ့ဆုံ၍ မြန်မာနိုင်ငံ ကင်းထောက်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပရာ ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက မြန်မာနိုင်ငံ၏ ကင်းထောက်လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ အားနည်းချက်၊ အားသာချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြသည်။



ဆက်လက်၍ အာရှ-ပစိဖိတ်ဒေသဆိုင်ရာကင်းထောက်ကော်မတီဥက္ကဋ္ဌ Mr.Paul Parkinson နှင့်အဖွဲ့က ကမ္ဘာ့ကင်းထောက်အဖွဲ့၏ လုပ်ငန်းစဉ်များ၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ ပူးပေါင်းဆောက်ရွက်နိုင်မည့် အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**● တံတားဦးမှ**

ပြန်လည်ခေါ်ဆောင်သွားကြောင်း တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အုပ်ချုပ်ရေးဌာနမှူး ဦးကျော်ဆန်းက ပြောသည်။

“အရေးပေါ်ဆင်းသက်ဖို့ ကျွန်တော်တို့ဆီ အကူအညီတောင်းအကြောင်းကြားတဲ့အခါ မီးသတ်နဲ့ အခြားအဖွဲ့အစည်းတွေက အရန်သင့်စောင့်နေတယ်၊ ဆင်းလာတဲ့အခါမှာတော့ လိုက်ပါလာသူတွေ တစ်စုံတစ်ယောက်မှ ထိခိုက်မှုမရှိပါဘူး၊ ခရီးသည်တွေကို ကျွန်တော်တို့ လေဆိပ်ထဲမှာပဲ နားခိုင်းထားပြီး လိုအပ်တာတွေ အကုန်လုံး ကူညီပေးလိုက်ပါတယ်”ဟု ၎င်းကပြောသည်။

အရေးပေါ်ဆင်းသက်ခဲ့သော Air Bus 330 လေယာဉ်သည် လက်ဝဲဘက်အင်ဂျင်ပန်ကာဒလက်နှစ်ချောင်း ကျိုးသွားခဲ့ပြီး အင်ဂျင်တစ်ခုလုံး လဲလှယ်ရမည်ဖြစ်သောကြောင့် ပြုပြင်ရန်အတွက် အဆိုပါလေကြောင်းလိုင်းမှ အင်ဂျင်နီယာများကို စောင့်ဆိုင်းနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား) ဓာတ်ပုံ-အင်တာနက်**

# ပြည်ထောင်စုနေ့အပါအဝင် ရုံးပိတ်ရက်သုံးရက် ဘယ်မှာအပန်းဖြေအနားယူကြမလဲ

**ဖေဖော်ဝါရီ၁၀၊၁၁၊၁၂ရက်သည် စနေ၊တနင်္ဂနွေနေ့အပြင် ပြည်ထောင်စုနေ့နှင့်ပါတိုက်ဆိုင်နေ၍အများပြည်သူတို့အတွက် ရုံးပိတ်ရက်သုံးရက်တစ်ဆက်တည်းဖြစ်သွားခဲ့သည်။ ယှဉ်ပြိုင်မှုများနှင့်တည်ဆောက်ထားသည့်ယနေ့ကမ္ဘာတွင် အဆိုပါ အများပြည်သူရုံးပိတ်ရက်သုံးရက်မှာ နိုင်ငံ့ဝန်ထမ်းများနှင့်ကုမ္ပဏီဝန်ထမ်းများအဖို့ ကိုယ့်အတွက်သာမကမိသားစုဘဝအတွက်ပါတန်ဖိုးကြီးမားကြပါလိမ့်မည်။ အချို့ကလည်း ရပ်ဝေးနယ်ဘုရားဖူးခရီးစဉ်များ၊ အနားယူအပန်းဖြေခရီးစဉ်များ သွားရောက်ကြရန်စီစဉ်နေကြသည်။ အချို့ကလည်းတရားစခန်းရက်တိုဝင်၍ဘာဝနာအမှုကိုပြုကြမည်။ အချို့မှုကား မိမိအိမ်ဂေဟာအတွင်း၌သာ မိသားစုနှင့်အတူအနားယူအပန်းဖြေကြမည်။**

မည်သို့ဆိုစေ ရန်ကုန်မြို့သည် ပြည်တွင်းပြည်ပကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများ အများအပြားအခြေစိုက်ရာ စီးပွားရေးမြို့တော်ဖြစ်သည့်အားလျော်စွာ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၊ ပြည်သူ့ရင်ပြင်၊ ကန်တော်ကြီးသဘာဝဥယျာဉ်၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာများအပါအဝင် မဟာရန်ကုန်၏အထင်ကရနေရာများသည်လည်း နိုင်ငံ့ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊မိသားစုများ၏အနားယူအပန်းဖြေမှုများနှင့်အတူ စည်ကားသက်ဝင်လာမည်ဖြစ်သည်။

သို့နှင့် မြန်မာ့သတင်းစဉ်က အများပြည်သူရုံးပိတ်ရက်သုံးရက်တာကာလအတွင်း လူမှုဘဝစတိုင်အလိုက် ကိုယ်စီကိုယ်ငအနားယူအပန်းဖြေကြမည့် ပြည်သူအချို့၏စကားသံများကို ကောက်နုတ်ဖော်ပြလိုက်ရပါသည်။

**ဦးမော်နိုင်ထွန်း (ဦးစီးအရာရှိ)**
**ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး**

ဝန်ထမ်းဘဝဆိုတာ များသောအားဖြင့် ရုံးပိတ်ရက်တွေမှာ မိသားစုနဲ့အတူအိမ်မှာ ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းကြရတာများပါတယ်။ တချို့တွေကတော့ မိသားစုနဲ့ ဘုရားဖူးသွားတာမျိုးရှိသလို မြို့တွင်းလည်ပတ်ကြတာမျိုးလည်းရှိပါတယ်။ ကျွန်တော်တို့မိသားစုအနေနဲ့ကတော့ ပိတ်ရက်မှာ မြို့တွင်းဘုရားဖူးသွားတာများပါတယ်။ အဲဒီလိုနေ့တွေမှာ အလှူအတန်းတွေလည်း လုပ်ဖြစ်ပါတယ်။ ဒီတစ်ခါရုံးပိတ်ရက်မှာတော့ မိသားစုနဲ့အတူ မြို့တွင်းဘုရားဖူးသွားမယ်။ ပြည်ထောင်စုနေ့မှာတော့ မဟာဗန္ဓုလပန်းခြံမှာလုပ်မယ့် ပြည်ထောင်စုနေ့အခမ်းအနားကိုသွားကြည့်မယ်။ အဲဒီကနေပြန်ရင် ကိုယ်ဖတ်ချင်တဲ့စာအုပ်တွေသွားဝယ်မယ်လို့စိတ်ကူးထားပါတယ်။ အခုလိုရုံးပိတ်ရက်မှာ မိသားစုအတွက် ပျော်ရွှင်မှုတွေလုပ်ပေးမယ်။ ကိုယ့်အတွက်လည်း ဗဟုသုတရှာမှီးတဲ့အနေနဲ့ စာဖတ်မယ်။ ကုသိုလ်ရတဲ့အလုပ်တွေကိုလည်း လုပ်သွားမယ်လို့စိတ်ကူးထားပါတယ်။

**ဒေါ်ရည်ရည်မွန် (ရုပ်သံကျွမ်းကျင်-၃)**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မရမ်းကုန်းမြို့နယ်**

ဒီတစ်ပတ်မှာ ပြည်ထောင်စုနေ့ အပါအဝင် ရုံးသုံးရက်ပိတ်ပါတယ်။ ရုံးပိတ်ရက်နှစ်ရက်မှာ မိသားစုနဲ့အတူ အိမ်မှာပဲမုန့်တစ်ခုခုလုပ်စားပြီး ပျော်ပျော်ရွှင်ရွှင်နေမယ်။

ပြည်ထောင်စုနေ့မှာတော့ ဌာနအနေနဲ့ အခမ်းအနားတက်မယ်။ ပြည်သူတွေအတွက် ပြည်ထောင်စုနေ့နဲ့ပတ်သက်တဲ့ အသိပညာပေးလက်ကမ်းစာစောင်တွေ ဝေငှသွားမယ်။

အရင်တုန်းကရုံးပိတ်ရက်တွေမှာ မိသားစုနဲ့အတူ အိမ်မှာပဲနေတာများပါတယ်။ အခုလာမယ့်ရုံးပိတ်ရက်မှာတော့ ကုသိုလ်ကောင်းမှု အလုပ်တွေလုပ်ဖို့ စိတ်ကူးထားပါတယ်။ ဒါ့အပြင် ပြည်သူတွေ ဗဟုသုတရှိအောင် လက်ကမ်းစာစောင်တွေဝေပေးဖို့ ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေပါတယ်။ ကိုယ့်ရဲ့ကိုယ်ပိုင်ရုံးပိတ်ရက်မှာ ပြည်သူတွေ ဗဟုသုတရှိအောင် လုပ်ဆောင်ခွင့်ရှိတဲ့အတွက်လည်း ဝန်ထမ်းတစ်ယောက်အနေနဲ့ ဝမ်းသာဂုဏ်ယူမိပါတယ်။ မတ်လရုံးပိတ်ရက်မှာတော့ မိသားစုနဲ့အတူ ဘုရားဖူးခရီးထွက်ဖို့စိတ်ကူးထားပါတယ်။

**ဆရာဦးကျော်မင်း( အငြိမ်းစား ပညာရေးဝန်ထမ်း )**

ဆရာကြီးကတော့ နယ်ကပြောင်းလာတာ မကြာသေးတဲ့အတွက် ပတ်ဝန်းကျင်နဲ့ ထိတွေ့မှုနည်းပါတယ်။ မိသားစုတွေထဲမှာ အစိုးရပညာရေးဝန်ထမ်းနဲ့ ပုဂ္ဂလိကဝန်ထမ်းတွေရှိတဲ့အတွက် ရုံးပိတ်ရက်တွေမှာ မိသားစု စုံစုံလင်လင်ဖြစ်အောင် အိမ်မှာပဲနေကြတာများပါတယ်။ အဲဒီလိုနေတဲ့အခါမှာလည်း မိသားစုအရေးတွေကို အေးအေးဆေးဆေး ဆွေးနွေးကြတယ်။ ဆွေးနွေးတဲ့အခါထွက်ပေါ်လာတဲ့ရလဒ်တွေအပေါ် အုပ်ထိန်းသူတစ်ဦးအနေနဲ့ လိုအပ်ချက်တွေကိုလမ်းညွှန်မှုပေးပါတယ်။ သားသမီးတွေအနေနဲ့လည်း ရုံးပိတ်ရက်တွေမှာ များသောအားဖြင့် အိမ်မှာပဲနေကြတာများပါတယ်။ အဲဒီလိုနေတဲ့အခါမှာလည်း စာပေဖတ်ရှုလေ့လာတာမျိုးများတွေပဲလုပ်ကြတာပါတယ်။ သင်္ကြန်လို အခါကြီးရက်ကြီးတွေမှာတော့ ကိုယ့်ရဲ့မွေးရပ်မြေကို ပြန်ပြီး အလှူအတန်းလုပ်တာမျိုးတွေတော့ရှိပါတယ်။ ပင်စင်စား အငြိမ်းစားတစ်ဦးအနေနဲ့ သားသမီးတွေ ရုံးပိတ်ရက်မှာ အတူတကွ စကားပြောခွင့်ရပြီး ကလေးတွေအတွက် ဘာသာရေးအသိတရားတွေကို ပြောခွင့်ရတဲ့အတွက် ဆရာတို့မိသားစုအတွက်ကတော့ ရုံးပိတ်ရက်တိုင်းဟာ အဓိပ္ပာယ်ရှိပါတယ်။

**မဇင်မာ (ကုမ္ပဏီအရောင်းဝန်ထမ်း)Ever Seiko Co.,ltd.**

ဒီတစ်ပတ်မှာတော့ ရုံးပိတ်ရက်သုံးရက်ရှိတဲ့အတွက် သူငယ်ချင်းတွေနဲ့ ခရီးထွက်ဖို့စီစဉ်ထားပါတယ်။ စိတ်ပင်ပန်းနွမ်းနယ်မှုတွေကိုပြေပျောက်အောင် ကမ်းခြေတစ်ခုကိုသွားရောက်လည်ပတ်မှာပါ။ မတွေ့ရတာကြာပြီဖြစ်တဲ့ သူငယ်ချင်းတွေနဲ့အတူ စုပေါင်းပြီးသွားမှာဆိုတော့ ပျော်စရာတော့ကောင်းမှာပါ။ ဒေသန္တရ ဗဟုသုတတွေလည်းအများကြီးရမယ်လို့ထင်ပါတယ်။ အရင်ရုံးပိတ်ရက်တွေမှာကတည်းက ခရီးထွက်ဖို့စီစဉ်ခဲ့တာပါ။ အဲဒီတုန်းက မသွားဖြစ်တဲ့အတွက် အခုလိုရုံးသုံးရက်ပိတ်တဲ့ အချိန်ကိုရွေးပြီး ခရီးထွက်ဖို့စီစဉ်ခဲ့တာပါ။ ပြည်ထောင်စုနေ့မှာ ကမ်းခြေတစ်နေရာကို ရောက်နေမှာဆိုတော့ ဒါဟာလည်း ရုံးပိတ်ရက်တွေထဲက အမှတ်တရတစ်ခုဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။

**ဒေါ်ဆွေဇင်သိန်းတန် (Sunshine Store House of Liquor)**

ဒီပိတ်ရက်သုံးရက်ကိုတော့တောင်ကြီး၊ကလော၊အင်းလေးသွားဖို့ရှိပါတယ်။ မိသားစုနဲ့ပေါ့၊သမီးလေးရယ်၊သားလေးရယ်ပါမှာပါ။ အမျိုးသားကုမ္ပဏီကလည်း ပိတ်ရက်ဆိုတော့သွားဖြစ်တာပါ။ကလေးတွေကကျောင်းနေတဲ့အရွယ်မဟုတ်သေးတော့ပိတ်ရက်တိုင်းခရီးကခဏခဏသွားဖြစ်တယ်လေ။ ခုအချိန်က ရာသီဥတုကလည်းအလွန်မအေးဘူးဆိုတော့သွားဖြစ်ကြတာပါ။ခရီးသွားရတာကို ကြိုက်တယ်။ ခရီးသွားတော့စိတ်လည်းအပန်းပြေမှုတွေရတယ်၊ မိသားစုနဲ့ဆိုတော့ပိုပြီးစိတ်လည်းချမ်းသာရတယ်။ ကိုယ်မရောက်ဖူးသေးတဲ့ နေရာတွေမှာလမ်းလျှောက်ရတာကပိုပျော်ဖို့ကောင်းပါတယ်။ ဘုရားတွေဖူးလိုက်၊ စားလိုက်သောက်လိုက်နဲ့ပျော်စရာအချိန်တွေကိုပိုင်ဆိုင်ရမှာပါ။

**ကိုသန်းတင် (ကုမ္ပဏီဝန်ထမ်း၊Creative Myanmar Service Co., Ltd.)**

ကျွန်တော်တို့ဇနီးမောင်နှံက ဟန်နီးမွန်းခရီးအနေနဲ့ဒီပိတ်ရက်ကို ငွေဆောင် ဒါမှမဟုတ် ချောင်းသာကို ခရီးသွားဖို့စီစဉ်ထားပါတယ်။ ပိတ်ရက်သုံးရက်နဲ့လည်းတိုက်ဆိုင်နေတော့ခွင့်လည်းယူစရာမလိုဘူး။ အဆင်ပြေသွားတယ်။ ကမ်းခြေဆိုတော့စိတ်အပန်းပြေမှုရတယ်၊ ကမ်းခြေဘက်ကို လမ်းလျှောက်ကြမယ်၊နောက်ဘုရားလည်းဖူးမယ်၊ထမင်းကိုတော့ ရွာထဲကလူတွေကိုချက်ပြီးလာပို့ခိုင်းမယ်။ ရေထဲဆင်းဆော့လိုက် သဲသောင်ပြင်ပေါ်ထိုင်လိုက်နဲ့အချိန်ကိုကုန်စေမှာပေါ့။နေလုံးကြီးဝင်သွားတာလည်း ကြည့်ကြမယ်လေ။ အပန်းဖြေကမ်းခြေခရီးဆိုတော့ ရေထဲဆင်းလိုက် စားသောက်လိုက်နဲ့ ပျော်စရာအချိန်တွေပိုင်ဆိုင်မှာပါ။

**ကိုဇော်ပြည့်မှူး (ကုမ္ပဏီဝန်ထမ်း၊Nwe Ta Pin Trading Co., Ltd.)**

ဒီနှစ်ဆန်းကစပြီးပိတ်ရက်တွေထဲမှာအလုပ်တွေမအားတာနဲ့ ကျွန်တော်ခရီးမထွက်ဖြစ်သေးဘူး။ ဒါပေမယ့် လာမယ့်သင်္ကြန်ပိတ်ရက်တွေမှာတော့ သူငယ်ချင်းတွေအားလုံးစုပြီး ချောင်းသာကိုသွားလည်ဖို့တော့စိတ်ကူးထားပါတယ်။

**ဒေါ်သီတာဝင်း (ဆရာမ၊နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်း၊မကွေးမြို့)**

ခုလာမယ့်ပိတ်ရက်ထဲမှာ အလုပ်ကိစ္စနဲ့ရန်ကုန်ကို ခဏလာဖြစ်မယ်။ ရွှေတိဂုံဘုရား၊ဗိုလ်တထောင်ဘုရားစတဲ့ ရန်ကုန်မြို့ပေါ်က ဘုရားတွေပဲဖူးဖြစ်မယ်။ ဒီရက်ပိုင်းတွေမှာ ဆယ်တန်းစာမေးပွဲဖြေမယ့်တပည့်တွေကိုလည်း အနီးကပ်ကြီးကြပ်ပေးမှာဆိုတော့မအားဘူး။ ပြီးခဲ့တဲ့ ဇန်နဝါရီပိတ်ရက်တုန်းက ကျိုက်ထီးရိုးဘုရားကိုသွားဖူးဖြစ်တယ်။ လာမယ့်နွေရာသီပိတ်ရက်တွေတော့ ပြည်တွင်းနဲ့ပြည်ပကိုပါခရီးထွက်ဖို့အစီအစဉ်ရှိပါတယ်။

**ဒေါ်အိဖြူဖြူကျော်(မန်နေဂျာ၊ Golden Milestones Travels & Tours )**

အခုသုံးရက်ပိတ်တဲ့အတွင်းအသွားများတဲ့နေရာတွေက ရွှေစက်တော်၊ အလောင်းတော်ကဿပဘုရားဖူးရာသီဆိုတော့သွားလာမှုများတယ်။အတန်းငယ်လေးတွေဖြစ်တဲ့ သူငယ်တန်း၊ပထမတန်း ကျောင်းသားမိဘတွေက ပိုပြီးခရီးသွားကြတယ်။တချို့ကချောင်းသာဘက်ကိုသွားကြတယ်။ ခရီးသွားဧည့်သည်သွားနှုန်းကလျော့နည်းတာမရှိဘဲပုံမှန်ပါပဲ။ ဆယ်တန်းစာမေးပွဲပြီးရင်တော့ခရီးသွားလာမှုပိုများမှာပါ။

**ဦးပက်ထရစ် (Cofounder ,Danta Travel Co., Ltd.)**

ဒီရက်ပိုင်းမှာတော့အဓိကသွားတဲ့ခရီးစဉ်တွေက ရွှေစက်တော်ဘုရားကိုဖွင့်ပွဲရှိတော့သွားကြတယ်။ မော်တင်စွန်းဘုရားပွဲကလည်းစနေပြီဆိုတော့သွားကြတယ်။ ခုနောက်ပိုင်းမှာတော့ ရေပန်းစားတဲ့ထားဝယ်ခရီးစဉ်တွေလည်း ပိုများလာတာတွေ့ရတယ်။ စာမေးပွဲတွေပြီးသွားချိန်မှာတော့ ရက်ရှည်ခရီးစဉ်တွေအနေနဲ့ ချင်းပြည်နယ်နဲ့ကချင်ပြည်နယ်မြစ်ကြီးနားဘက်တွေလည်းသွားကြတယ်။


**သတင်း-ဇော်ကြီး၊ဉမ္မာသန့်၊မြတ်စန္ဒီ၊**
**ဓာတ်ပုံ - ဇော်မင်းလတ်၊ဇော်ကြီး**


ဆရာဦးကျော်မင်း


ဦးမော်နိုင်ထွန်း


ကိုသန်းတင်


ကိုဇော်ပြည့်မှူး


ဒေါ်အိဖြူဖြူကျော်



ဒေါ်ဆွေဇင်သိန်းတန်


ဒေါ်သီတာဝင်း


ဒေါ်ရည်ရည်မွန်

## ခရီးသွားများပြားသော်လည်း မန္တလေးမြို့ရှိ ဟိုတယ်များတွင် ညအိပ်တည်းခိုသည့်ခရီးသွားနည်းပါး

ရုံးပိတ်ရက်ကာလများတွင် မန္တလေးမြို့မှ ဘုရားဖူးသွားရောက်သူများ၊ မန္တလေးသို့ ဘုရားဖူးလည်ပတ်သူများဖြင့် များပြားလျက်ရှိကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေချိန်နီးသဖြင့် မန္တလေးမြို့တွင် ညအိပ်တည်းခိုသည့် ခရီးသွားနည်းပါးလာကြောင်း ဟိုတယ်လုပ်ငန်းရှင်များထံမှ သိရသည်။"လမ်းပန်းဆက်သွယ်ရေးတွေကောင်းမွန်လာတော့ ညအိပ်ခရီးက နေ့ချင်းပြန်ခရီးဖြစ်သွားတယ်၊ ဟိုတယ်တွေကလည်း များလာတော့ ခရီးသွားတွေအနေနဲ့ တည်းခိုရမယ့် ဟိုတယ်မျှသွားတဲ့သဘောပေါ့"ဟု အောင်မြင့်မိုရ်ဟိုတယ်ပိုင်ရှင် ဦးမြင့်အောင်က ပြောသည်။

မန္တလေးမြို့တွင် လာရောက်လည်ပတ်မှု အများဆုံးဖြစ်သည့် တရုတ်နိုင်ငံသားများသည် နှစ်သစ်ကူးအချိန်ဖြစ်သည့်အတွက် ပြည်မသို့ပြန်သွားမှုများရှိကြောင်း သိရသည်။

**အိမို့မို့ခိုင်**

## ဂေါ်ရင်ဂျီကျွန်းကို အလည်အပတ်ခရီးစဉ် လူဦးရေ ပြည့်သွားပြီဟုသိရ

အများပြည်သူရုံးပိတ်ရက်ဖြစ်သည့် ဖေဖော်ဝါရီ (၁၀၊ ၁၁၊ ၁၂) ရက်များတွင် နှစ်ညအိပ် သုံးရက် ခရီးစဉ်အဖြင့် ငပုတ်ကောင်းမြို့ရှိ ဂေါ်ရင်ဂျီကျွန်းသို့ အလည်အပတ်ခရီးစဉ်အဖြစ် စီစဉ်ထားပြီး ဖြစ်သည်ဟု ခရီးသွားလုပ်ငန်းတစ်ခုမှ သိရသည်။

"သွားမယ့် လူဦးရေကတော့ ပြည့်သွားပါပြီ၊ လိုက်ချင်တဲ့သူတွေက များတယ်၊ ပထမဦးဆုံးအကြိမ် စီစဉ်တဲ့ ခရီးစဉ်ဖြစ်တဲ့အတွက် လူဦးရေနည်းနည်းလေးပဲ စီစဉ်ထားတာပါ။ အခုတော့ လိုက်ချင်သူတွေက များနေတယ်၊ ဒုတိယအကြိမ် ထပ်စီစဉ်ဖို့ရှိပါတယ်။ နောက်ပြီး နိုင်ငံခြားခရီးသွားအစီအစဉ်တွေလည်း ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်တွေမှာ ထပ်စီစဉ်ထားပါတယ်"ဟု Amazing Myanma Scenery Travels and Tours Co.,Ltd. မှ တာဝန်ခံ မပြည့်ပြည့်က ပြောသည်။

**MDN**

# မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေ ပြဋ္ဌာန်း

**မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄ ။)**

**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်**

**(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) **ပြည်ထောင်စုလွှတ်တော်** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ အရ ဖွဲ့စည်းသော ပြည်ထောင်စုလွှတ်တော်ကို ဆိုသည်။

(ဂ) **ပြည်သူ့လွှတ်တော်** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်သူ့လွှတ်တော်ကို ဆိုသည်။

(ဃ) **အမျိုးသားလွှတ်တော်** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော အမျိုးသားလွှတ်တော်ကို ဆိုသည်။

(င) **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကို ဆိုသည်။

(စ) **လွှတ်တော်** ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကို ဆိုသည်။

(ဆ) **လွှတ်တော်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ကို ဆိုသည်။

(ဇ) **နာယက** ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော် နာယကအဖြစ် တာဝန်ထမ်းဆောင်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကို ဆိုသည်။

(ဈ) **ဒုတိယနာယက** ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကအဖြစ် တာဝန်ထမ်းဆောင်သော အမျိုးသား လွှတ်တော်ဒုတိယဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကို ဆိုသည်။

(ည) **ဥက္ကဋ္ဌ** ဆိုသည်မှာ လွှတ်တော်အဖွဲ့၏ ဥက္ကဋ္ဌကို ဆိုသည်။

(ဋ) **အဖွဲ့ဝင်** ဆိုသည်မှာ လွှတ်တော်အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ အပါအဝင် အဖွဲ့ဝင်အသီးသီးကို ဆိုသည်။

(ဌ) **လွှတ်တော်အဖွဲ့ရုံး** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ရုံးကို ဆိုသည်။

(ဍ) **ရုံးအဖွဲ့မှူး** ဆိုသည်မှာ လွှတ်တော်အဖွဲ့ရုံး၏ ရုံးအဖွဲ့မှူးကို ဆိုသည်။

(ဎ) **အစည်းအဝေး** ဆိုသည်မှာ လွှတ်တော်အဖွဲ့ အစည်းအဝေးကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လွှတ်တော်အသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းများ မှန်ကန်ခိုင်မာပြီး အရည်အသွေး တိုးတက်မြင့်မားရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ခ) လွှတ်တော်အချင်းချင်း လုပ်ငန်းအတွေ့အကြုံဖလှယ်ရေးနှင့် စွမ်းရည်တိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတကာ ဥပဒေပြုအဖွဲ့အစည်းများ၊ ရည်ရွယ်ချက်တူညီသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် ရန်၊

(ဃ) နိုင်ငံတကာလွှတ်တော်များအဖွဲ့နှင့် အာဆီယံပါလီမန်များ ညီလာခံအပါအဝင် နိုင်ငံတကာနှင့်ဒေသတွင်း လွှတ်တော် ဆိုင်ရာ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရန်။

**အခန်း (၃)**

**လွှတ်တော်အဖွဲ့ ဖွဲ့စည်းခြင်း၊ သက်တမ်းနှင့်အစည်းအဝေး ကျင်းပခြင်း ဖွဲ့စည်းခြင်း**

၄။ ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | နာယက<br>ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော် သို့မဟုတ်<br>အမျိုးသားလွှတ်တော် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော် သို့မဟုတ်<br>အမျိုးသားလွှတ်တော် | အဖွဲ့ဝင် |
| (ဃ) | ဥက္ကဋ္ဌများ<br>တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်<br>ပြည်နယ်လွှတ်တော် | အဖွဲ့ဝင်များ |
| (င) | ဒုတိယနာယက<br>ပြည်ထောင်စုလွှတ်တော် | အတွင်းရေးမှူး |

၅။ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်သည် ရာထူးအလျောက် လွှတ်တော်အဖွဲ့ရုံး၏ ရုံးအဖွဲ့မှူးဖြစ်သည်။

**သက်တမ်း**

၆။ လွှတ်တော်အဖွဲ့၏ သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

**အစည်းအဝေးကျင်းပခြင်း**

၇။ (က) အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပရ မည်။

(ခ) အထူးအစည်းအဝေး ကျင်းပရန် လိုအပ်သည်ဟု ဥက္ကဋ္ဌက ယူဆလျှင်ဖြစ်စေ၊ အဖွဲ့ဝင် စုစုပေါင်း၏ ထက်ဝက်ကျော်က တင်ပြလျှင်ဖြစ်စေ ဥက္ကဋ္ဌက အစည်းအဝေးကို ခေါ်ယူကျင်းပ ရမည်။

(ဂ) အစည်းအဝေးကို ဥက္ကဋ္ဌက သတ်မှတ်သည့် နေ့ရက်၊ အချိန်နှင့် နေရာတွင် ကျင်းပရမည်။

(ဃ) အစည်းအဝေးသို့ အဖွဲ့ဝင်စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

(င) အဖွဲ့ဝင်ဖြစ်သည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကိုယ်တိုင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိပါက ဒုတိယဥက္ကဋ္ဌကို မိမိကိုယ်စား တက်ရောက်စေနိုင်သည်။

(စ) အစည်းအဝေး အထမြောက်ခြင်းမရှိပါက ဥက္ကဋ္ဌသည် အဖွဲ့ဝင်များ၏ တင်ပြချက်များနှင့် အကြံပြုချက်များကို စာဖြင့်ပေးပို့ရန် တောင်းယူနိုင်သည်။

(ဆ) ရုံးအဖွဲ့မှူးသည် လွှတ်တော်အဖွဲ့ အစည်းအဝေးများတွင် အခမ်း အနားမှူးအဖြစ် ဆောင်ရွက်ရမည်။

**အခန်း (၄)**

**လွှတ်တော်အဖွဲ့၏ လုပ်ငန်းတာဝန်များ**

၈။ လွှတ်တော်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လွှတ်တော်ဆိုင်ရာ ဥပဒေများနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ ဥပဒေပြုခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ ဆက်နွှယ်အကျုံးဝင်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဃ) လွှတ်တော်အဖွဲ့၏လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လွှတ်တော် ကိုယ်စားလှယ်များ၏ စွမ်းရည်မြှင့်တင်ရေးနှင့် လွှတ်တော် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးတို့အတွက် ဆွေးနွေးဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ညီလာခံများနှင့် လေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်း၊

(င) လွှတ်တော်အဖွဲ့၏ လုပ်ငန်းအဖွဲ့များ၊ အထောက်အကူပြု အဖွဲ့များကို လိုအပ်ပါက ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(စ) လွှတ်တော်အဖွဲ့နှင့် နိုင်ငံတကာ လွှတ်တော်များအဖွဲ့၊ အာဆီယံပါလီမန်များ ညီလာခံအပါအဝင် နိုင်ငံတကာနှင့် ဒေသတွင်းလွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများအကြား ဆက်သွယ်ရေး၊ ဆက်ဆံရေးကိစ္စများကို ဆောင်ရွက်ခြင်းနှင့် ၎င်းအဖွဲ့အစည်းများ၏ ရည်ရွယ်ချက်များ၊ ဆုံးဖြတ်ချက်များကို အဖွဲ့ဝင်များ၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ပြည်သူ များသိရှိစေရန် ဆောင်ရွက်ခြင်း၊

(ဆ) မြန်မာနိုင်ငံလွှတ်တော်များ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်မှုများကို နိုင်ငံတကာ လွှတ်တော်များ သိရှိစေရန် ဆောင်ရွက်ခြင်း။

၉။ လွှတ်တော်အဖွဲ့၏ အတွင်းရေးမှူးသည်-

(က) အစည်းအဝေးများ ကျင်းပရန် စီစဉ်ဆောင်ရွက်ရမည်။

(ခ) လွှတ်တော်အဖွဲ့၏ ဆောင်ရွက်မှုကို အစည်းအဝေးတွင် တင်ပြရမည်။

(ဂ) လွှတ်တော်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို ပြုစုပြီး အစည်းအဝေးတွင် တင်ပြရမည်။

(ဃ) ဥက္ကဋ္ဌက ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက် ရမည်။

**အခန်း (၅)**

**အဖွဲ့ဝင်များ၏ တာဝန်နှင့်အခွင့်အရေးများ**

၁၀။ အဖွဲ့ဝင်များသည် လွှတ်တော်အဖွဲ့၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်း တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၁၁။ အဖွဲ့ဝင်များသည် လွှတ်တော်အဖွဲ့၏ ညှိနှိုင်းဆောင်ရွက်ချက်များကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးကြောင်းကို လွှတ်တော်အဖွဲ့သို့ ပြန်လည်အစီရင်ခံရမည်။

၁၂။ အဖွဲ့ဝင်များသည် အစည်းအဝေးတွင် လွှတ်တော်အလိုက် တွေ့ကြုံရသော လုပ်ငန်းဆိုင်ရာ အခက်အခဲများကို ဆွေးနွေးညှိနှိုင်းရန် တင်ပြခွင့်ရှိ သည်။

၁၃။ အဖွဲ့ဝင်များသည် လွှတ်တော်အဖွဲ့က ထုတ်ပြန်သော သတင်းအချက် အလက်များကို သိခွင့်ရှိသည်။

**အခန်း (၆)**

**အထွေထွေ**

၁၄။ ဤဥပဒေ အတည်ပြုမပြဋ္ဌာန်းမီက ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံလွှတ်တော် ဆိုင်ရာအဖွဲ့သည် ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဟု မှတ်ယူရမည်။

၁၅။ လွှတ်တော်အဖွဲ့ အတွင်းရေးမှူးသည် လွှတ်တော်အဖွဲ့၏ ဆောင်ရွက်မှု အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်တွင် တင်ပြရမည့်အပြင် သက်ဆိုင်ရာ လွှတ်တော်များသို့လည်း ပေးပို့ရမည်။

၁၆။ ပုဒ်မ ၁၅ အရ ပေးပို့သော အစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများသည် သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် တင်ပြရန် လိုအပ်သည်ဟု ယူဆပါက အနီးကပ်ဆုံး အစည်းအဝေးတွင် တင်ပြရမည်။

၁၇။ လွှတ်တော်အဖွဲ့၏ ရုံးလုပ်ငန်းနှင့်စီမံခန့်ခွဲမှုကိစ္စအဝဝကို ပြည်ထောင်စု လွှတ်တော်ရုံးက တာဝန်ခံဆောင်ရွက်ရမည်။

၁၈။ လွှတ်တော်အဖွဲ့၏ ကုန်ကျစရိတ်များကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း များနှင့်အညီ ပြည်ထောင်စုလွှတ်တော်ရုံး ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ရန်ကင်းကလေးဆေးရုံကြီးသို့ ကိုရီးယားနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂၀၅၀၀ တန်ဖိုးရှိ လူနာတင်ယာဉ်တစ်စီး ပေးအပ်လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၈**

မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ရန်ကင်းကလေးဆေးရုံကြီးသို့ ကိုရီးယားနိုင်ငံ ရှင်ဟန်းဘဏ်ဝန်ထမ်းများက ပေးပို့လှူဒါန်းသော အမေရိကန်ဒေါ်လာ ၂၀၅၀၀ တန်ဖိုးရှိ လူနာတင်ယာဉ် Ambulance of Love တစ်စီး ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကင်းကလေးဆေးရုံကြီး၌ ကျင်းပသည်။

ထို့နောက် ကိုရီးယားနိုင်ငံ ရှင်ဟန်းဘဏ်ဝန်ထမ်းများနှင့် ရန်ကင်းကလေးဆေးရုံတို့အကြား ပံ့ပိုးကူညီဆောင်ရွက်ပေးသော ကိုရီးယားနိုင်ငံ အလုပ်သမားသမဂ္ဂ လူမှုအဖွဲ့အစည်းဥက္ကဋ္ဌ MR. HWANG,WONRAE က လူနာတင်ယာဉ်တစ်စီး လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ပြောကြားပြီး ရန်ကင်းကလေးဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာခင်ညိုသိန်းက မုဒိတာစကား ပြန်လည်ပြောကြားသည်။ ကိုရီးယားနိုင်ငံ ရှင်ဟန်းဘဏ် ဒုတိယဥက္ကဋ္ဌ Ms. Chai Woo-mi က ရန်ကင်းကလေးဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်ခိုင်ထံသို့ လူနာတင်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး ကိုရီးယားနိုင်ငံ ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းအထိ လူနာတင်ယာဉ်ရောက်ရှိအောင် ကူညီဆောင်ရွက်ပေးခဲ့သော ကြယ်စင်အားမာန် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးတောက်ထွန်း (MICKY) တို့အား ဂုဏ်ပြုမှတ်တမ်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**စောသိန်းဝင်း**



# ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်သို့ရောက်ရှိနေသည့် တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင် ၁၆၀ သည် ယနေ့ မွန်းလွဲ ၂ နာရီတွင်ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာသည်။

လေ့လာရေးအဖွဲ့အား ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ လွှတ်တော်အဆောက်အအုံများသို့ လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၅၈ စီး၊ သွင်းကုန် ၁၀၂၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၅ စီး၊ သွင်းကုန် ၁၉၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၅၃ သန်းခန့်) သိမ်းဆည်းရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းအား ဖြတ်သန်းမည့် ခရီးသည်တင်မှန်လုံယာဉ်တစ်စီးကို မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Brand New Dell Laptop Core i3, 14 inches with bettery charger and bag 9U (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၇၀၀ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**☆ ၂၀၁၈ မှ**

ယင်းပြိုင်ပွဲတွင် အသင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှ စတင်တာထွက်ကာ နေပြည်တော်-ပျဉ်းမနား-တောင်ညိုကားလမ်းအတိုင်း သပြေကုန်းအဝိုင်းထိလည်းကောင်း၊ ထိုမှတစ်ဆင့် ရာဇသင်္ဂဟလမ်းအတိုင်း ပျဉ်းမနား-တပ်ကုန်းအမှတ်(၁)လမ်းအတိုင်း ဗုဒ္ဓဂယာအထိလည်းကောင်း၊ ထိုမှပြန်လှည့်၍ တပ်ကုန်း-ပျဉ်းမနားလမ်း အမှတ်(၁)မှ အင်ကြင်းပန်းအဝိုင်းမှတစ်ဆင့် ရာဇဌာနီလမ်းမှ ဇေယျာအောင်မြေလမ်းအတိုင်း ဝဏ္ဏသိဒ္ဓိအဝိုင်းတို့မှတစ်ဆင့် ပျဉ်းမနား-တောင်ညိုလမ်းသို့ ပန်းဝင်ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဂျပန်အသင်းက ပထမ၊ အီရန်အသင်းက ဒုတိယ၊ ဟောင်ကောင်အသင်းက တတိယရရှိသည်။ Time Trial အမျိုးသားလူငယ်တစ်ဦးချင်းပြိုင်ပွဲတွင် Danill Pronskiy (ကာဇက်စတန်)က ပထမ၊ Tsun Wai Chu (ဟောင်ကောင်)က ဒုတိယ၊ Minh Nghia Huynh (ဗီယက်နမ်)က တတိယ၊ အမျိုးသမီးလူငယ်တစ်ဦးချင်းပြိုင်ပွဲတွင် Marina Kurnossova (ကာဇက်စတန်)က ပထမ၊ Yuno Ishigami (ဂျပန်)က ဒုတိယ၊ Sze Wing Lee (ဟောင်ကောင်)က တတိယတို့ ရရှိခဲ့သည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအပါအဝင် စင်ကာပူ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မလေးရှား၊ တရုတ်၊ ဟောင်ကောင်၊ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယ၊ အီရန်၊ ယူအေအီး၊ ဘာရိန်း၊ မွန်ဂိုလီးယား၊ ဂျော်ဒန်၊ တာဂျစ်ကစ္စတန်၊ ကာဇက်စတန်၊ မကာအိုနှင့် ဆီးရီးယားတို့မှ စုစုပေါင်းပြိုင်ပွဲဝင်ကစားသမား ၄၁၅ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိကာ ဖေဖော်ဝါရီ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်**

## ရဲစခန်းသို့ မမှန်သတင်းပေး တိုင်တန်းသူအား အမှုဖွင့်အရေးယူ

**ရန်ကုန် ဖေဖော်ဝါရီလ ၈**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ဗိုလ်ချုပ်လမ်းပေါ် သရက်တောကျောင်းတိုက်အနီးမှ ပန်းဆိုးတန်းသို့သွားရန် မလှိုင်နှင်းဝေက အငှားယာဉ်တစ်စီး ငှားရမ်းစီးနင်းခဲ့ရာ မော်တော်ယာဉ်ပေါ်တွင် လုယက်ခံရကြောင်း ကြည့်မြင်တိုင်ရဲစခန်းသို့ လာရောက်တိုင်တန်းသည့် အမှုမှာ ဖြစ်စဉ်အမှန်မဟုတ်ဘဲ မမှန်သတင်းပေး တိုင်တန်းကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် တိုင်တန်းသူအား အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၇ ရက် နံနက် ၆ နာရီ ၁၅ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်နေ မလှိုင်နှင်းဝေသည် မိဘများနှင့် ချိန်းဆိုထားသဖြင့် ပန်းဆိုးတန်းသို့သွားရန် လမ်းမတော်မြို့နယ် ဗိုလ်ချုပ်လမ်းပေါ် သရက်တောကျောင်းတိုက်အနီးမှ ယာဉ်အမှတ် EE----- Coldinar တက္ကစီတစ်စီးအား ငှားရမ်းစီးနင်းလာခဲ့ရာ ယာဉ်မောင်းက ပန်းဆိုးတန်းသို့ မသွားဘဲ ကွေ့ပတ်မောင်းနှင်ကာ စမ်းချောင်းမြို့နယ် မြေနီကုန်း လမ်းဆုံတွင် မီးပွိုင့်မှ မီးနီသဖြင့် မော်တော်ယာဉ်ရပ်ထားစဉ် အမျိုးသားတစ်ဦး ယာဉ်ပေါ်သို့ တက်လာပြီး ၎င်းထံမှ ပိုက်ဆံအိတ်အား လုယူခဲ့ရာ အမျိုးသားက လက်နှစ်ဖက်အား ဖမ်းချုပ်ပြီး ပါးစပ်ကို လက်ဖြင့်ပိတ်ကာ ယာဉ်မောင်းထံမှ ကတ်ကြေးတောင်းယူ၍ ၎င်း၏ အင်္ကျီကို ကတ်ကြေးဖြင့် ဖြဲခဲ့ကြောင်း၊



ကြယ်သီးနှစ်လုံး ပြုတ်သွားပြီး ပိုက်ဆံအိတ်လုသွားခဲ့ကြောင်း၊ အငှားယာဉ်ကို လှည့်ပတ်မောင်းပြီး ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးဟောင်းရှေ့တွင် ယာဉ်ပေါ်မှ ချထားခဲ့ကြောင်း၊ ၎င်းထံမှ VIVO အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် ၅၀၃၀၀၀ ထည့်ထားသည့် ပိုက်ဆံအိတ် ပါဆုံးသွားကြောင်း ကြည့်မြင်တိုင်မြို့မရဲစခန်းသို့ လာရောက်တိုင်တန်းသဖြင့် အမှုဖွင့် စစ်ဆေးဆောင်ရွက်ခဲ့သည်။

အမှုမှန် ပေါ်ပေါက်ရေးအတွက် စုံစမ်းဆောင်ရွက်ခဲ့ရာ တိုင်တန်းသူ မလှိုင်နှင်းဝေ၏ ထွက်ဆိုချက်မှာ ရှေ့နောက်ညီညွတ်မှုမရှိဘဲ ကွဲလွဲစွာထွက်ဆိုနေကြောင်း၊ ၎င်းငှားရမ်းစီးနင်းလာသည့် ယာဉ်အမှတ် EE----- Coldinar ယာဉ်ဖြတ်သန်းမောင်းနှင်ခဲ့သည့် လမ်းကြောင်းတစ်လျှောက်ရှိ မှတ်တမ်းများ ကြည့်ရှုစစ်ဆေးခဲ့ရာတွင် အဆိုပါ ယာဉ်ဖြတ်သန်းမောင်းနှင်ခဲ့သည့် မှတ်တမ်းများ မတွေ့ရှိခဲ့ရကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် တိုင်တန်းသူ မလှိုင်နှင်းဝေအား အသေးစိတ်စစ်ဆေးခဲ့ရာ ၎င်းတိုင်တန်းသည့် အမှုမှာ ဖြစ်စဉ်အမှန်မဟုတ်ဘဲ၊ ၎င်းထံ၌ ငွေမရှိဘဲ မိဘများအား ပိုက်ဆံပေးမည်ဟု ပြောဆို၍ ရန်ကုန်သို့ လာရောက်ရန် ချိန်းဆိုပြောဆိုခဲ့ရာ မိဘများ ရန်ကုန်သို့ရောက်ရှိစဉ် ပိုက်ဆံပေးစရာမရှိသဖြင့် အကြောင်းပြပြီး လိမ်လည်၍ မမှန်မကန် သတင်းပေးတိုင်တန်းခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

အငှားယာဉ် ငှားရမ်းစီးနင်းလာရာမှ လုယက်ခံရကြောင်း ရဲစခန်းသို့ မမှန်မကန်သတင်းပေး တိုင်တန်းသူ မလှိုင်နှင်းဝေအား ကြည့်မြင်တိုင်မြို့မရဲစခန်းမှ တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ရာ ကြည့်မြင်တိုင်မြို့နယ်တရားရုံးမှ လက်ခံစစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်သူ လှိုင်နှင်းဝေအား အလုပ်နှင့် ထောင်ဒဏ် သုံးလချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုဂံအမြန်ရထားလာစဉ် ဖြတ်မောင်းသော ကိုယ်ပိုင်ယာဉ်နောက်ပိုင်း ရထားတိုက်ခံရ

**တိုက်ကြီး ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ မင်္ဂလာရပ်ကွက် ရန်ကုန်-ပြည်ကားလမ်း တရားရုံးရှေ့ မီးရထားသံလမ်း မိုင်တိုင်အမှတ်(၃၉- ၂၃/၂၄) ကြားတွင် ဖေဖော်ဝါရီ ၈ ရက် နံနက် ၈ နာရီ ၅၃ မိနစ်က (၆၂)အစုန် ပုဂံ-ရန်ကုန်အမြန်ရထားက ကိုယ်ပိုင်ယာဉ်နောက်ပိုင်းအား တိုက်မိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုဂံ-ရန်ကုန် အစုန်အမြန်ရထားသည် ပုဂံမှရန်ကုန်ခရီးစဉ်တွင် ခုတ်မောင်းလာစဉ် တိုက်ကြီးဘူတာအကျော် တရားရုံးရှေ့ မီးရထားသံလမ်းအား အနောက်မှ အရှေ့ဘက်သို့ ဖြတ်ကူးစဉ် ယာဉ်မောင်းနေသွေး(၂၈)နှစ်မေတ္တာအေးလမ်း ဈေးရပ်ကွက် တိုက်ကြီးမြို့နေသူနှင့်အတူပါ မဖူးပွင့်ဝေ(၂၆)နှစ် လိုက်ပါလာပြီး Mark X အနက်ရောင် ယာဉ်နောက်ပိုင်းကို ပုဂံ-ရန်ကုန် အစုန်အမြန်ရထားဖြင့် တိုက်မိခဲ့သည်။ လူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ယာဉ်နောက်ပိုင်း ပျက်စီးသွားကြောင်း သိရသည်။

ထိုဖြစ်စဉ်ကြောင့် ရထားရှေ့ဝဲဘက် ဘန်ကာပိန်သွားသဖြင့် တရားမဝင်ကားလမ်းကူးမှ လမ်းဖြတ်ကူးသော ယာဉ်မောင်းအား မြန်မာ့မီးရထားပို့ဆောင်ရေး ဥပဒေပုဒ်မ ၈၅ ဖြင့် အရေးယူပေးရန် တိုက်ကြီးရဲစခန်းသို့ တိုင်ကြားရာ (ပ) ၁၄၃/၂၀၁၈ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

"ဒီရထားသံလမ်းကူးနေရာက တရားရုံး၊ ဥပဒေရုံး၊ ကျေးလက်ရုံး၊ စီမံကိန်းရုံး စသည်ရုံးတွေရှိပြီး နေ့စဉ် ရုံးသွားရုံးလာများ၊ ခရီးသည်များ အမြဲတမ်း သွားလာနေကြတယ်၊ ဒါကြောင့် ရထားလမ်းကူး တံခါးများ တပ်ဆင်ပေးသင့်ပါတယ်"ဟု ဒေသခံများက ပြောသည်။

**ထွန်းလှိုင်(မြိုင်)**



## ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ ဗောဓိကုန်း(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်းခမောင်း(တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ငါးခူရ(ရောနှော)ကျေးရွာတွင် ဆိတ်တစ်ကောင်တို့အား ကာကွယ်ဆေးကုသဆောင်ရွက်ပေးပြီး စုစုပေါင်းစခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားတစ်ကောင်နှင့် ဆိတ်နှစ်ကောင်တို့အား ကာကွယ်ဆေးကုသဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ စခန်းသုံးခုပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၄၁၉ ကောင်နှင့် ဆိတ် ၇၈၈ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စပါးတို့ ရှုံးကြွေးဆပ်ဖို့ခက်ခဲနေမယ့် လန်ဒန်ဒါဘီ

## ၂၀၁၇-၁၈ ပရီမီယာလိဂ် ရင်ခုန်သံ-၂၇

ရှိုင်းမင်းမင်း

**လာမယ့် ဖေဖော်ဝါရီလ ၁၀၊ ၁၁၊ ၁၃ ရက်တွေမှာ ပရီမီယာလိဂ် ပွဲစဉ် ၂၇ ကို ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲစဉ်မှာတော့ စပါးနဲ့ အာဆင်နယ် ဆုံတွေ့တဲ့ပွဲပါဝင်နေတာကြောင့် အကြိတ်အနယ်ရှိနိုင်ပြီး စိတ်ဝင်စားဖို့ကောင်းနေကာ မန်ယူ၊ လီဗာပူးတို့လည်း အဝေးကွင်းမှာ ခက်ခဲနိုင်ဖွယ်ရှိနေပါတယ်။**

### စပါး - အာဆင်နယ် ည ၇း၀၀ (၁၀-၂-၁၈)

အိမ်ကွင်းနောက်ဆုံးပွဲစဉ်မှာ မန်ယူကို စပါးတို့ အနိုင်ကစားနိုင်ခဲ့ပေမယ့်လည်း ခြေစွမ်းပိုင်းအရတော့ သိသိသာသာ အသာရယူနိုင်ခြင်း မရှိခဲ့ပါဘူး။ ဒီပွဲအပြီးမှာနှစ်သင်းစလုံး ဥရောပပွဲတွေကစားရဖို့ရှိပေမယ့် စပါးက ဂျူဗင်တပ်လို အသင်းကောင်းနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ အာဆင်နယ်ကလည်း ရှုံးပွဲမကြုံရအောင် အားစိုက်ကစားလာမှာဖြစ်တယ်။ စပါး အိမ်ကွင်းဖြစ်ပေမယ့် သရေသာ ကစားနိုင်ဖို့ရှိပါတယ်။

### အဲဗာတန် - ပဲလေ့စ် ည ၉း၃၀ (၁၀-၂-၁၈)

တန်းမဆင်းရဖို့ရုန်းနေတဲ့ ပဲလေ့စ်တို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အဲဗာတန်ကလည်း အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ရေးအတွက် အားစိုက်ကစားလာမှာဖြစ်တယ်။ လက်ရှိအချိန်မှာ အဲဗာတန်ခြေကလည်း မဆိုးတာကြောင့် အဝေးကွင်းမှာ တိုက်စစ်အားနည်းတတ်တဲ့ ပဲလေ့စ်တို့ အသာရဖို့ခက်ပါတယ်။ အဲဗာတန် အနိုမ့်ဆုံး သရေလောက်ရမယ်။

### စတုတ် - ဘရိုက်တန် ည ၉း၃၀ (၁၀-၂-၁၈)

စတုတ်ခြေစွမ်းပိုင်း အားနည်းမှုတွေရှိတယ်ဆိုပေမယ့် အိမ်ကွင်းဖြစ်နေပါတယ်။ စတုတ်ရဲ့တိုက်စစ်က ဂိုးသွင်းခြေမတည်ငြိမ်ပေမယ့် အိမ်ကွင်းခံစစ်ကစားပုံက ကောင်းမွန်မှုရှိပါတယ်။ ဘရိုက်တန်ကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုအနည်းငယ်ကျဆင်းနေပါတယ်။ အဝေးကွင်းပွဲတွေမှာဆိုရင်လည်း ဘရိုက်တန်ခြေစွမ်းပိုင်းက ပိုမိုအားနည်းတတ်လို့ စတုတ်တို့ အသာရနိုင်ပါတယ်။ ဂိုးနည်းနည်းနဲ့ စတုတ် ကပ်နိုင်မယ်။

### ဆွမ်ဆီး - ဘန်လေ ည ၉း၃၀ (၁၀-၂-၁၈)

တန်းမဆင်းရဖို့ရုန်းနေတဲ့ ဆွမ်ဆီး ခြေစွမ်းပိုင်းအတော်လေးကောင်းလာပါတယ်။ နောက်ဆုံးအိမ်ကွင်းနှစ်ပွဲမှာ လီဗာပူးကိုရော၊ အာဆင်နယ်ကိုပါ အနိုင်ကစားနိုင်ခဲ့ပါတယ်။ ဘန်လေက အခုနောက်ပိုင်းမှာ အဝေးကွင်းခြေစွမ်း အနည်းငယ်ကျဆင်းနေပါတယ်။ ဒါပေမယ့်လည်း ဘန်လေခံစစ်ကတော့ တည်ငြိမ်မှုရှိနေဆဲဖြစ်ပါတယ်။ ဒါကြောင့် ဆွမ်ဆီးနိုင်ပွဲရဖို့တော့ ရုန်းကန်ရနိုင်ပြီး သရေလောက်ပဲ ကစားနိုင်မယ်။

### ဝက်စ်ဟမ်း - ဝက်ဖို့ဒ် ည ၉း၃၀ (၁၀-၂-၁၈)

ဝက်စ်ဟမ်းခြေစွမ်းပိုင်းက မဆိုးဘူးလို့ဆိုနိုင်ပါတယ်။ အိမ်ကွင်းဖြစ်နေလို့လည်း နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် ဝက်စ်ဟမ်းခံစစ်ကတော့ အခုအချိန်မှာ တည်ငြိမ်မှုအနည်းငယ်ကျဆင်းနေကာ ပွဲတိုင်းနည်းပါး ဂိုးတွေပေးနေရပါတယ်။ ဝက်ဖို့ဒ်ကလည်း အမှတ်လိုနေတာကြောင့် အဝေးကွင်းဖြစ်နေပေမယ့် တိုက်စစ်အားပြုကစားလာဖို့ရှိနေပါတယ်။ ဝက်စ်ဟမ်း အနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့တော့ခက်တယ်။

### မန်စီးတီး - လက်စတာ နံနက် ၀၀း၀၀ (၁၁-၂-၁၈)

မန်စီးတီးအနေနဲ့ အိမ်ကွင်းဖြစ်နေတာကြောင့် အားစိုက်ကစားလာမှာသေချာနေပါတယ်။ လက်စတာကအခုအချိန်မှာ ခြေစွမ်းပိုင်းကောင်းနေပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ခံစစ်ကစားပုံ အားနည်းတတ်ပါတယ်။ ဒါပေမယ့် သတိပြုရမှာက မန်စီးတီးတို့ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲကစားရဖို့ ရှိနေတာကိုပဲဖြစ်ပါတယ်။ မန်စီးတီးတိုက်စစ်ကစားပုံကောင်းသလို လက်စတာခံစစ်က အားနည်းလို့ အပြန်အလှန်သွင်းဂိုးတွေနဲ့ မန်စီးတီး ကပ်နိုင်မယ်။

### ဟတ်ဒါဖီးလ် - ဘုန်းမောက် ည ၆း၃၀ (၁၁-၂-၁၈)

ဟတ်ဒါဖီးလ်ခြေစွမ်းပိုင်းက အားနည်းနေပါတယ်။ တိုက်စစ်ပိုင်းက အားနည်းနေကာ အခုနောက်ပိုင်းပွဲတွေမှာ တစ်ဂိုးသွင်းနိုင်ဖို့တောင် ရုန်းကန်နေရပါတယ်။ ဘုန်းမောက်ကတော့ ခြေစွမ်းပိုင်းတည်ငြိမ်နေသလို အဝေးကွင်းမှာလည်း အမှတ်ရအောင်ကစားနိုင်တာ တွေ့ရပါတယ်။ ဟတ်ဒါဖီးလ်တို့ အိမ်ကွင်းဖြစ်ပေမယ့် နိုင်ပွဲရဖို့ရုန်းကန်ရနိုင်ကာ သွင်းဂိုးအနည်းနဲ့ သရေကျသွားဖို့ များနေပါတယ်။

### ကာဆယ် - မန်ယူ ည ၈း၄၅ (၁၁-၂-၁၈)

အိမ်ကွင်းဖြစ်နေတာကြောင့် နယူးကာဆယ်တို့ ရလဒ်ကောင်း ရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ နယူးကာဆယ်ရဲ့ တိုက်စစ်က ဂိုးသွင်းခြေမတည်ငြိမ်ပေမယ့် အိမ်ကွင်းပွဲတွေမှာဆိုရင်တော့ ခံစစ်ပိုင်းက တည်ငြိမ်မှုရှိတတ်ပါတယ်။ မန်ယူကလည်း အခုနောက်ပိုင်းမှာ တိုက်စစ်က တည်ငြိမ်မှုမရှိပါဘူး။ မန်ယူအနေနဲ့ ဒီပွဲအပြီးမှာချန်ပီယံလိဂ်ကစားရဖို့ မရှိလို့ အားစိုက်ကစားလာမှာ သေချာနေပေမယ့်လည်း နယူးကာဆယ်ကို ဂိုးပြတ်နိုင်တယ်။

### ဆောက်သမ်တန် - လီဗာပူး ည ၁၁း၀၀ (၁၁-၂-၁၈)

ဆောက်သမ်တန်က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကအနည်းငယ်တည်ငြိမ်မှုမရှိဘူးလို့ ဆိုနိုင်ပါတယ်။ လီဗာပူးကတော့ ခြေစွမ်းအရ ကောင်းမွန်မှုရှိနေပါတယ်။ ဒါပေမယ့်လည်း လီဗာပူးက ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲနေသလို ဆောက်သမ်တန်အိမ်ကွင်းလည်းဖြစ်နေပါတယ်။ လီဗာပူးခံစစ်ပိုင်းကလည်း တည်ငြိမ်မရှိတာကြောင့် ဒီပွဲမှာ လီဗာပူးတို့ ကပ်ပြီးသာနိုင်မယ်လို့ ယူဆမိပါတယ်။

### ချယ်လ်ဆီး - ဝက်စ်ဘရွန်း နံနက် ၂း၃၀ (၁၃-၂-၁၈)

ချယ်လ်ဆီးတို့အိမ်ကွင်းဖြစ်နေလို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒ့ါအပြင် ချယ်လ်ဆီးအနေနဲ့လည်း ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲကစားရဖို့ မရှိသေးပါဘူး။ ဒါကြောင့်လည်း ချယ်လ်ဆီးတို့ ခြေကုန်ထုတ်ကစားလာမှာ သေချာနေပါတယ်။ ဝက်စ်ဘရွန်းရဲ့ ခြေစွမ်းပိုင်းကလည်း လက်ရှိအချိန်မှာ အားနည်းမှုတွေရှိနေပါတယ်။ ချယ်လ်ဆီးအနေနဲ့ အိမ်ကွင်းနောက်ဆုံးပွဲမှာ ရှုံးပွဲကြုံခဲ့မှုကို ချေဖြတ်မှာဖြစ်ပြီး နိုင်ပွဲလည်းရသွားနိုင်ပါတယ်။

# ချန်ပီယံလိဂ်ဖိအားအောက်မှာ ရုန်းကန်ရမယ့် ရီးယဲလ်မက်ဒရစ်

## ၂၀၁၇-၁၈ လာလီဂါရင်ခုန်သံ-၂၃

ရှိုင်းမင်းမင်း

**လာလီဂါပြိုင်ပွဲရဲ့ပွဲစဉ် ၂၃ ကို ဖေဖော်ဝါရီ ၁၀၊ ၁၁၊ ၁၂၊ ၁၃ ရက်တွေမှာ ဆက်လက်ကျင်းပသွားမှာဖြစ်ပြီး ချန်ပီယံလိဂ်ကစားရဖို့ရှိနေတဲ့ ရီးယဲလ်တို့ ဆိုစီဒက်စ်နဲ့ ဆုံတွေ့နေတာကြောင့် ဂိုးပြတ်နိုင်ပွဲရပါ့မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပြီး ဘာစီလိုနာကတော့ အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရယူသွားနိုင်မှာပါ။**

### ဘီဘာအို - လက်ပဲလ်မက်စ် နံနက် ၂း၃၀ (၁၀-၂-၁၈)

လက်ပဲလ်မက်စ်ခြေစွမ်းပိုင်းက အားနည်းမှုတွေများနေတယ်။ အဝေးကွင်းပွဲတွေမှာဆိုရင် ပိုမိုရုန်းကန်ရလေ့ရှိပြီး တိုက်စစ်ပိုင်းကလည်း အဆုံးသတ်ပိုင်းချောမှုမရှိဘူး။ ဘီဘာအိုကတော့ အိမ်ကွင်းပွဲတွေမှာ ခံစစ်ကစားပုံကောင်းမွန်နေတာကြောင့် အိမ်ကွင်းပွဲတွေမှာ ရှုံးပွဲနည်းအောင် ထိန်းထားနိုင်တယ်။ ဒီပွဲအပြီးမှာ ဘီဘာအိုတို့ ယူရိုပါလိဂ်ကစားရဖို့ရှိနေပေမယ့်လည်း အိမ်ကွင်းမှာ နိုင်ပွဲရသွားဦးမှာပါ။

### ဗီလာရီးယဲလ် - အလာဗက်စ် ည ၆း၃၀ (၁၀-၂-၁၈)

ဗီလာရီးယဲလ်တို့ အိမ်ကွင်းပွဲတွေမှာဆိုရင် ကစားပုံအတော်လေးကောင်းမွန်တတ်ပါတယ်။ ဒါပေမယ့်လည်း ဗီလာရီးယဲလ်အနေနဲ့ ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ကစားရမှာဖြစ်တာကြောင့် ခြေကုန်ထုတ်နိုင်ဖို့တော့ ခက်ပါတယ်။ အလာဗက်စ်က အဝေးကွင်းခြေစွမ်းကျဆင်းတတ်ပေမယ့် အမှတ်လိုနေလို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဗီလာရီးယဲလ် ကပ်ပြီးသာနိုင်မယ်။

### မာလာဂါ - အက်သလက်တီကို ည ၉း၄၅ (၁၀-၂-၁၈)

မာလာဂါက အမှတ်ပေးဇယားအောက်ဆုံးရောက်နေတာကြောင့် အခုနောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေသလို အိမ်ကွင်းပွဲတွေမှာ ခံစစ်ပိုင်းလည်း ကျစ်လျစ်မှုရှိလာတယ်။ မာလာဂါတိုက်စစ်ပိုင်း အားနည်းနေပေမယ့် ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ကစားရမယ့် အက်သလက်တီကိုကလည်း ခြေကုန်ထုတ်ဖို့ ခက်နေသလို တိုက်စစ်ပိုင်းကလည်း အနည်းငယ်တည်ငြိမ်မှုမရှိဘူး။ အက်သလက်တီကို ဂိုးပြတ်နိုင်ဖို့ခက်မယ်။

### လီဂါနက်စ် - အီဘား နံနက် ၀၀း၀၀ (၁၁-၂-၁၈)

လီဂါနက်စ်က ဒီပွဲမတိုင်ခင်မှာ စပိန်ဘုရင့်ဖလားပွဲအဖြစ် ဆီဗီးလ်နဲ့ အဝေးကွင်းပွဲရင်ဆိုင်ခဲ့ရမှာဖြစ်လို့ ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ လက်ရှိအချိန်မှာ လီဂါနက်စ်ခြေကလည်း ကောင်းမွန်နေကာ အိမ်ကွင်းလည်းဖြစ်နေတယ်ဆိုပေမယ့် အီဘားကလည်း အဝေးကွင်းမှာအမှတ်ရယူနိုင်ဖို့ အားစိုက်ကစားလာမယ်ဆိုရင် လီဂါနက်စ်တို့ အခက်တွေ့နိုင်ပါတယ်။ အိမ်ကွင်းဖြစ်ပေမယ့် လီဂါနက်စ် သရေလောက်ပဲရမယ်။

### ရီးယဲလ် - ဆိုစီဒက်စ် နံနက် ၂း၁၅ (၁၁-၂-၁၈)

ရီးယဲလ်က အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်းပြန်လည်တည်ငြိမ်လာကာ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေမှန်လာပေမယ့်လည်း ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲအဖြစ် ပီအက်စ်ဂျီနဲ့ကစားရဖို့ရှိနေလို့ ခြေကုန်ထုတ်နိုင်ဖို့ ခက်လွန်းတယ်။ ရီးယဲလ်တို့အိမ်ကွင်းဖြစ်တာကြောင့် ဂရုတစိုက်ကစားလာနိုင်ပေမယ့်လည်း ဆိုစီဒက်စ်ကလည်း အဝေးကွင်းမှာရလဒ်ကောင်းမွန်ဖို့ အားစိုက်လာမှာဖြစ်တာကြောင့် ရီးယဲလ်တို့နိုင်ပွဲရဖို့ ရုန်းကန်ရနိုင်တယ်။ ရီးယဲလ် ဂိုးပြတ်နိုင်ဖို့ခက်တယ်။

### ဆီဗီလာ - ဂျီရိုနာ ညနေ ၅း၃၀ (၁၁-၂-၁၈)

ဆီဗီလာက ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့မရှိသေးပေမယ့် ဒီပွဲမတိုင်ခင်မှာတော့ စပိန်ဘုရင့်ဖလားပွဲ ကစားခဲ့ရမှာဖြစ်တာကြောင့် ပွဲပန်းမှုတွေ ရှိနေနိုင်ပါတယ်။ ဆီဗီလာဟာလက်ရှိအချိန်မှာလည်း ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းနေပါတယ်။ ဒ့ါအပြင် ဂျီရိုနာကလည်း အဝေးကွင်းပွဲတွေမှာ တုံ့ပြန်ကစားပုံကောင်းမွန်တတ်တဲ့အသင်း ဖြစ်နေပါတယ်။ ဒါကြောင့် အိမ်ကွင်းမှာ ဆီဗီလာအနိုင်ရဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း ဂျီရိုနာရဲ့ ခံကစားအားကြောင့် အခက်တွေ့နိုင်တယ်။ ဆီဗီလာ အနိုင်ခဲ့ရင်တောင် ဂိုးမပြတ်နိုင်ဘူး။

### ဘာစီလိုနာ - ဂီတာဖေး ည ၉း၄၅ (၁၁-၂-၁၈)

ဘာစီလိုနာက ဒီပွဲအပြီးမှာချန်ပီယံလိဂ်ကစားရဖို့မရှိသေးပေမယ့် ဒီပွဲမတိုင်ခင်မှာ ဗလန်စီယာလိုအသင်းမျိုးနဲ့ စပိန်ဘုရင့်ဖလားပွဲ ကစားခဲ့ရလို့ ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့် ဒီပွဲစဉ်က အိမ်ကွင်းဖြစ်နေတာကြောင့် ဘာစီလိုနာအနေနဲ့ အမှားခံမှာတော့မဟုတ်သလို ခြေစွမ်းပိုင်းလည်းကောင်းနေပါတယ်။ ဒါကြောင့်ခြေစွမ်းသာမန်သာရှိတဲ့ ဂီတာဖေးကို ဘာစီလိုနာတို့ နိုင်ပွဲရယူသွားနိုင်မှာပါ။

### ဆဲလ်တာဗီဂို - အက်စ်ပန်ညို နံနက် ၀၀း၀၀ (၁၂-၂-၁၈)

နှစ်သင်းစလုံး ကြားပွဲတွေမရှိကြတာကြောင့် ဒီပွဲမှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာကြမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရဆိုရင် အက်စ်ပန်ညိုက အဝေးကွင်းပွဲတွေမှာ တိုက်စစ်ကစားပုံအားနည်းမှုတွေနဲ့ အတူရလဒ်ကောင်းဖို့ ရုန်းကန်ရလေ့ရှိကာ ဆဲလ်တာဗီဂိုရဲ့ အိမ်ကွင်းခြေစွမ်းကတော့ ကောင်းမွန်မှုရှိနေပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်လာမယ့် ဆဲလ်တာဗီဂိုကို အက်စ်ပန်ညို ထိန်းဖို့ခက်ပြီး ဆဲလ်တာဗီဂိုကပဲ နိုင်ပွဲရမယ်။

### ဗလန်စီယာ - လီဗန်တေး နံနက် ၂း၁၅ (၁၂-၂-၁၈)

ဗလန်စီယာက ဒီပွဲမတိုင်ခင်မှာ ဘာစီလိုနာလိုအသင်းမျိုးနဲ့ စပိန်ဘုရင့်ဖလားပွဲကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့် လီဗန်တေးကလည်း အဝေးကွင်းပွဲတွေမှာဆိုရင် ကစားပုံသာမန်သာရှိတတ်တာကို သတိပြုရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဗလန်စီယာက အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကောင်းမွန်တတ်တာကြောင့် ဗလန်စီယာပဲ အနိုင်ရမယ်။

### ဒီပို့တီဗို - ဘက်တစ် နံနက် ၂း၃၀ (၁၃-၂-၁၈)

နှစ်သင်းစလုံးကြားပွဲမရှိလို့ ဒီပွဲမှာနိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အထူးသဖြင့် ဒီပို့တီဗိုက တန်းမဆင်းရဖို့အတွက် ရုန်းကန်နေရတာကြောင့် အားစိုက်ကစားလာမှာဖြစ်သလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဘက်တစ်ကကစားပုံအရ ဒီပို့တီဗိုထက် ပိုမိုကောင်းမွန်ပေမယ့် အဝေးကွင်းပွဲတွေမှာဆိုရင် ကစားပုံက အနည်းငယ်ကျဆင်းတတ်ပါတယ်။ ဒီပို့တီဗိုတို့ အိမ်ကွင်းမှာ အမှတ်ခွဲယူသွားနိုင်မှာပါ။

# ဆီဗီလာအသင်း ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲသို့ သုံးနှစ်အတွင်း နှစ်ကြိမ်မြောက် တက်လှမ်း

ဆီဗီလာအသင်းသည် စပိန်ကိုပါဒယ်ရေးဖလားဆီမီးဖိုင်နယ်အဆင့်အဖြစ် လီဂါနက်စ် အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နောက်ဆုံး ဗိုလ်လုပွဲသို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ဆီဗီလာအသင်းနှင့် လီဂါနက်စ်အသင်းတို့သည် ကိုပါဒယ်ရေးဖလားဆီမီးဖိုင်နယ်အဆင့် ပထမအကျော့တွင် လီဂါနက်စ်အသင်း၏ အိမ်ကွင်း၌ တစ်ဖက်တစ်ဂိုးသရေပွဲဖြစ်ခဲ့ရပြီး ယခု ဒုတိယအကျော့ပွဲစဉ်တွင် ဆီဗီလာအသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လီဂါနက်စ်အသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် နာမည်ကြီးရီးယဲလ်မက်ဒရစ်အသင်းကို အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည့်အပြင် ဆီမီးဖိုင်နယ် ပထမအကျော့တွင်လည်း ဆီဗီလာကို တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်အောင် ကစားနိုင်ခဲ့ခြင်းကြောင့် ဗိုလ်လုပွဲ တက်လှမ်းနိုင်မည့်အခွင့်အရေး မျှော်လင့်ချက်ရှိခဲ့သည်။ သို့ရာတွင် ဒုတိယအကျော့တွင် ဆီဗီလာအသင်းက ကောရီယာနှင့် ဖရန်ကိုဗက်ဇ်ကွက်ဇ်တို့က တစ်ဂိုးစီ သွင်းယူခဲ့ခြင်းကြောင့် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဆီဗီလာအသင်းသည် စပိန်ကိုပါဒယ်ရေးဖလား နောက်ဆုံးဗိုလ်လုပွဲကို ဗလန်စီယာအသင်း သို့မဟုတ် ဘာစီလိုနာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဧပြီ ၂၁ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **(ငွေကြယ်)**



# ကြည့်ရှုလေ့လာနိုင်မည့် ယဉ်ကျေးမှုအနုပညာ မြန်မာ့လက်ရာပွဲတော်

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Myanmar Cultural Heritage Trust) က ကြီးမှူးပြီး မြန်မာ့လက်ရာပွဲတော်ကို ခမ်းခမ်းနားနား ခင်းကျင်းပြသတော့မည်ဖြစ်သည်။ ပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် တိုင်းရင်းသားတို့၏ ရိုးရာအကအလှများဖြင့် ဆင်နွှဲကြမည်ဖြစ်ပြီး ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်းရှိ စိမ်းလန်းစိုပြည်ဂါးဒင်းတွင် ပြုလုပ်မည်ဖြစ်သည်။ မြန်မာ့လက်ရာများ အစုံအလင် ပြခန်းပေါင်း ၁၃ ခန်း ပါဝင်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ရိုးရာလက်မှုပညာရှင်များ၊ လုပ်ငန်းရှင်များ၊ အမြောက်အမြား လာရောက်ခင်းကျင်းကြမည်ဖြစ်သည်။ ပွဲတော်ကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၁၀ နာရီထိ ပြသဖျော်ဖြေမည်ဖြစ်သည်။ ပွဲတော်လာရောက်သူများ ပျော်ရွှင်ဖွယ်ဖြစ်စေရန် တိုင်းရင်းသားရိုးရာအကများ၊ ဖက်ရှင်ရှိုးများကို ထည့်သွင်းထားသည်။ အကအလှများကို ညနေ ၅ နာရီ မှ ည ၉ နာရီအထိ ကြည့်ရှုနိုင်မည်ဖြစ်သည်။



မြန်မာ့လက်ရာပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ ရန်ကုန်မြို့ စိမ်းလန်းစိုပြည်ဂါးဒင်း၌ ဇန်နဝါရီ ၂၉ ရက်က မီဒီယာတွေ့ဆုံပွဲပြုလုပ်ခဲ့ရာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က မြန်မာ့လက်ရာပွဲတော်မှာ အများပြည်သူတို့ လာရကျိုးနပ်စေရန် အချိန်ယူကြိုးစားထားကြောင်း၊ ဖျော်ဖြေရေးအပိုင်းကိုလည်း အကြိုက်တွေ့စေရန် စီမံထားကြောင်း၊ တိုင်းရင်းသားအစားအစာများ၊ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူစားသုံးနိုင်စေရန် စီစဉ်ထားပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အပါအဝင် အရွယ်စုံ လာရောက်လေ့လာနိုင်စေရန် ခင်းကျင်းပြသထားကြောင်း၊ ပွဲတော်ဖြစ်မြောက်ရေးအတွက် အချိန်ယူပြင်ဆင်ခဲ့ရသလို ငွေကြေးသုံးစွဲကုန်ကျမှုများလည်း ရှိခဲ့ကြောင်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများကို တန်ဖိုးထားမြတ်နိုးလာစေရန် အဓိကရည်ရွယ်ကြောင်း ဆွေးနွေးခဲ့သည်။

မီဒီယာတွေ့ဆုံပွဲတွင် တက်ရောက်လာကြသော ပုဂ္ဂိုလ်များအနက်မှ ဆရာကြီးချစ်စံဝင်း၊ ဆရာကြီးစိန်မျိုးမြင့်နှင့် ဆရာကြီးလှတင်ထွန်းတို့က မုဒိတာစကားပြောကြားခဲ့သည်။ ဆရာကြီးစိန်မျိုးမြင့်က ခရီးသွားလာရင်း တွေ့ခဲ့ရသော တိုင်းရင်းသားရိုးရာ အသုံးအဆောင်များကို စျေးကွက်ဝင်စေလိုကြောင်း၊ ကရင်ဂျပ်ခုတ်လွယ်အိတ်များနှင့် ခြေထောက်ထိုး၍အိပ်နိုင်သော ဂျပ်ခုတ်စောင်များသည် အရည်အသွေးကောင်းသည့် Hand Made များ ဖြစ်ကြောင်း၊ ယခုလိုပွဲတော်မျိုး ပေါ်ပေါက်လာသဖြင့် ရိုးရာအထည်ပြုလုပ်သူများအတွက် ဝမ်းသာစရာ ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာ့လက်ရာပွဲတော်တွင် အမရပူရချည်ထည်နှင့် ပိုးထည်လွန်းရာကျော်ရက်ကန်း၊ အင်းလေးကြာထည်နှင့် ပိုးထည်၊ ကချင်ရိုးရာဂျပ်ခုတ်၊ ကယန်း ပဒေါင်ရိုးရာဂျပ်ခုတ်၊ ချင်းရိုးရာဂျပ်ခုတ်၊ ရခိုင်ရိုးရာရွှေပန်းထိမ်၊ စစ်ကိုင်း ရွာထောင် ငွေထည်ကြေးထည်လုပ်ငန်း၊ မြန်မာ့ရိုးရာ ရွှေဆိုင်းလုပ်ငန်း၊ မြန်မာ့ယွန်းလုပ်ငန်း၊ ကယားရိုးရာ တောင်းရက်လုပ်ငန်း၊ မွန်ရိုးရာဆေးတံနှင့်ကျောက်သင်ပုန်းလုပ်ငန်း၊ ကရင်ရိုးရာဖိနပ်ချုပ်လုပ်ငန်းနှင့် ပန်းချီပြခန်းများ ပါဝင်ခင်းကျင်းပြသမည်ဖြစ်သည်။ ထို့အပြင် တိုင်းရင်းသားရိုးရာ အသုံးအဆောင်ပစ္စည်းများ ရောင်းချခြင်း၊ တိုင်းရင်းသားအလိုက် ရိုးရာအစားအစာများ ရောင်းချခြင်းနှင့် တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း အစီအစဉ်များပါရှိသည်။ ဖော်ပြပါ ရိုးရာလက်မှု အနုပညာများအားလုံးကို စုစည်းတင်ဆက်ထားခြင်း ဖြစ်သောကြောင့် မြန်မာ့လက်ရာပွဲတော်ဟူ၍ အမည်ပေးထားခြင်းဖြစ်သည်။ မြန်မာ့လက်ရာဟူ၍ ခေါ်လိုက်သည်နှင့် တိုင်းရင်းသားအားလုံး အကျုံးဝင်ပြီးသားဖြစ်သည်။ ဗမာလူမျိုးတို့၏ ရိုးရာသည်လည်း အခြားတိုင်းရင်းသားများ၏ ရိုးရာများနည်းတူ ပါဝင်ခင်းကျင်းသွားမည်ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုဆိုသည်မှာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသော တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများအားလုံး စုစည်းပါဝင်သည်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သည် တိုင်းရင်းသားအားလုံးတို့၏ ဒြပ်ရှိယဉ်ကျေးမှု၊ ဒြပ်မဲ့ယဉ်ကျေးမှုများအား ရေရှည်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၇ ခုနှစ်က မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ကျင်းပခဲ့ရာ လူအများစိတ်ဝင်စားခဲ့ကြောင်း တွေ့မြင်ရသည်။ နည်းပညာများ အဆမတန် ဖွံ့ဖြိုးလာသည့်အတွက် ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှုများက online မှတစ်ဆင့် စက္ကန့်တိုင်း ဝင်ရောက်လျက်ရှိသည်။ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များအား လူမှုကွန်ရက် အပါအဝင် Online သတင်းပုံရိပ်များက လွှမ်းမိုးလျက်ရှိသည်။ သို့ဖြစ်၍ မြန်မာတို့၏မူရင်း ယဉ်ကျေးမှုများ ပပျောက်ခြင်း၊ ရောနှောသွားခြင်း၊ ပျက်စီးခြင်း၊ ယိုင်နဲ့ခြင်းများဖြစ်ပေါ်နေကြောင်း နေ့စဉ်နှင့်အမျှ တွေ့မြင်ကြားသိနေရသည်။ နည်းပညာနှင့်ခေတ်မီခြင်းကို ဟန့်တား၍ မရနိုင်သော်လည်း မိရိုးဖလာယဉ်ကျေးမှုများအား အလေးထားမြတ်နိုးလာစေရန် လှုံ့ဆော်တိုက်တွန်းသွားရန် လိုပေသည်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အနေဖြင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများကို ပြည်သူများ စိတ်ဝင်စားမှုမြင့်တက်လာစေရန် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အနေဖြင့် ခင်းကျင်းပြသသွားရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ စိတ်ဝင်စားဖွယ်ခင်းကျင်းပြသမှု၊ ရိုးရာအလိုက်လက်မှုပစ္စည်း ထုတ်လုပ်မှုအဆင့်ဆင့်များ ပါဝင်ပြသမှုနှင့် စုံလင်ဖွယ်ရာ အစီအစဉ်များ ထည့်သွင်းထားမှုတို့ကြောင့် မြန်မာ့လက်ရာပွဲတော်သို့ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း ရေးသားအပ်ပါသည်။ ။

**ကေသက်**

## ပြည်ထောင်စုနေ့အထိမ်းအမှတ် ပန်းအလှဖန်တီးမှုပြပွဲ ပြင်ဦးလွင်တွင် ကြည့်ရှုလေ့လာနိုင်မည်

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၈**


( ၇၁ )နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ပြင်ဦးလွင်မြို့ ပန်းချစ်သူ ပန်းဝါသနာရှင်များက စုစည်း၍ ပထမအကြိမ် ပန်းအလှဖန်တီးမှုပြပွဲကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ ယာဉ်ရပ်နားကွင်းဧရိယာ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပြပွဲမှာ ပြင်ဦးလွင်ဒေသထွက် ပန်းတွေနဲ့ ပန်းဝါသနာရှင်တွေက ပူးပေါင်းပြီး ဆန်းသစ်တီထွင်ထားတဲ့ အနုပညာလက်ရာများကို အလှဆင်သွားမှာဖြစ်ပါတယ်၊ ဒါ့အပြင် ဒေသထွက်အသီးအနှံတွေကိုလည်း လက်မှုပညာတွေနဲ့အလှဆင်ပြသသွားမှာ ဖြစ်ပါတယ်၊ အခုပြုလုပ်ပြသရတဲ့ပွဲဟာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတတ်စေရန် ရည်ရွယ်ပါတယ်" ဟု ပြင်ဦးလွင်မြို့မှ ပန်းဝါသနာရှင်များဖြစ်သော မဖောင်းနဲ့ ကိုကျော်မျိုးတို့က ပြောသည်။

ပြင်ဦးလွင်ဒေသထွက် ပန်းနှင့်သစ်သီးဝလံများ အလှဆင်ခြင်းနှင့်အတူ စွန့်ပစ်ပစ္စည်းများဖြင့် ဖန်တီးထားသော လက်မှုဒီဇိုင်းထုတ်ကုန်များကိုလည်း ပြသသွားမည်ဖြစ်သည်။

"အခုပြသသွားမယ့်ပွဲမှာ ကျွန်တော်ကတော့ ရေသန့်ဘူးခွံလေးတွေကို အရုပ်ကလေးတွေလုပ်နိုင်တယ်ဆိုတာ ပြသမယ်၊ အခြား စွန့်ပစ်ပစ္စည်းတွေရဲ့ အသုံးဝင်ပုံတွေကိုလည်း ပြသသွားဖို့ စီစဉ်နေပါတယ်" ဟု လက်မှုဒီဇိုင်းပညာရှင် ကိုအောင်ထွဏ်းစံက ပြောသည်။

၀၀၂






## ဝက်လက်မြို့၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေပေးအပ်

**ဝက်လက် ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရန်ပုံငွေ သိန်း ၁၀၀ ကို မှတ်သိကျေးရွာသို့ ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဝက်လက်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းက ပထမဆုံးရရှိသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရန်ပုံငွေဖြစ်သောကြောင့် စံပြအနေဖြင့် အကောင်းဆုံးနှင့် အအောင်မြင်ဆုံးဖြစ်အောင် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။ ဝက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးအောင်လွင်ဦးက ယခုရန်ပုံငွေသည် ကျေးရွာတစ်ရွာသာရရှိသည့်အတွက် စနစ်တကျ အကျိုးရှိရှိသုံးစွဲစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ သိန်းတစ်ရာကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က မှတ်သိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးကျော်စန်းခိုင်ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးစိုးလှိုင်(မြန်/ဆက်)**



## ချင်းတွင်းမြစ်တစုန်းနုတ်ခြင်းကိုမတ်လအပြီးဆောင်ရွက်မည်

**မုံရွာ ဖေဖော်ဝါရီ ၈**

၆၉၁မိုင်ရှည်လျားသောချင်းတွင်းမြစ်၁၈၅မိုင်ရှိမုံရွာ-မော်လိုက်ရေလမ်းနယ်နှင့် ၁၄၂ မိုင်ရှိမော်လိုက်-ဟုမ္မလင်းရေလမ်းနယ်တို့အတွင်းရှိတစုန်းများကို ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ နုတ်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးရေ အရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းထံမှသိရသည်။

"ဖေဖော်ဝါရီ ၁၀ ရက်မှာ မုံရွာ-မော်လိုက်ရေလမ်းကြောင်းကတစုန်းတွေကို တစုန်းနုတ်ရေယာဉ်သုံးပြီးနုတ်သွားမှာပါ။ ပြီးခဲ့တဲ့နှစ်က ဇန်နဝါရီလကတည်းကတစုန်းနုတ်တာကိုလုပ်နိုင်ခဲ့ပါတယ်။ဒီနှစ်ကရေကျအောင်စောင့်နေရတဲ့အတွက်နောက်ကျတာပါ။ဘဏ္ဍာရေးနှစ်အမီမတ်လမှာအပြီးနုတ်သွားမှာပါ"ဟု ဦးတင်ထွန်းအောင်ကပြောသည်။

ချင်းတွင်းမြစ်အတွင်းသို့ အရှေ့ဘက်မှဥရုမြစ်၊ အနောက်ဖက်မှနန့်ဖွတ်ကမြစ်၊ ယူးမြစ်နှင့် မြစ်သာမြစ်တို့ စီးဝင်ပြီး ခန္တီးထမံသီ၊ ဟုမ္မလင်း၊ သောင်သွပ်၊ ဖောင်းပြင်ကင်းတပ်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်း၊ ကနီနှင့် မုံရွာမြို့တို့ကို ဖြတ်သန်း စီးဆင်းကာရေစကြိုအလွန်တွင်မြစ်ကြောင်းနှစ်ဖျာကွဲ၍မြစ်ဝနှစ်ခုဖြင့် ဧရာဝတီ မြစ်အတွင်းစီးဝင်ခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၁၀ ရက်က စတင်တစုန်းနုတ်မှုတွင် မုံရွာမှမော်လိုက်ကြားရှိ တစုန်း ၂၅ တန်ရှိအခုရေ ၁၅ ခုနှင့်မော်လိုက်နှင့်ဟုမ္မလင်းကြားခန့်မှန်းတန်ချိန် ၄၀ ခန့်ရှိသောတစုန်းအခု ၂၀ နုတ်ရန်စီမံချက်ရေးဆွဲသတ်မှတ်ထားသော်လည်း အခြေအနေပေါ်မူတည်၍ တစုန်းရှိသလောက်ကိုနုတ်ပယ်ခုတ်ထွင်ကြရမည်ဖြစ်ရာသတ်မှတ်ထားသည်ထက်များစွာပိုနုတ်ရသည်မှာနှစ်စဉ်ပင်ဖြစ်ကြောင်းသိရသည်။

"အရင်ကမော်လိုက်အထက်နားကချောင်းကြီးတစ်ချောင်းအဝမှာတစုန်းတွေအတော်ပေါခဲ့တယ်။ လက်ရှိကတော့မော်လိုက်-ဟုမ္မလင်းကြားကတော့ တစုန်းနုတ်ရတာပိုများနေတုန်းပါပဲ။ ကရိန်းနဲ့ဆွဲနုတ်ပြီး ချိန်းဆောတွေဘာတွေနဲ့ ဖြတ်ပြီးနီးရာကမ်းပေါ်ဘေးကင်းအောင်တင်ထားခဲ့ရတယ်။ တင်ထားတဲ့သစ်ပင်သစ်ဆုံ သစ်မြစ်တွေဟာတဖြည်းဖြည်းခြောက်လာပြီး ရေကြီးချိန်လည်းရောက်ရောရေစီးနဲ့ ဖြတ်ထားတဲ့အတိုအစတွေ မျောပါကုန်တယ်။ အဲဒီ မျောပါလာတာကိုမှ မုံရွာအနီးတစ်ဝိုက်မှာ ထင်းဆယ်လှေတွေက လိုက်ဆယ်ကြ တယ်။ မုံရွာအထက်ဘက် ရွှေစာရေးနားကနေ မုံရွာအောက်ဘက်ဆားလင်းကြီးနယ်မြစ်ကမ်းတစ်လျှောက်မှာ ထင်းဆယ်လှေတွေ ရေကြီးရင်အများကြီးတွေ့နိုင်ပါတယ်"ဟု ချင်းတွင်းမြစ်တစုန်းနုတ်အဖွဲ့တွင်ပါဝင်သောဝန်ထမ်းတစ်ဦးကပြောပြသည်။


ချင်းတွင်းမြစ်သည် တစ်နှစ်လျှင်ရေထုထည်ဧကပေ ၁၁၅ သန်းစီးဆင်း၍ မိုးတွင်း၌ခန္တီးမြို့အထိ၊ ဆောင်းနှင့်နွေဥတုတွင်ဟုမ္မလင်းမြို့အထိ သင်္ဘောများသွားလာနိုင်သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဖိုလ်ဝင်တောင်ရှိ စိတ်ဝင်စားဖွယ်ရာ နံရံဆေးရေးပန်းချီများနှင့် ရှေးဟောင်းရုပ်ပွားတော်များ နိုင်ငံခြားသားခရီးသွား ဧည့်သည်များ လေ့လာမှုများပြား

**မုံရွာ ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် မင်းဇုံကျေးရွာအနီးတွင် တည်ရှိသော ဖိုလ်ဝင်တောင်ရှိ နံရံဆေးရေးပန်းချီများနှင့်ရှေးဟောင်းရုပ်ပွားတော်များကို ပြည်တွင်းဘုရားဖူးများနှင့် နိုင်ငံတကာခရီးသွား ဧည့်သည်များအားထားလေ့လာမှုများပြားလာကြောင်းသိရသည်။ ဖိုလ်ဝင်တောင်မှာ စိတ်ဝင်စားဖွယ်ရာတောင်တစ်တောင်ဖြစ်ပြီး တောင်တော်မှာမြေမှုန့်ရောစပ်ခြင်းမရှိဘဲ ပကတိ ကျောက်သားများအတိရှိကာ ဆင်းတုရုပ်ပွားဘုရား လိုဏ်ဂူများ ထုရာတွင် ပြိုကွဲယိုယွင်းမှုမရှိခြင်းမှအစ အံ့ဖွယ်ရှစ်ပါးရှိသော တောင်တော်ပင်ဖြစ်သည်။



တောင်တော်ပေါ်ရှိ လက်ရာမြောက်လိုဏ်ဂူများ၊ ရှေးဟောင်းရုပ်ပွားတော်များ၊ နံရံဆေးရေးပန်းချီများမှာ စိတ်ဝင်စားဖွယ်ရာဖြစ်သည်။ ရသေ့ဂူတန်းဘုရားများ၊ ဝင်ကဘာလိုဏ်ဂူ၊ အခြားလိုဏ်ဂူများနှင့်ရုပ်ပွားတော်များစွာ တည်ရှိသည်။ နံရံဆေးရေးပန်းချီများနှင့် ရုပ်ပွားတော်များမှတောင်တော်၏ သမိုင်းနှင့်ရှေးဟောင်းအမွေအနှစ်သမိုင်းကိုပြသနေသည့်တောင်ပင်ဖြစ်သည်။ ဖိုလ်ဝင်တောင်ဘုရားများကိုကောဇာသက္ကရာဇ် ၄၁၂ ခုနှစ်တွင် စတင်တည်ထားသည်ဟုလည်းဆိုထားသည်။

လက်ရှိကာလတွင် ဖိုလ်ဝင်တောင်ပေါ်တွင် လက်ရာမြောက်ရှေးဟောင်းရုပ်ပွားတော်များနှင့် နံရံဆေးရေး ပန်းချီများကို နိုင်ငံတကာခရီးသွားဧည့်သည်များ လာရောက်လေ့လာမှုများပြားလျက်ရှိကြောင်း ဒေသခံတစ်ဦးကပြောပြသည်။

**နွေနဒီ(မြစ်ငယ်)**

## ဒုတိယကမ္ဘာစစ်အတွင်းကျဆုံးခဲ့သည့် ဆွေမျိုးသားချင်းများ အထိမ်းအမှတ်ကျောက်စာတိုင် ဂျပန်နိုင်ငံသားများအဖွဲ့ လာရောက်ဂါရဝပြုကန်တော့

**မိတ္ထီလာ ဖေဖော်ဝါရီ ၈**

မိတ္ထီလာမြို့ ဇောင်ချမ်းကုန်းကျေးရွာ ဇောင်ချမ်းကုန်းဘုန်းတော်ကြီးကျောင်းအနီးရှိ ဒုတိယကမ္ဘာစစ်အတွင်းကျဆုံးခဲ့သည့်ဂျပန်တပ်မတော် အမှတ် (၅၅)မှ ဆွေမျိုးသားချင်းများ၏ အထိမ်းအမှတ်ကျောက်စာတိုင်တွင် ဖေဖော်ဝါရီ ၆ ရက် မွန်းတည့် ၁၂ နာရီက ဂျပန်နိုင်ငံသား ၁၃ ဦးပါဝင်သည့်အဖွဲ့ လာရောက် ဂါရဝပြုကန်တော့ခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံသား Mr. Shigetoshi ဦးဆောင်သည့်အဖွဲ့ဝင် ၁၃ ဦးပါဝင်သည့် ဂျပန်နိုင်ငံသားများအဖွဲ့က ဇောင်ချမ်းကုန်းကျေးရွာအနီးတွင် ဒုတိယကမ္ဘာစစ်အတွင်းက ကျဆုံးခဲ့သည့် ဂျပန်တပ်မတော် အမှတ် (၅၅)မှ ဆွေမျိုးသားချင်းတပ်ဖွဲ့ဝင်များ၏ အထိမ်းအမှတ် ကျောက်စာတိုင်ကို ဂျပန်ရိုးရာယဉ်ကျေးမှုအစဉ်အလာအတိုင်း ဂါရဝပြုကန်တော့ကြသည်။

ဆက်လက်၍ ယင်းဂျပန်နိုင်ငံသားများအဖွဲ့သည် ဇောင်ချမ်းကုန်းကျေးရွာ အမှတ် (၇၈) အခြေခံပညာမူလတန်းကျောင်းတွင် ပညာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၃၀၊ ဘောပင် အချောင်း ၁၀၀၊ ခဲတံ အချောင်း ၂၅၀ တို့ကိုကျောင်းအုပ်ဆရာ ဦးမြင့်ထွန်းထံ ပေးအပ်လှူဒါန်းခဲ့သည်။

မိတ္ထီလာတွင် ဒုတိယကမ္ဘာစစ်အတွင်းက ကျဆုံးခဲ့သည့် ဂျပန်တပ်မတော်သားများနှင့်ဆက်စပ်၍ သာစည်မြို့နယ်အတွင်းမှ ရွှေလုံ-ညောင်အိုင်ကျေးရွာ၊ မိတ္ထီလာမြို့နယ်အတွင်းရှိ ဇောင်ချမ်းကုန်းကျေးရွာနှင့် ဂျပန်နိုင်ငံသားများ၏ မတည်လှူဒါန်းမှုဖြင့် တည်ထားကိုးကွယ်သည့် နန်းတော်ကုန်းရပ်ကွက် နဂါးရုံမဟာဗောဓိစေတီတော်နှင့် ဂေါပကအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်ထားသည့် ဒုတိယကမ္ဘာစစ်ကာလက မြန်မာနိုင်ငံတွင်ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့ကြသည့် ဂျပန်တပ်မတော်သားများ၏ မှတ်တမ်းများကို ဂျပန်နိုင်ငံသားများ၊ ဂျပန်တပ်မတော်မှ အရာရှိများ၊ တပ်ဖွဲ့ဝင်များက မကြာခဏ လာရောက် လေ့လာကြည့်ရှုဂါရဝပြုခြင်းများ ဆောင်ရွက်လေ့ရှိကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး မန္တလေးမြို့ တောင်သမန်အင်း(ဦးပိန်)တံတားတွင် စုပေါင်းအမှိုက်ကောက်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကဏ္ဍပေါင်းစုံစဉ်ဆက်မပျက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ အမရပူရမြို့ တောင်သမန်အင်း(ဦးပိန်)တံတားပတ်ဝန်းကျင်တွင် သဘာဝအရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင်ကို တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပြီး ခရီးသွားလုပ်ငန်း၏ ဘေးထွက်ဆိုးကျိုးများ လျော့နည်းပပျောက်စေရန်နှင့် ရေဝေရေလဲ ဂေဟစနစ်များ ကောင်းမွန်စေခြင်းဖြင့် အညစ်အကြေးနှင့်ရေဆိုးများ ထိန်းသိမ်းရေးလုပ်ငန်းများ ဖော်ထုတ်ရန်အတွက် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများနှင့် ပြည်တွင်း ပြည်ပခရီးသွားများ၏ စွန့်ပစ်အမှိုက်များ လျှော့ချရေးကို ဆောင်ရွက်ရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန မန္တလေးရုံးခွဲတာဝန်ခံ ညွှန်ကြားရေးမှူး ဦးခင်မောင်ရွှေ ဦးဆောင်၍ ဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့ ကူညီပံ့ပိုးမှုဖြင့် တောင်သမန်အင်း(ဦးပိန်)တံတားတွင် အမှိုက်ကောက်ယူခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။



အဆိုပါအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန မန္တလေးရုံးခွဲတာဝန်ခံ ညွှန်ကြားရေးမှူး ဦးခင်မောင်ရွှေနှင့် အရာထမ်းအမှုထမ်း ၅၀၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်း ၂၅ ဦး၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) ဥက္ကဋ္ဌ ဦးမင်းနိုင် ဦးဆောင်၍ မန္တလေးမြို့ပေါ်ရှိ ဟိုတယ်/တည်းခိုရိပ်သာများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းအင်အား ၁၈၀၊ တောင်သမန်အင်း (ဦးပိန်) တံတား ငှက်လှေအသင်းနှင့် ဒေသခံဈေးသည်များ စုစုပေါင်း ၁၁၀၊ ဦးဝေယံမောင်နှင့် ဦးစန်းဝင်းထွန်း ဦးဆောင်၍ မင်းသီဟမုန့်လုပ်ငန်းမှ ဝန်ထမ်းအင်အား ၅၀၊ မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း (မန္တလေးဇုန်) မှ အတွင်းရေးမှူးနှင့် ဦးဝင်းဇော်ဦး ခေါင်းဆောင်သော အင်အား ၂၀ နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဆက်စပ်လျက်ရှိသော ညီနောင်အသင်းအဖွဲ့များ၊ ဦးပိန်တံတားတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့(Tourist Police) နှင့် ဖိတ်ကြားထားသူများ စုပေါင်း အင်အား ၄၅၀ ကျော် တက်ရောက်လုပ်အားပေးခဲ့ကြသည်။

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးရုံးခွဲ ညွှန်ကြားရေးမှူးဦးဆောင်၍ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) တို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ်အတွင်းတွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် မန္တလေးမြို့ရှိ ကမ္ဘာလှည့်ခရီးသွားအများဆုံးလာရောက် လည်ပတ်သည့် ဒေသများတွင် သန့်ရှင်းသာယာလှပရေး အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းနှင့် မိုးရာသီတွင် သစ်ပင်၊ ပန်းပင်စိုက်ပျိုးခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

## ဖွံ့ဖြိုးမှုနောက်ကျပြီး စောင့်ရှောက်မှုလိုအပ်သော ကလေးများအား ကျန်းမာရေးစစ်ဆေး

**ချမ်းအေးသာစံ ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီနှင့် ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းနှင့် New Hope Associationတို့ ပူးပေါင်း၍ မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် အထွေထွေဖွံ့ဖြိုးမှုနောက်ကျသော အထူးစောင့်ရှောက်မှုလိုအပ်သည့် ကလေးများကို ကျန်းမာရေးစစ်ဆေးခြင်းနှင့် ပညာပေးနှစ်သိမ့်ဆွေးနွေးခြင်းကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် ၆၂ လမ်းရှိ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း ကုသိုလ်ဖြစ်ဆေးခန်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းမြင့်နှင့်အမှုဆောင်များ တက်ရောက်ကြပြီးကလေးဆေးရုံကြီးမှအထူးကုဆရာဝန်ကြီးများက ကလေးငယ် ၁၀၀ ကျော်အား အခမဲ့ကျန်းမာရေးစစ်ဆေး၍ နှစ်သိမ့်ဆွေးနွေးပညာပေးနေမှုများကို ကြည့်ရှုအားပေးသည်။

အထွေထွေဖွံ့ဖြိုးမှုနောက်ကျသောအထူးစောင့်ရှောက်ရန်လိုအပ်သောကလေးများကို စောစီးစွာကုသလေ့ကျင့်သင်ကြားပေးခြင်းဖြင့် သိသာထင်ရှားသောအကျိုးရလဒ်များရရှိစေပြီးတန်ဖိုးရှိသောလူသားတစ်ဦးအဖြစ်ရပ်တည်နိုင်ရန်ဆောင်ရွက်ခြင်းဖြစ်သည်။ ဗြဟ္မစိုရ်လူမှုရေးအသင်းမှ ကလေးသူငယ်နေ့ပိုင်းစောင့်ရှောက်ရေးစင်တာကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်က ဖွင့်လှစ်ခဲ့ပြီး အသက်သုံးနှစ်မှ အသက် (၁၂) အထိ ကလေးများကို တစ်ပတ်သုံးကြိမ်ပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။

**သီဟကိုကို(မန္တလေး)**



## မင်းလှမြို့တွင် တောင်သူမျိုးစေ့သန့်စင်စက်ဖွင့်ပွဲကျင်းပ

**မင်းလှ ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးတွင် ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီက တောင်သူမျိုးစေ့သန့်စင်စက်ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က စိုက်ပျိုးထုတ်လုပ်ရရှိသောမျိုးစေ့များမှာမျိုးကောင်းမျိုးသန့်ဖြစ်ရုံနှင့်မပြီးဘဲ သန့်စင်ဖို့လည်းလိုအပ်ကြောင်း၊ ဒေသအလိုက်စိုက်ပျိုးထွက်ရှိလာသည့် မျိုးစေ့များစံချိန်စံညွှန်းမီစေရေးအတွက် မျိုးစေ့သန့်စင်ခြင်းမဖြစ်မနေဆောင်ရွက်နိုင်ရန် မျိုးစေ့သန့်စင်စက်များကို ပံ့ပိုးဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဦးအောင်ဇော်နိုင်က မျိုးစေ့သန့်စင်စက်နှင့် ပတ်သက်၍ရှင်းလင်းပြောကြားပြီးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်ကမျိုးစေ့သန့်စင်စက်များ ဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။ တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တက်ရောက်လာသူများက ပြခန်းနှင့် တောင်သူမျိုးစေ့သန့်စင်စက် ဖွင့်လှစ်မောင်းနှင်ပြသမှုအား ကြည့်ရှုကြသည်။

တောင်သူလယ်သမားများအနေဖြင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးထွက်ရှိလာသည့် မျိုးစေ့များကို အရည်အသွေးပြည့်မီသည့်မျိုးစေ့အဆင့်ထိရောက်ရှိရန်အတွက်သန့်စင်စက်များတွင်လာရောက်သန့်စင်ပြီးမှ အသုံးပြုရန်လိုအပ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## စပါးစိုက်ပျိုးသည့်တောင်သူများ ရေရှည်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**တောင်ငူ ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မြောက်ရေကြည်ကျေးရွာအုပ်စု ကျွန်းကုန်းကျေးရွာအုပ်စုအတွင်းရှိ နွေစပါးစိုက်ပျိုးသည့် တောင်သူများသည် ဆွာချောင်းဆည် DY-7 ရေမြောင်းမှတစ်ဆင့် စိုက်ပျိုးရေများပေးလျက်ရှိရာ ယခုနှစ်တွင် ဧက ၄၀၀ ကျော်အထိ တိုးချဲ့စိုက်ပျိုးနိုင်ပြီဖြစ်၍ ဒေသခံ တောင်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

တောင်ငူခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ရှိန်၊ ဦးစီးအရာရှိ ဦးသောင်တင်နှင့် ဝန်ထမ်းများသည် နွေးစပါးစိုက်ပျိုးလျက်ရှိသည့် တောင်သူများနှင့် ယနေ့နံနက်ပိုင်းတွင် ကျွန်းကုန်းကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်မှူးရုံး၌ တွေ့ဆုံခဲ့ရာ တောင်သူများအနေဖြင့် ရေရယူနိုင်မှုအခက်အခဲများမရှိစေရန် ကွင်းဆင်းဝန်ထမ်းများကို အောင်ရေရရှိသည်အထိ ရေပေးမြောင်းများအလိုက် တာဝန်များ ပေးအပ်ထားသည့်အတွက် နွေစပါးစိုက်ပျိုးလျက်ရှိသော တောင်သူများကိုယ်တိုင် ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ရှိန်က ပြောကြားသည်။

"ကျွန်တော်တို့က ရေမြောင်းတွေကိုကောင်းအောင် လုပ်ပေးထားတယ်။ အခြားသောတောင်သူတွေလည်း ရေရယူနိုင်ဖို့အတွက် မြောင်းတွေတူးပေးချင်တယ်။ တိုင်းဒေသကြီး ဘတ်ဂျက်၊ ပြည်ထောင်စု ဘတ်ဂျက်တွေရှိပါတယ်။ ဒါပေမယ့် တောင်သူတွေအချင်းချင်း ညှိနှိုင်းတိုင်ပင်ပြီးတော့ မြေပေးနိုင်မှုရမယ်။ ကျွန်တော်တို့က လုပ်ပေးနိုင်ပေမယ့် တောင်သူတွေဘက်က လိုအပ်တဲ့မြေ မပေးနိုင်တဲ့အခါမှာ လုပ်ရကိုင်ရခက်ခဲသလို တောင်သူအားလုံး လွှမ်းခြုံပြီး အကျိုးခံစားခွင့်မှာ နှောင့်နှေးကြန့်ကြာမှုတွေရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

နွေစပါးစိုက်ပျိုးချိန်တွင် တောင်သူများအချင်းချင်း ညှိနှိုင်းဆောင်ရွက်ကြသည့် ကွင်းများ၌ ရေသွင်း၊ ရေထုတ်စနစ်များကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ကြသည့်အတွက် အားလုံးအဆင်ပြေနိုင်ကြသော်လည်း အချို့ဒေသများတွင် အထက်အောက် ရေသွင်း၊ ရေထုတ်ပြုလုပ်ရာ၌ တစ်ဦးနှင့်တစ်ဦး အဆင်မပြေမှုများရှိကြရာ စိုက်ပျိုးပြီးသည့် စပါးသီးနှံများအောင်မြင်သင့်သလောက် မအောင်မြင်သဖြင့် အခက်အခဲများနှင့် ကြုံတွေ့ကြရသည်။

ထို့ကြောင့် တောင်သူများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးနေသော ပြည်သူ့ဝန်ထမ်းများ၏ လုပ်ငန်းများတွင် တောင်သူများပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါက ဖွံ့ဖြိုးတိုးတက်မှုများ လျင်မြန်စွာရရှိနိုင်မည်ဖြစ်၍ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## လမ်းမတော်မြို့နယ်တွင် နောက်ဖေးလမ်းကြားများ အဆင့်မြှင့်တင်ကွန်ကရစ်ခင်း

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ နောက်ဖေးလမ်းကြားများ သန့်ရှင်းသာယာစေရေးအတွက် မီးဖိုချောင်သုံး စွန့်ပစ်အမှိုက်များအား သိမ်းဆည်းရှင်းလင်း၍ အဆင့်မြှင့်တင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်က စီမံရေးရာဌာနမှူး ဦးမောင်မောင်ဇော်နှင့် တာဝန်ရှိသူများက လမ်းမတော်မြို့နယ်အတွင်းရှိ နောက်ဖေးလမ်းကြားများ အဆင့်မြှင့်တင် ကွန်ကရစ် ခင်းကျင်းနေမှုလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးနေမှုကို မြင်တွေ့ရသည်။

"အခုလောလောဆယ် နောက်ဖေးလမ်းကြား ခုနစ်ခုကို ဒုခြောက်လက်မ အမြင့်ရှိတဲ့ ကွန်ကရစ်ခင်းပေးနေတာပါ။ ဆက်လက်ပြီး အောက်တိုဘာလဆန်းပိုင်းမှာ နောက်ထပ် နောက်ဖေးလမ်းကြား ၁၄ ခုကို အဆင့်မြှင့်တင် ကွန်ကရစ်ခင်းဖို့ပြင်ဆင်နေပါတယ်"ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးကျော်အေးက နောက်ဖေးလမ်းကြားများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကိုရှင်းပြသည်။

ယခင်ကရန်ကုန်မြို့ရှိနောက်ဖေးလမ်းကြားအချို့တွင် မီးဖိုချောင်သုံးစွန့်ပစ်အမှိုက်များအား စည်းကမ်းမဲ့စွန့်ပစ်မှုများကြောင့် အနံ့ဆိုးများထွက်ပေါ်ပြီး မြေညီထပ်နေသူများက နောက်ဖေးတံခါးကို အမြဲတမ်းပိတ်ထားရသည်ဟုဆိုသည်။ ထို့ကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ နောက်ဖေးလမ်းကြားအမှိုက်များကို သယ်ယူသိမ်းဆည်းရှင်းလင်းပေးပြီး အဆင့်မြှင့် တင်ကွန်ကရစ်များခင်းပေးလျက်ရှိရာ လမ်းမတော်မြို့နယ်အမှတ် ၂ ရပ်ကွက်ဝါးတန်းလမ်းနှင့် ၅ လမ်းကြား(အလယ်)၊ အမှတ် ၃ ရပ်ကွက် ၈ လမ်းနှင့်လမ်းသစ်ကြား (အလယ်)၊ အမှတ် ၄ ရပ်ကွက် ၉ လမ်းနှင့် ၁၀ လမ်းကြား (အလယ်)၊ အမှတ် ၅ ရပ်ကွက် ၁၁ လမ်းနှင့် ၁၂ လမ်းကြား (အလယ်)၊ လှည်းတန်းလမ်းနှင့် ၁၂ လမ်းကြား(အလယ်)၊ အမှတ် ၆ ရပ်ကွက် ၁၃လမ်းနှင့်ဘုန်းကြီးလမ်းကြား(အလယ်)နှင့်အမှတ် ၇ ရပ်ကွက် ၁၅ လမ်းနှင့် ၁၆ လမ်းကြား(အလယ်) တို့တွင် ရာနှုန်းပြည့်နီးပါးပြီးစီးနေသည် ကိုမြင်တွေ့ရသည်။ **မောင်သုည**



## ကွန်ပျူတာနည်းပညာ ပြန့်ပွားရေးသင်တန်းဖွင့်

**သန်လျင် ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးရွာရှိ လူငယ်များ အတတ်ပညာနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဖေဖော်ဝါရီ ၅ ရက်က ဖားကူး(အရှေ့)ကျေးရွာ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကွန်ပျူတာနည်းပညာ ပြန့်ပွားရေးသင်တန်း ဖွင့်လှစ်သည်။

သင်တန်းသို့ ကျေးလက်လူငယ် စုစုပေါင်း ၈၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၄ ရက်အထိဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

## တောင်ဥက္ကလာပမြို့နယ်အတွင်းမိုးကာလ၌ရေလျှံမှုကင်းဝေးစေရေးလုပ်ငန်းများစဉ်ဆက်မပြတ် ဆောင်ရွက်ပေး

**တောင်ဥက္ကလာပ ဖေဖော်ဝါရီ ၈**

အရှေ့ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ လမ်းတံတားဌာန ခရိုင်မှူးတို့ဦးဆောင်ကာ တောင်ဥက္ကလာပမြို့နယ်အတွင်း မိုးကာလ၌ရေလျှံမှုများ ကင်းဝေးစေရန်ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်က ၄ ရပ်ကွက် သီလလမ်းနှင့် ပါရမီလမ်းတို့တွင် ရေစီးဆင်းမှုကောင်းမွန်စေရေး စက်ယန္တရားအသုံးပြု၍ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေဦးထံမှသိရသည်။



"ရေစီးရေလာလုပ်ငန်းကို ယခုကတည်းကကြိုတင်ဆောင်ရွက်တာပါ၊ တောင်ဥက္ကလာမှာ ရပ်ကွက်ကြီး ၁၃ ရပ်ကွက်ရှိပြီး ရေတင်ရေလျှံတဲ့ရပ်ကွက်တွေကို ဦးစားပေးပြီးလုပ်ပေးနေပါတယ်၊ တစ်ဆက်တစ်စပ်တည်း ရေနုတ်မြောင်းကျူးရှင်းလင်းခြင်း၊ မြောင်း မလွတ်တဲ့ သစ်ပင်တွေကိုပန်းဥယျာဉ်ဌာနနဲ့ ညှိနှိုင်းခုတ်ထွင်ပေးခြင်း၊ စက်ယန္တရားနဲ့မြောင်းချဲ့တဲ့အခါ ရေပိုက်တွေ ပျက်စီးမှုရှိပါတယ်။ ပျက်တဲ့ရေပိုက်တွေကိုလည်း သက်ဆိုင်ရာရေနဲ့ သန့်ရှင်းမှုဌာနနဲ့ ပူးပေါင်းပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပြီး ၁၄ ရပ်ကွက် သခင်ဖိုးလှကြီးလမ်း၊ ၁၀ ရပ်ကွက် ဇေယျာလမ်း၊ ၇ ရပ်ကွက် မင်းရဲကျော်စွာလမ်းတို့မှာရေနုတ်မြောင်းချဲ့လုပ်ငန်းတွေပြီးစီးလျက်ရှိပြီး ဖေဖော်ဝါရီ ၅ ရက်ကနေ ၇ ရက်ထိကို ၄ ရပ်ကွက်က သီလလမ်းနှင့်ပါရမီလမ်းတို့မှာဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟုမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးမြင့်ဆွေဦးက ပြောသည်။

**မောင်မောင်**

## စက်ရေတွင်းတူးဖော်နေမှုအားကြည့်ရှု

**ကျောက်တံခါး ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတိုင်းဒေသဦးစီးမှူးဦးမျိုးသိန်းသည် ပဲခူးခရိုင်ဦးစီးမှူးဦးတင်မော်သန်းနှင့်အတူ ဖေဖော်ဝါရီ ၇ ရက်မွန်းလွဲ ၂ နာရီက ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာတွင် လေးလက်မစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအားသွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည်လင်သန့်ရှင်းသောသောက်သုံးရေရရှိရန်လိုအပ်သည့်အပြင် နွေရာသီတွင် ရေပြတ်လပ်မှုမရှိဘဲ လုံလောက်စွာ ထွက်ရှိသုံးစွဲနိုင်ကြ ရန်လည်းတူးဖော်ဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

အဆိုပါ လေးလက်မ စက်ရေတွင်းသည်အနက်ပေ ၄၀၀ ထိတူးဖော်ကြရမည်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေနှင့် ယူနီဆက်ထောက်ပံ့ငွေတို့ဖြင့် ကျေးလက်ဦးစီးဌာနမှ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှစတင်လုပ်ငန်းဆောင်ရွက်ရာတွင် ၅၀ ရာခိုင်နှုန်းပြီးစီးအောင်မြင်ထားကြောင်း သိရသည်။

**၅၈၇**

## သက်ငယ်မုဒိမ်းမှုပပျောက်ရေးအသိပညာပေး

**သာကေတ ဖေဖော်ဝါရီ ၈**

သာကေတမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အောင်နိုင်က သာကေတမြို့နယ် ၁၀ တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီ ၆ ရက် ည ၇ နာရီက သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဆွေးနွေးခဲ့ရာ ရပ်ကွက်နေ အမျိုးသမီး ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ပြည်သူ့အားဖြင့် ဝိုင်းဝန်းကာကွယ်ရမည့် မူးယစ်ဆေးဝါး အန္တရာယ်

သန်းဖြိုးနိုင်(ကညင်ကျိုး)

နိုင်ငံအတွင်းရှိမြို့များတွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှုသတင်းများကို ယခုရက်ပိုင်း လပိုင်းအတွင်း အဆက်မပြတ်ဆိုသလို ကြားနေရသည်။ မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှုများလာသည်နှင့်အမျှ ဖမ်းဆီးရမိမှုပမာဏကလည်း များပြားသည်ထက်များပြားလာနေသည်ကိုတွေ့ရသည်။ များပြားလာသည့် မူးယစ်ဆေးဝါးများနှင့်အတူယှဉ်တွဲကာ ကြားခဲ့ရသည့် သတင်းများက လူငယ်များအနေဖြင့် မူးယစ်ဆေးဝါးနှင့် အရက်သေစာသောက်စားသုံးစွဲပြီး ရာဇဝတ်မှုကျူးလွန်မှုများ ယခုနောက်ပိုင်းတွင် မိုပိုအဖြစ်များလာခဲ့ခြင်းများပင်ဖြစ်သည်။ ၂၀၁၇ ခုနှစ်အတွင်း တစ်နိုင်ငံလုံးစာရင်းချုပ်အရ မူးယစ်ဆေးဝါး အမှုပေါင်း ၉၅၄၄ မှုမှ မူးယစ်ဆေးဝါးတန်ဖိုးငွေကျပ် ၃၅၃ ဒသမ ၆ ဘီလီယံဖိုး ဖမ်းဆီးရမိခဲ့ကြောင်း၊ ထိုဖမ်းမိစာရင်းတွင် ဘိန်း ၁၂၅၆ ကီလို၊ ဘိန်းဖြူ ၅၇၀ ဒသမ ၆ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၈ သိန်းကျော်၊ ဆေးခြောက် ၁၉၈ ဒသမ ၈ ကီလိုနှင့် အိုက်စ် ၁၁၀၇ ကီလို ပါဝင်ပြီး ၂၀၁၇ ခုနှစ် တစ်နှစ်လုံးအတွက် ဖမ်းမိသော အမှုပေါင်း ၉၅၄၄ မှုမှ တရားခံအမျိုးသား ၁၂၄၀၅ ဦးနှင့် တရားခံ အမျိုးသမီး ၁၅၉၅ ဦး စုစုပေါင်း တရားခံ ၁၄၀၀၀ ကို အမှုဖွင့်အရေးယူခဲ့ကြောင်း ဇန်နဝါရီလ ၂၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ခေါင်းကြီးပိုင်းသတင်းတွင် ဖော်ပြထားချက်အရသိရှိရသည်။

### မူးယစ်သားကောင်ဘဝ ရောက်မှန်းမသိရောက်နေ

ထို့အပြင် ယခု ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် သိန်းနီနှင့် ကွတ်ခိုင်မြို့တို့တွင် ကျပ် ဘီလီယံ ၇၀ ကျော်တန်ဖိုးရှိ ပမာဏအလွန်များပြားသော မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့သည့် သတင်းကလည်း ပူပူနွေးနွေးပင်ရှိနေသေးသည်။ တစ်ဖန်နောက်ဆုံးသတင်းအဖြစ် ဇန်နဝါရီလ ၂၃ ရက်နေ့ကလည်း ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ရွှေဆိုင်လုယက်မှုဖြင့် အလိုရှိသည့် တရားခံပြေး စောလီညွန့်(ခ)နဂါး(ခ)လက်ညှိုး ဦးဆောင်ကာ အဖွဲ့အစည်းအမည်ခံပြီး လက်နက်ကိုင်ဆောင် မူးယစ်ဆေးဝါးရောင်းချသည့် နေရာအား သတင်းအရ ပူးပေါင်းအဖွဲ့က ဝင်ရောက်ဖမ်းဆီးစဉ် နှစ်ဖက် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွား၍ နှစ်ဖက် ထိခိုက်ဒဏ်ရာရရှိပြီး ၎င်းတို့အဖွဲ့ထံမှ လက်နက်ခဲယမ်း၊ မူးယစ် ဆေးဝါး အပါအဝင် ဆက်စပ်ပစ္စည်းများနှင့်အတူ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ၁၀ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရပြန်သည်။

နေ့စဉ်ရက်ဆက်ဆိုသလို ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများအပေါ် လေ့လာကြည့်ရာတွင် ယနေ့အချိန်တွင် ပေါများလာနေသည့် မူးယစ်ဆေးဝါးများကို လူငယ်များမှာ အလွယ်တကူဝယ်ယူသုံးစွဲကြရင်းဖြင့် မူးယစ်သားကောင်ဘဝ ရောက်မှန်းမသိ ရောက်နေကြကြောင်း၊ ဖမ်းဆီးရမိသည့် ဖြစ်စဉ်တိုင်းတွင် ဖမ်းဆီးရမိသည့် ပမာဏမှာ အလွန်များပြားကြောင်း၊ တချို့နေရာများတွင် တရားမဝင်လက်နက်များ ကိုင်ဆောင်ထားကြသည်ကိုပင်တွေ့လာရကြောင်း သတင်းများတွင် တွေ့ရသည်။ ထိုသို့ပေါများလာသည့် မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင် သိုလှောင် ရောင်းချဖြန့်ဖြူးသူများ၏ နောက်ဆက်တွဲဆိုးကျိုးများကို အများအားဖြင့် လူငယ်များ လက်တွေ့ခံစားနေကြရကြောင်းလည်းသတင်းများတွင် တွေ့လာနေရသည်။

### တန်ဖိုးရှိလှသည့်အချိန်များ ကုန်ဆုံးနေရ

လူငယ်သဘာဝ အပျော်အဖြစ် မူးယစ်ဆေးကို သုံးစွဲမိရာက အနည်းအကျဉ်းပမာဏမိရုံဖြင့်ပင် ထောင်ထဲကို ရောက်သွားကြသည့် သူများမှာမနည်းတော့ကြောင်း၊ သူတို့ကို ဆေးရှူနေတုန်း ဖမ်းမိခံခဲ့ရကြောင်း၊ ဖမ်းမိသည့်အချိန်မှစလျှင် ယခုအချိန်ထိ ရှစ်လကျော် ကိုးလနီးပါးကြာနေသော်လည်း အမှုက ပြီးပြတ်ခြင်း မရှိသေးကြောင်း၊ ဆေးစစ်ထားသည့်အဖြေလည်း မရသေးကြောင်း၊ နှစ်ပတ်တစ်ကြိမ် ရုံးထုတ်ရက်ကို သွားလိုက်ပြန်လိုက်လုပ်ရင်းဖြင့်ပင် ၎င်းတို့၏ တန်ဖိုးရှိလှသည့် အချိန်များကို အချုပ်ခန်းအတွင်းမှာပင် ကုန်ဆုံးနေရကြောင်း၊ ၎င်းလိုပင် ထောင်ထဲတွင် မူးယစ်ဆေးမှုကြောင့် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ရောက်လာရသည့် လူငယ်များအများအပြားရှိနေကြောင်း၊ အဆောင်ထဲတွင် အကျဉ်းချခံထားရသူသုံးပုံနှစ်ပုံသည် မူးယစ်ဆေး သုံးစွဲမှုကြောင့် ရောက်ရှိလာသည့်သူမှာ အများဆုံးဖြစ်ကြောင်းနှင့် ထိုအထဲတွင် လူငယ်အများစု ပါဝင်နေကြောင်း ကိုယ်တိုင်တွေ့ကြုံခံစားနေရသည့် မူးယစ်သားကောင်ဖြစ်ခဲ့ရသည့် လူငယ်တစ်ဦးက ပြောကြားခဲ့သည်ကိုလည်း ဖတ်ခဲ့ရဖူးသည်။

### အနာဂတ်အရေး ရင်လေး

အဆိုပါမူးယစ်ဆေးဝါးများနှင့်ပတ်သတ်ပြီး ဥပဒေရှုထောင့်က လေ့လာကြည့်သည့်အခါ လက်ရှိအချိန်တွင် အာဏာသက်ဝင်ပြီး အစိုးရရှေ့နေရုံးများနှင့်တရားရုံးများက ကိုင်တွယ်ကျင့်သုံးလျက်ရှိနေသည်မှာ ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် 'မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ' ပင် ဖြစ်သည်။ ၎င်းဥပဒေ၏ ပုဒ်မ ၁၅တွင် 'ဆေးဝါးသုံးစွဲသူသည် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့်ဌာန သို့မဟုတ် ၎င်းကိစ္စအလို့ငှာ အစိုးရက အသိအမှတ်ပြုထားသည့် ဆေးကုဂေဟာတွင် မှတ်ပုံတင်ရန်



ပျက်ကွက်လျှင်ဖြစ်စေ၊ ဆေးကုသရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်လျှင်ဖြစ်စေ ထောင်ဒဏ်အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိချမှတ်ခြင်းခံရမည်' ဟု ပြဋ္ဌာန်းထားသည့်အတွက် သုံးစွဲနေကြသည့် လူငယ်များ၏ အနာဂတ်အရေးမှာ ရင်လေးစရာပင်ကောင်းနေလေသည်။

### လူငယ်များအတွက် စိုးရိမ်စရာ

အဆိုပါပုဒ်မပါပြဋ္ဌာန်းချက်အရဆိုလျှင် မူးယစ်ဆေးဝါးကို အလုံးအရင်းဖြင့် သယ်ဆောင်ရောင်းဝယ်သူများမှာ ရောင်းချပြီးပါက အေးအေးဆေးဆေး လွတ်လပ်သည့်သဘောဖြစ်နေပြီး ကျန်သည့်အပိုင်းသည်မူးယစ်ဆေးသုံးစွဲသူလူကြီး၊ လူငယ်များအပေါ်တွင်ပါ ပြင်းထန်စွာ ပြဋ္ဌာန်းထားသည့်သဘောသက်ရောက်နေကြောင်း၊ သုံးစွဲသူလူငယ်များအနေဖြင့် တစ်ပြားမိခဲ့လျှင်တောင် မြို့နယ်တရားရုံးက ထောင်ဒဏ်လေးနှစ်အထိ ချနေနိုင်ကြောင်း၊ ဒီပုဒ်မအရ ပြစ်မှုနဲ့ ပြစ်ဒဏ်မျှတမှုမရှိနေကြောင်း၊ နိုင်ငံတကာတွင် မူးယစ်ဆေးသုံးစွဲသူများကို ထောင်ချအရေးယူမှုမရှိသည့်အပြင် ဆေးကုသရာတွင် အတင်းအကျပ်ကုသခြင်းမလုပ်ဘဲ တစ်ကိုယ်ရည်သုံးစွဲရန် လက်ထဲမှာပင် သတ်မှတ်ပမာဏထားရှိပေးကြောင်း၊ နိုင်ငံတကာတွင် မူးယစ်ဆေးဝါးသုံးစွဲသူများကို လူသားဆန်သည့် ပြုစုစောင့်ရှောက်မှုများ ပြုလုပ်ပေးနေသော်လည်း မြန်မာနိုင်ငံအနေဖြင့်မူ ၁၉၉၃ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် 'မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅ အရ သုံးစွဲလျှင် ထောင်ဒဏ်သုံးနှစ်ကနေ ငါးနှစ်၊ ပုဒ်မ ၁၆ အရ လက်ဝယ်တွေ့ရှိလျှင် ထောင်ဒဏ် ငါးနှစ်ကနေ ၁၀ နှစ်ပြဋ္ဌာန်းထားပြီး ဒီပုဒ်မနှစ်ခုပေါင်းအမှုဖွင့်ခံရပါက အနည်းဆုံးထောင်ဒဏ် ကိုးနှစ်အထိ ကျနိုင်ကြောင်း၊ ထို့အတွက် ဥပဒေကို နားမလည်မသိရှိဘဲ ပေါများလာနေသည့် မူးယစ်ဆေးများကို အလွယ်တကူဝယ်ယူသုံးစွဲမိသည့် လူငယ်များအတွက် စိုးရိမ်စရာဖြစ်လာနေကြောင်း၊ ဥပဒေရေးရာ ကျွမ်းကျင်သူများက ဆိုနေကြသည်။

အဆိုပါဥပဒေအရ ဆေးခြောက်ဟု ယူဆရသည့် အရွက်ခြောက် တစ်ကျပ်သားလောက် လက်ဝယ်တွေ့ရှိရုံဖြင့် ၎င်းမျှပြင်းထန်သည့် ပြစ်ဒဏ်ကျခံရလျှင် ယခုနောက်ပိုင်း မူးယစ်ဆေးဝါးများသည် ပုံသဏ္ဍာန် မျိုးစုံနှင့် ထွက်လာနေပြီး လူငယ်များအကြားတွင် ပျံ့နှံ့မှုအား ကောင်းမွန်လာတာဖြစ်သည့်အတွက် ဥပဒေပိုင်းအရကြည့်လျှင် လူငယ်တွေအတွက် အတော်ကို စိုးရိမ်စရာဖြစ်လာနေကြောင်း ဝေဖန်သံတွေလည်း ထွက်ပေါ်လာနေခဲ့ခြင်းပင်ဖြစ်သည်။ ထိုပေါများလာနေသည့် မူးယစ်ဆေးများသည် လူငယ်များအကြားတွင် ပျံ့နှံ့မှုအားကောင်းလာသည်နှင့်အမျှ လူငယ်များအနေဖြင့်လည်း လက်တည့်စမ်းလိုခြင်း၊ လူငယ်သဘာဝ အပျော်သဘောနှင့် စမ်းသပ်ကြည့်လိုခြင်း၊ အပေါင်းအသင်းများမှမဲဆွယ်သဖြင့် သုံးစွဲမိခြင်းများ ပြုလုပ်ချိန်၊ ဆိုလိုသည်မှာ ထိုသို့ သုံးစွဲနေချိန်တွင် ဖမ်းဆီးခြင်းခံရမည်ဆိုလျှင် ထောင်ဒဏ် ငါးနှစ်၊ ခြောက်နှစ် ကျသွားနိုင်သည့် အခြေအနေအထိရှိနေသဖြင့် လူငယ်များအကြားနိုင်ငံအနှံ့အပြားတွင် အသိပညာပေးဟောပြောခြင်းများကို နယ်အနှံ့ ထိထိရောက်ရောက်ဆောင်ရွက်ပေးကြစေလိုတယ်လို့လည်း ပြည်သူများကဆိုနေခဲ့ကြသည်ကို ကြားနေရသည်။

### အမျိုးသားရေးတာဝန်တစ်ရပ်

သို့အတွက် နိဂုံးချုပ်အားဖြင့် တင်ပြရလျှင် ယခုရက်ပိုင်းအတွင်း ဖမ်းဆီးရမိမှုပမာဏ အလွန်များပြားလာနေသည့် မူးယစ်ဆေးဝါးများအပေါ် ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက်တားဆီးနှိမ်နင်းသွားရန်အချိန်တန်နေပြီဖြစ်ပါကြောင်းနှင့် ယနေ့အချိန်တွင် တောရွာမြို့ပါမကျန် ရောက်ရှိပျံ့နှံ့နေသည့် မူးယစ်ဆေးများ၏ နောက်ဆက်တွဲအဖြစ် သုံးစွဲမိကြသည့် လူငယ်များအတွက် မူးယစ်သားကောင်များအဖြစ်ကျရောက်နေကြရသည်ဖြစ်သည့်အတွက် အပြစ်ပေးအရေးယူခံရမည့်ဘေးမှ ကင်းလွတ်ကြစေခြင်းငှာ လက်ရှိကျင့်သုံးလျက်ရှိသည့် မူးယစ်ဆေးဝါးဥပဒေကို ထိုက်သင့်သလို ပြင်ဆင်ခြင်းနှင့် အဓိကသယ်ဆောင်ရောင်းဝယ်သူများကိုသာ ထိရောက်သည့်ပြစ်ဒဏ်များ ချမှတ်နိုင်ရေး၊ လက်ကားဖြန့်သည့် ပင်မဒိုင်ကြီးများ၊ လက်လီပြန်ဖြန့်ကြသည့် အရောင်းအဝယ်သမားများကို အမြစ်ပါမကျန် ရှင်းလင်းသုတ်သင်သွားကြရန် အချိန်တန်နေပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

> "လက်ရှိကျင့်သုံးလျက်ရှိသည့် မူးယစ်ဆေးဝါးဥပဒေကို ထိုက်သင့်သလို ပြင်ဆင်ခြင်းနှင့် အဓိကသယ်ဆောင်ရောင်းဝယ်သူများကိုသာ ထိရောက်သည့်ပြစ်ဒဏ်များ ချမှတ်နိုင်ရေး၊ လက်ကားဖြန့်သည့် ပင်မဒိုင်ကြီးများ၊ လက်လီပြန်ဖြန့်ကြသည့် အရောင်းအဝယ်သမားများကို အမြစ်ပါမကျန် . . ."




## ပါ့ခ်ဘိုဂမ်းမျက်နှာဖုံးနဲ့ မဂ္ဂဇင်း စတင်ဖြန့်ချိတဲ့ရက်မှာပင် အကုန်ရောင်းချခဲ့ရ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်တဲ့ ပါ့ခ်ဘိုဂမ်း မျက်နှာဖုံးရှင်အဖြစ် ပါဝင်ရိုက်ကူးပေးထားတဲ့ "Vogue Taiwan"မဂ္ဂဇင်းတွေကိုတော့ လတ်တလောမှာ စတင်ဖြန့်ချိခဲ့တာဖြစ်ပါတယ်။ ဒီလို ဈေးကွက်အတွင်း စတင်ချခဲ့တဲ့နေ့မှာပင် မဂ္ဂဇင်းတွေအားလုံး ကုန်အောင် ရောင်းချခဲ့ရတာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၆ ရက်မှာတော့ ပါ့ခ်ဘိုဂမ်းရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဘလွန်းဆွန်းအန်တာတိန်းမန့်က ကြယ်ပွင့်ရဲ့မျက်နှာဖုံးဓာတ်ပုံနဲ့ ထုတ်ဝေခဲ့တဲ့ "Vogue Taiwan"ရဲ့ ဖေဖော်ဝါရီလထုတ်မဂ္ဂဇင်းတွေကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၄ ရက်မှာ ဈေးကွက်အတွင်း စတင်ဖြန့်ချိခဲ့တာဖြစ်ကြောင်း၊ မဂ္ဂဇင်းအုပ်ရေ ၈၇၀၀၀ ကို စတင်ဖြန့်ချိပေးခဲ့တာဖြစ်ပြီး စတင်ထုတ်ဝေပြီးမကြာမီမှာပင် အားလုံးကို ရောင်းချခဲ့ရတာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်ပါတယ်။

"Vogue Taiwan" မဂ္ဂဇင်းဟာ ယခုလမှာ ၂၁ နှစ်မြောက် နှစ်ပတ်လည်ကို ဆင်နွှဲခဲ့တာဖြစ်ပြီး မဂ္ဂဇင်းရဲ့ နှစ်ပတ်လည်မှာတော့ ပါ့ခ်ဘိုဂမ်းကို မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခဲ့တာဖြစ်ပါတယ်။ ထိုင်ဝမ်မဂ္ဂဇင်းဖြစ်တဲ့ ယင်းမဂ္ဂဇင်းအတွက်တော့ ယခုနှစ်အတွင်းမှာ ပထမဆုံးအနေနဲ့ နိုင်ငံခြားသားအနုပညာရှင်ကို မျက်နှာဖုံးရှင်အဖြစ် ရိုက်ကူးခဲ့တာလည်း ဖြစ်ပါတယ်။ မင်းသားရဲ့ အေဂျင်စီက အဆိုပါမဂ္ဂဇင်းမှာ ပါ့ခ်ဘိုဂမ်းကို မျက်နှာဖုံးရှင်အဖြစ် ရိုက်ကူးလိုကြောင်း အံ့အားသင့်ဖွယ် ဆက်သွယ်ပြောကြားလာခဲ့တာဖြစ်ပြီး မဂ္ဂဇင်းတစ်ခုဟာ စတင်ဖြန့်ချိတဲ့နေ့မှာပင် အားလုံးကုန်အောင်ရောင်းချခဲ့ရတယ်ဆိုတာကလည်း အတော်လေးကို ဖြစ်တောင့်ဖြစ်ခဲကိစ္စဖြစ်တယ်လို့လည်း ဆိုပါတယ်။

ပါ့ခ်ဘိုဂမ်းဟာ လာမယ့် မတ် ၁ ရက်နဲ့ ဧပြီ ၁၁ ရက်တွေမှာ ဂွမ်ဟီးတက္ကသိုလ်မှာ ပရိသတ်တွေနဲ့ တွေ့ဆုံပွဲတွေ ပြုလုပ်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

## မက်ဟန်တန်မှာ တိုက်ခန်းသစ်ထပ်မံဝယ်ယူလိုက်တဲ့ တေလာဆွစ်

အမေရိကန်ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ဟာ လတ်တလောမှာတော့ နယူးယောက်က မက်ဟန်တန်အရပ်မှာ တိုက်ခန်းသစ်တစ်ခန်း ထပ်မံဝယ်ယူခဲ့တာဖြစ်ပါတယ်။ အသစ်ဝယ်လိုက်တဲ့ တိုက်ခန်းဟာ ဖရန့်ခ်လင်း ၁၅၅ လမ်းမှာရှိပြီး ဒုတိယထပ်မှာရှိတဲ့ တိုက်ခန်းဖြစ်ပါတယ်။ ယခင်ကလည်း တေလာဆွစ်ဟာ မက်ဟန်တန်မှာပင် တိုက်ခန်းသစ်နဲ့ ဘလောက်တစ်ခုတည်းမှာ တိုက်ခန်းနှစ်ခန်း ဝယ်ယူခဲ့ပြီးဖြစ်တာကြောင့် လတ်တလောထပ်မံဝယ်ယူလိုက်တာဟာ တတိယမြောက်ပါ။ မက်ဟန်တန်အရပ်မှာပင် တေလာဆွစ်ဟာ တိုက်ခန်းတွေဝယ်ယူဖို့အတွက် အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၇ သန်း သုံးစွဲခဲ့ပြီးဖြစ်တယ်လို့ အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက်(၂၈)နှစ်အရွယ်ရှိပြီဖြစ်တဲ့ "Look What You Made Me Do"တေးသီချင်းရှင် တေလာဆွစ်ဟာ လတ်တလောဝယ်ယူခဲ့တဲ့ တိုက်ခန်းကို အမေရိကန်ဒေါ်လာ ၉ ဒသမ ၇၅ သန်းနဲ့ ဝယ်ယူခဲ့တာဖြစ်ကြောင်း နယူးယောက်ပို့စ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ ဘလောက်တစ်ခုတည်းမှာပင် ယခင်တေလာဆွစ်ဝယ်ယူခဲ့တဲ့ တိုက်ခန်းနှစ်ခန်းကတော့ အပေါ်ဆုံးအထပ်မှာရှိတဲ့တိုက်ခန်းတွေဖြစ်ကာ ယင်းအခန်းနှစ်ခန်းကိုဆက်ကာ တေလာဆွစ်က အနားယူအပန်းဖြေရင်း ရုပ်မျှော်ခင်းတွေကြည့်ရှုဖို့ရာ ပန့်ထ်ဟောက်စ်ကို ဖန်တီးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ ယင်းနှစ်ခန်းတွဲတိုက်ခန်းဟာ စတုရန်းပေ ၈၀၀၀ ကျယ်ဝန်းပြီး အခန်းအတွင်း ထည့်သွင်းအသုံးပြုဖို့ရာ ပစ္စည်းတွေအတွက် တေလာဆွစ်က အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၅ သန်း အကုန်ခံဝယ်ယူခဲ့တာဖြစ်ပါတယ်။ ယင်းပစ္စည်းတွေကိုတော့ "Lord of the Rings" ရုပ်ရှင်ရဲ့ ဒါရိုက်တာ ပီတာဂျက်ဆင်ပိုင်ဆိုင်ခဲ့တာဖြစ်ပြီး တေလာဆွစ်က ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်မှာ လွှဲပြောင်းဝယ်ယူခဲ့တာဖြစ်ပါတယ်။

တေလာဆွစ်ဟာ ဖရန့်ခ်လင်း ၁၃၅ လမ်းနဲ့ကပ်လျက်မှာလည်း အမေရိကန်ဒေါ်လာ ၁၈ သန်းတန်ဖိုးရှိ နေအိမ်တစ်လုံးပိုင်ဆိုင်ပါတယ်။ နယူးယောက်က ပိုင်ဆိုင်မှုတွေအပြင် တေလာဆွစ်ဟာ ဗီဘာလီဟေးလ်၊ နက်ရှ်ဗေးလ်နဲ့ ရုတ်ဒ်ကျွန်းပေါ်မှာလည်း နေအိမ်တွေ ပိုင်ဆိုင်နေသေးကြောင်းလည်း သိရပါတယ်။

## ကားသုံးစီးဆင့်တိုက်မှုမှာ ပါဝင်ခဲ့တဲ့ ဘရက်ပစ်



ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဘရက်ပစ်ဟာ လတ်တလောမှာ လော့စ်အိန်ဂျလိစ်မှာရှိတဲ့ သူ့ရဲ့နေအိမ်အနီးမှာ ကားတိုက်မှု ဖြစ်ခဲ့တာပါ။ ဘရက်ပစ်မောင်းလာတဲ့ကားဟာ ငွေမင်ရောင် နစ်ဆန်းကားကို ဝင်တိုက်မိခဲ့ပြီး အဲဒီအရှိန်ကြောင့် ရှေ့မှာရှိနေတဲ့ ကုန်တင်ကားကို ဆက်တိုက်မိခဲ့တာဖြစ်ပါတယ်။ ယာဉ်သုံးစီးဆင့်တိုက်ခဲ့ပေမယ့် ဘရက်ပစ်ကတော့ ဒဏ်ရာရရှိခဲ့ခြင်းမရှိဘူးလို့ အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက်(၅၄)နှစ် အရွယ်ရှိပြီဖြစ်တဲ့ ဘရက်ပစ်ဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၅ ရက်မှာ ယာဉ်တိုက်မှုဖြစ်ခဲ့တာပါ။ မင်းသားရဲ့ နေအိမ်အနီးမှာ ဖြစ်ပျက်ခဲ့တဲ့ အဆိုပါ ယာဉ်တိုက်မှုကို ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို ရေဒါအွန်လိုင်းက ထုတ်ဖော်ပြသလာခဲ့တာဖြစ်ပါတယ်။ ယင်းဓာတ်ပုံတွေအရ ဘရက်ပစ်ဟာ ယာဉ်တိုက်မှု ဖြစ်ပြီးပြီးချင်းမှာပင် သူဝင်တိုက်မိခဲ့တဲ့ ကားတွေရဲ့ ယာဉ်မောင်းတွေနဲ့ စကားပြောခဲ့ပါတယ်။ အချင်းချင်းဆက်သွယ်နိုင်မယ့် လိပ်စာတွေ၊ ဖုန်းနံပါတ်တွေပေးကြကာ ယာဉ်တိုက်မှုကြောင့် ပျက်စီးခဲ့တာတွေကို ဖုန်းတွေနဲ့ ဓာတ်ပုံရိုက်ယူခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ နောက်ဆုံးမှာတော့ ဘရက်ပစ်နဲ့ နစ်ဆန်းကားဒရိုင်ဘာတို့ လက်ဆွဲနှုတ်ဆက်ခဲ့ကြတာကိုလည်း တွေ့ရတာကြောင့် အချင်းချင်း ပြေလည်ခဲ့ကြဟန်လည်း ရှိပါတယ်။

တစ်ချိန်က လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့တဲ့ ဟောလိဝုဒ်ရဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဘရက်ပစ်နဲ့ အန်ဂျလီနာဂျိုလီတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်းမှာတော့ လမ်းခွဲခဲ့ကြပါတယ်။ ဒီလိုဇနီးသည်နဲ့ ကွာရှင်းပြီးနောက်မှာတော့ ဘရက်ပစ်ဟာ အနုပညာလှုပ်ရှားမှုတွေကို အနည်းငယ်သာပြုလုပ်ခဲ့ပြီး တိတ်ဆိတ်တဲ့ဘဝမျိုးမှာ နေထိုင်နေကာ အချိန်အများစုကိုတော့ သူ့ရဲ့နေအိမ်မှာသာ ကုန်ဆုံးခဲ့တာဖြစ်ပါတယ်။ အန်ဂျလီနာဂျိုလီနဲ့ သူ့ရဲ့ ရင်သွေးလေးခြောက်ဦးရှိခဲ့ပေမယ့် ကလေးတွေဟာ မိခင်ဖြစ်သူနဲ့သာ အတူနေထိုင်ကြတာဖြစ်ပါတယ်။ ဘရက်ပစ်ကတော့ ကလေးတွေဆီ သွားရောက်လည်ပတ်ကာ တစ်ခါတလေ အတူတွေ့ဆုံကြတာမျိုးတွေသာ ရှိကြောင်းလည်း သိရပါတယ်။

သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ ဘရက်ပစ်ဟာ ကလေးတွေနဲ့ အတော်ကြာမှသာ တစ်ကြိမ်တွေ့ဆုံတာဖြစ်ပြီး နေအိမ်မှလည်း ထွက်ခွာခဲ့ကြောင်း သိရပါတယ်။ ဒ့ါအပြင် ဘရက်ပစ်ဟာ သူ့ရဲ့ဘဝကို တိတ်တဆိတ်နဲ့ သီးခြားနေထိုင်လိုတာဖြစ်တယ်လို့လည်း သိရပါတယ်။



## အင်စတာဂရမ်ပေါ်မှာ ဘီယွန်းစေးကို အနိုင်ယူလိုက်တဲ့ ခိုင်လီဂျန်နာ

အသက်(၂၀)အရွယ် ရုပ်သံကြယ်ပွင့်တစ်ဦးဖြစ်သူ ခိုင်လီဂျန်နာဟာ လတ်တလောမှာတော့ သမီးလေး မွေးဖွားခဲ့ပြီးနောက် ဘီယွန်းစေးရဲ့ အင်စတာဂရမ်ပေါ်မှာ နှစ်သက်မှုအများဆုံးရရှိခဲ့တဲ့ စံချိန်ကို ချိုးဖြတ်ခဲ့တာဖြစ်ပါတယ်။ သမီးဦးလေး စတောင်မီရဲ့ ဓာတ်ပုံတွေကို အင်စတာဂရမ်ပေါ်မှာ ဖော်ပြခဲ့ရာမှာတော့ ယခင်က ကြိုက်နှစ်သက်မှုအများဆုံးရရှိထားတဲ့ ပေ့ါပ်ကြယ်ပွင့် ဘီယွန်းစေးရဲ့ စံချိန်ထက် ကျော်လွန်ခဲ့တာဖြစ်ပါတယ်။ ခိုင်လီဂျန်နာနဲ့ ရက်ပ်တေးသံရှင် ထရားဗစ်စကော့ထ်တို့ရဲ့ သမီးလေး စတောင်မီဝက်ဘ်စတာရဲ့ ပထမဆုံးသော ဓာတ်ပုံကို ခိုင်လီဂျန်နာရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၆ ရက်က စတင်ဖော်ပြခဲ့ရာမှာတော့ ကြိုက်နှစ်သက်မှုအကြိမ်ပေါင်း ၁၅ သန်း ရရှိခဲ့တာဖြစ်တယ်လို့ အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယခင်က စံချိန်တင်ထားခဲ့သူ ဘီယွန်းစေးကတော့ သူ့ရဲ့ ဒုတိယမြောက်ကိုယ်ဝန်လွယ်ထားစဉ်ရိုက်ကူးထားတဲ့ဓာတ်ပုံနဲ့ ကြိုက်နှစ်သက်မှုအများဆုံးရရှိခဲ့သူအဖြစ် မှတ်တမ်းဝင်ခဲ့တာပါ။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်အတွင်းမှာ စတင်ဖော်ပြခဲ့တဲ့ ယင်းဓာတ်ပုံကတော့ လက်ရှိမှာ ကြိုက်နှစ်သက်မှုအကြိမ်ပေါင်း ၁၁ သန်းခန့် ရရှိထားတာဖြစ်ပါတယ်။ ဘီယွန်းစေးရဲ့ရှေ့မှာ စံချိန်တင်ခဲ့သူကတော့ ပေ့ါပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်ဖြစ်ပါတယ်။

အေးပြည့်- စုစည်းသည်

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# သက်သေထွက်ဆိုချက်မည်သို့ရယူရေးမှတ်မည်နည်း

မောင်စာဂ

> **“ အမှန်တရားပေါ်ပေါက်ရေးအတွက် သက်သေအရာ ပမာပုံပြဆိုရသည်ရှိသော် “ဝသုန္ဒရေ ဤမြေပံသု သက်သေအရာ၌ တည်စေသော်” ဟူသည့် မြန်မာတို့၏ ဆိုရိုးစကားရှိသည်။ မြတ်ဗုဒ္ဓသည်ပင်လျှင် မာနတ်နှင့် စစ်သည်တော်များ ဗောဓိပင်နှင့် ရွှေပုလ္လင်ကိုလုယူ၍ ကြံစည်အားထုတ်ရာ၌ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်ဖြည့်ကျင့်ခဲ့သော ပါရမီဓာတ်အဟုန်ကို . . . ”**

အမှန်တရားပေါ်ပေါက်အောင်ဆုံးဖြတ်ရန် သက်သေထွက်ဆိုချက်က အဓိကကျသည်။ သက်သေထွက်ဆိုချက်များအရ တရားရုံးက အဆုံးအဖြတ်ပြုရသည်။ ယုံကြည်ထိုက်သော သက်သေထွက်ဆိုချက်များ ဟုတ်၊ မဟုတ် ဆင်ခြင်ရသည်။ ခိုင်မာသော သက်သေခံချက် ဟုတ်၊ မဟုတ် စိစစ်ရသည်။ အဆုံးအဖြတ်ပေးခြင်းသည် တရားသူကြီးမဟုတ်၊ သက်သေထွက်ဆိုချက်များက ဖြစ်သည်ဟု ဆိုကြသည်။ သက်သေထွက်ဆိုချက် အရေးကြီးသည်ကို ဖော်ညွှန်းခြင်းဖြစ်သည်။ ဤသို့ဆိုလျှင် မှန်ကန်သော၊ ခိုင်မာသော သက်သေထွက်ဆိုချက်များကို မည်သို့ရယူရမည်နည်း၊ မည်သို့ ရယူနေကြသနည်း၊ ဆင်ခြင်စောကြောမိသည်။ ကြုံတွေ့ခဲ့ရသည်များ မျှဝေပါရစေ။

## မည်သူတွေကသက်သေဖြစ်လာကြသနည်း

မှုခင်းကိစ္စတစ်ရပ်နှင့်စပ်လျဉ်း၍ ကိုယ်တိုင်သိရှိသူ၊ ကိုယ်တိုင်မြင်တွေ့သူ၊ ကိုယ်တိုင်ကြားသိသူတို့သည် သက်သေအဖြစ် ရောက်ရှိလာတတ်ကြသည်။ မှုခင်းကိစ္စဖြစ်စဉ်တစ်ခုလုံးကို တွေ့မြင်၊ သိရှိ၊ ကြားသိသူလည်း ဖြစ်နိုင်သည်။ တစ်စိတ်တစ်ပိုင်းကိုသာ တွေ့မြင်၊ သိရှိ၊ ကြားသိသူလည်း ဖြစ်နိုင်သည်။ အသက်အရွယ်ငယ်သည့်ကလေး၊ အသက်အရွယ်ကြီးသည့် အိုမင်းမစွမ်းသူ၊ ယောကျ်ား၊ မိန်းမ၊ စာတတ်သူ၊ စာမတတ်သူ၊ ရုံးဝန်ထမ်း၊ ရုံးအရာရှိ၊ ဆင်းရဲသူ၊ ချမ်းသာသူ၊ မျက်မမြင်သူ၊ ဆွံ့အနားမကြားသူ စသည်ဖြင့် အမျိုးမျိုးအထွေထွေ ဖြစ်နိုင်သည်။

## မည်သူတွေက သက်သေခံနိုင်ခွင့်ရှိကြသနည်း

မည်သူတွေသာ သက်သေခံနိုင်ခွင့်ရှိသည်ဟူ၍ သက်သေခံအက်ဥပဒေတွင် တိတိကျကျ ဖော်ပြမထားပါ။ မှုခင်းဖြစ်ရပ်ကို သိရှိသူ၊ တရားရုံးကမေးသောမေးခွန်းကို ကောင်းစွာနားလည်၍ ကောင်းစွာ ဖြေဆိုနိုင်စွမ်းရှိသူ မည်သူမဆို အသက်အရွယ်မရွေး၊ ကျားမမရွေး သက်သေခံနိုင်ခွင့်ရှိသည်။ ဆွံ့အနားမကြားသူဖြစ်နေလျှင် ခြေဟန်လက်ဟန်ပြ၍ မေးသောမေးခွန်းများကို ကောင်းစွာနားလည်၍ ကောင်းစွာပြန်လည်ဖြေဆိုတတ်လျှင် ထိုသူသည်လည်း သက်သေခံနိုင်ခွင့် ရှိသည်။

## သက်သေဖြစ်လိုကြပါသလား

သက်သေဖြစ်လိုကြပါသလားမေးလျှင် အများစုက သက်သေမဖြစ်လိုကြ။ သက်သေလိုက်ရမှာကို ကြောက်ကြသည်။ အချိန်ကုန် အလုပ်ပျက်သည်။ တရားရုံးသို့ပင် မသွားလို မရောက်လိုကြ။ တရားရုံးတွင် အစစ်ဆေးခံလျှင် မေးသောမေးခွန်းများကို မဖြေတတ်၊ မဖြေချင်ကြ။ အဖြေမှားလျှင် အရေးယူခံရမည်လား စိုးရိမ်ကြသည်။ နှစ်ဖက်အမှုသည်များ၏ ရှေ့မှောက်တွင် ထွက်ဆိုချက်ပေးရမည်ကို အားနာနေတတ်သည်။ မျက်နှာပူတတ်ကြသည်။ မလွဲမသွေ သက်သေအဖြစ် အစစ်ခံရလျှင် ဝိုးတိုးဝါးတားနှင့် မရေရာ မသေချာ ထွက်ဆိုအစစ်ခံတတ်ကြသည်။

တချို့ကတော့ သက်သေလိုက်လိုကြသည်။ မှုခင်းဖြစ်စဉ်ကို သေသေချာချာတွေ့မြင်သိရှိသည်။ အမှန်တရားဖြစ်စေဖို့ သက်သေဖြစ်လိုကြသည်။ အမှန်အတိုင်းထွက်ဆိုချက် ပေးတတ်ကြသည်။ အချို့ကတော့ မိမိနှင့်သိကျွမ်းသူဘက်က သက်သေလိုက်ပေးလိုသည်။ မိမိသိကျွမ်းသူကို အနိုင်ရစေလိုသည်။ နည်းနည်းလောက်သိသည်ကို များများပုံကြီးချဲ့၍ ထွက်ဆိုတတ်ကြသည်။ ဤသို့သောအခြေအနေကြောင့် သက်သေတစ်ဦးထံမှ မှန်ကန်သော ထွက်ဆိုချက်များကို ရယူနိုင်ဖို့ လိုအပ်သည်။

## သက်သေခံချက်များကိုရယူရေးမှတ်နည်း

သက်သေခံချက်များကို ဤသို့သောနည်းလမ်းများဖြင့် ရယူရေးမှတ်သည်။

(က) တရားသူကြီးကိုယ်တိုင်ရယူရေးမှတ်သည်။

(ခ) တရားသူကြီးကိုယ်တိုင် နှုတ်တိုက်ချပေး၍ ရယူရေးမှတ်သည်။

(ဂ) တရားသူကြီးကိုယ်တိုင် ညွှန်ကြားကြီးကြပ်မှုဖြင့် ရယူရေးမှတ်သည်။

ရုံးသုံးဘာသာစကားဖြင့် ရေးမှတ်သည်။ သက်သေက ရုံးသုံးဘာသာစကား မတတ်ကျွမ်းလျှင် နားလည်တတ်ကျွမ်းသည့် စကားပြန်ဖြင့် မေးမြန်း၍ရေးမှတ်သည်။ သာမန်အားဖြင့် အမေးအဖြေ ပုံစံဖြင့် မရေးမှတ်ရပါ။ ပြောပြသည့်ပုံစံမျိုးဖြင့် ရေးမှတ်ယူရသည်။ လိုအပ်လျှင် တရားသူကြီးက မေးခွန်းနှင့်အဖြေကို ရေးမှတ်ယူနိုင်သည်။ ပြီးလျှင်သက်သေကို ဖတ်ပြရသည်။ သက်သေက ပြင်ဆင်စရာရှိလျှင် ပြင်ခွင့်ပေးရသည်။ သက်သေအား စစ်ဆေးစဉ် အဆိုပါသက်သေ၏ အမူအယာနှင့် စပ်လျဉ်း၍ အရေးပါသည်ဟု တရားသူကြီးက ထင်မြင်လျှင် ယင်းထင်မြင်ချက်ကိုလည်း ရေးမှတ်ရသည်။ သက်သေခံချက်များကို တရားခွင်တွင် လူသိရှင်ကြားရေးမှတ်ယူရသည်။ ပြီးလျှင်တရားသူကြီးက လက်မှတ်ရေးထိုးရသည်။ သက်သေခံချက်သည် အမှုတွဲမှတ်တမ်း၏ အစိတ်အပိုင်း ဖြစ်စေရသည်။

## မှန်ကန်ပြည့်စုံဖို့လိုသည်

သက်သေခံချက်များ ရယူရေးမှတ်သည့်အခါသက်သေက ထွက်ဆိုသည့်အတိုင်း မှန်မှန်ကန်ကန်ဖြစ်ဖို့လည်းလိုသည်၊ ပြည့်ပြည့်စုံစုံဖြစ်ဖို့လည်းလိုသည်။ သို့မှသာ တရားရုံး၏ ဆုံးဖြတ်ချက်သည် မှန်ကန်မည်။ ပြည့်စုံမည်။ သို့မဟုတ်ပါက အမှန်တရားကို ဖော်ထုတ်၍ အဆုံးအဖြတ်ပေးနိုင်မည်မဟုတ်၊ တရားမျှတမှု ပျောက်ပျက်သွားရပေလိမ့်မည်။

## ကိုယ်တွေ့ကြုံခဲ့ရသည်များ

တရားသူကြီးကိုယ်တိုင် သက်သေခံချက်များ ရယူရေးမှတ်သည့်အခါ သို့မဟုတ် တရားသူကြီးက နှုတ်တိုက်ချပေးပြီး သက်သေခံချက်များ ရယူရေးမှတ်သည့်အခါ အခက်အခဲမရှိ ချောမွေ့သည်။ သက်သေခံချက်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်စုံစုံ ရယူရေးမှတ်နိုင်သည်။ တရားသူကြီး၏ ညွှန်ကြားကြီးကြပ်မှုဖြင့် သက်သေကို စစ်မေးမြန်းသည့်ရှေ့နေက မေးမြန်းပြီး ယင်းရှေ့နေက နှုတ်တိုက်ချပေးသည့် သက်သေခံချက်ကို ရယူရေးမှတ်ရသည့်အခါ သတိကြီးစွာထားရသည်။ တစ်ချက်ကလေးမျှ လွတ်သွား၍မရ။

စာရေးသူအနေဖြင့် တရားခွင်အသီးသီး၌ သက်သေများကိုစစ်မေး၍ သက်သေခံချက်များ ရယူရေးမှတ်ရာတွင် အစိုးရရှေ့နေတစ်ဦးအဖြစ် အမှုတော်တော်များများတွင် ပါဝင်ဆောင်ရွက်ခဲ့ဖူးသည်။ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများတွင် သက်သေခံချက်များ ရယူရေးမှတ်ရာတွင် တရားခွင် တရားသူကြီးတစ်ဦးကဲ့သို့ သက်သေတော်တော်များများကို စစ်ဆေးမေးမြန်းမှု ဆောင်ရွက်ခဲ့ဖူးသည်။ မှတ်မှတ်သားသား တွေ့ကြုံခဲ့ရသည်များထဲမှ အနှစ်ချုပ်၍ ဖော်ပြပါရစေ။

ရှေ့နေတချို့က သက်သေကို မေးခွန်းရှည်ရှည်ကြီးမေးပြီး သက်သေ၏ ဖြေဆိုချက်ထဲမှ သူအလိုရှိသည့်အဖြေကိုသာ ရယူရေးမှတ်တတ်သည်။ သက်သေဖြေတာတွေ ကျန်နေသေးတယ်၊ အားလုံးကို ရေးမှတ်ယူဖို့ပြောပြရသည်။

ရှေ့နေတချို့က သက်သေကိုမေးခွန်းမေးပြီး သူအလိုရှိသည့် အဖြေမရသေးလျှင် နောက်ထပ်မေးခွန်းများ ဆက်၍ဆက်၍ မေးတတ်သည်။ နေဦးလေ ပထမမေးခွန်းအပေါ် သက်သေက ဖြေဆိုခဲ့တာတွေကိုရေးမှတ်ယူဖို့ ပြောပြရသည်။

ရှေ့နေတချို့က မေးခွန်းနှစ်ခုသုံးခုကို တစ်ခါတည်းပေါင်း၍ မေးတတ်သည်။ သက်သေက နားမလည်၍ နောက်ဆုံးမေးခွန်းကို ဟုတ်တယ်လို့ဖြေလိုက်လျှင်ရှေ့ကမေးခွန်းတွေလည်း ဟုတ်သည့် သဘောသက်ရောက်သွားတတ်သည်။ မေးခွန်းတစ်ခုပြီးမှ တစ်ခုမေးပါဆိုပြီး ပြောပြရသည်။

ရှေ့နေတချို့က မေးခွန်းမေးပြီး သက်သေက ဖြေဆိုသော်လည်း သက်သေ၏ ဖြေဆိုချက် ရှုပ်ထွေးအောင် ပြန်ပြန်ပြီး မေးခွန်းများထပ်၍ထပ်၍ မေးနေသဖြင့် သက်သေက ဘာပြောရမှန်းမသိ ဖြစ်သွားတတ်သည်။ ထို့ကြောင့် ရှေ့နေကြီးမေးခွန်းပြန်မေးပါ။ အဲဒီမေးခွန်းအတိုင်း ရေးမှတ်ထားမယ် ပြောပြီး ရှေ့နေ၏မေးခွန်းကို ရေးမှတ်ထားပြီးမှ သက်သေအား မေးခွန်းကိုဖတ်ပြပြီး ဖြေခိုင်းရသည်။ သက်သေထွက်ချက်အတိုင်းရေးမှတ်ရသည်။

ရှေ့နေတချို့က သက်သေကို ၎င်းမေးတာပဲ ဟုတ်ရင် ဟုတ်တယ်ဖြေ၊ မဟုတ်ရင်မဟုတ်ဘူးဟု ဖြေဆိုပြီး သက်သေကို အကျပ်ကိုင်သကဲ့သို့ မေးမြန်းတတ်သည်။ အချို့သောမေးခွန်းများသည် ဟုတ်သည် မဟုတ်ဘူးဟူ၍ ဖြေဆိုရုံနှင့် လုံလောက်တတ်သည်။ သို့သော် အချို့သောမေးခွန်းမျိုးသည် ဟုတ်သည်၊ မဟုတ်ဘူးဟူ၍ ဖြေဆိုရုံနှင့် မလုံလောက်။ အကြောင်းပြချက်နှင့်ဖြေမှ ရသည်မျိုးလည်း ရှိတတ်သည်။ ထိုအခါမျိုးတွင် ရှေ့နေကြီးမေးလို့ သက်သေက ဖြေရတာပဲ။ သူဖြေတာတွေအားလုံး မှတ်တမ်းရေးမှတ်ပါဟု ပြောရသေးသည်။

တရားသူကြီးက အထက်ပါကဲ့သို့ ပြောပြပေးနေရသော်လည်း ရှေ့နေတချို့က လိုက်နာမှု အားနည်းတတ်သောကြောင့် တရားသူကြီးက ရှေ့နေကြီး ခင်ဗျားမေးသာမေးပါ။ သက်သေထွက် ဆိုချက်ကို ကျွန်တော်ကပဲ နှုတ်တိုက်ချ မှတ်တမ်းတင်ရေးမှတ်တော့မယ်ဗျာဟူ၍ ပြောပြရသည်ကိုလည်း ကြုံဖူးသည်။

အထက်ပါအချက်များသည် သက်သေအား ရှေ့နေက ပြန်လှန်မေးခွန်းမေးမြန်းရာတွင် ကြုံတွေ့ရသည်များမှ အချို့ကိုသာ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။

## သက်သေနှင့်ရန်ပွားဖို့မလို

ရှေ့နေတချို့က သက်သေကိုစစ်မေးယင်း သက်သေနှင့် ရန်ပွားသလို ဖြစ်နေတတ်သည်။ လေသံမာမာနှင့် မေးသည်။ သက်သေကလည်း လေသံမာမာနှင့်ဖြေသည်။ ကျွန်တော်မေးတာကိုပဲဖြေ၊ အပိုတွေမဖြေနဲ့ ၊ ဟုတ်ရင် ဟုတ်တယ်ဖြေ၊ မဟုတ်ရင်မဟုတ်ဘူးဖြေ၊ ခင်ဗျားဖြေချင်သလိုဖြေလို့မရဘူး၊ ခင်ဗျားရှေ့နေအလှည့်ကျ ပြန်ရှင်းမေးလိမ့်မည်ဟူ၍လည်း ပြောတတ်ကြသည်။ သက်သေစိတ်အနှောင့်အယှက်ဖြစ်ရသည်။

သက်သေကို “ခင်ဗျားအခင်းဖြစ်ပွားတဲ့အချိန်က အဲဒီအခင်းဖြစ်ပွားတဲ့နေရာမှာ ခင်ဗျားမရှိဘူးလို့ ကျွန်တော်ကပြောမယ်၊ ခင်ဗျားဘာပြောမလဲ။” “ခင်ဗျားအနေနဲ့ သေတဲ့လူကို တရားခံက ဓားနဲ့ခုတ်တယ်ဆိုတာ မမြင်ဘဲနဲ့မြင်တယ်ဆိုပြီး ထွက်ဆိုသွားတယ်လို့ ကျွန်တော်က ပြောရင် ခင်ဗျား ဘာပြောမလဲ။” ဤသို့သော မေးခွန်းမျိုးသည် ရှေ့နေတော်တော်များများ၏ လက်သုံးလိုဖြစ်နေသည်။ တကယ်တော့ ဤမေးခွန်း၏ ရလဒ်အဖြေသည် ထိရောက်မှုမရှိပါ။ သက်သေကဖြေ ဆိုတတ်လျှင် သက်သေ၏ထွက်ဆိုချက်ကို ပိုမိုခိုင်မာသွား စေနိုင်သည်။

ဤသို့သောမေးခွန်းကို သက်သေတစ်ဦးက ပြန်လည်ပြောကြားပုံကို သဘောကျနှစ်ခြိုက်မိခဲ့သည်။ သက်သေက “အခင်းဖြစ်တဲ့နေ့က သေသူကို တရားခံက ဓားနဲ့ခုတ်တာ ကျွန်တော်မြင်ပါတယ်လို့ သေသေချာချာ ထွက်ဆိုပြီးခဲ့ပြီပဲ။ အခုရှေ့နေကြီးက ကျွန်တော့်ကို မမြင်ဘဲနှင့် မြင်တယ်ဆိုပြီး ထွက်ဆိုတယ်လို့ပြောလာတော့ အဲဒါရှေ့နေကြီးရဲ့ အပြောပဲလေ။ ကျွန်တော်ဘာပြောဖို့ရှိ မှာလဲ” ဟူ၍ ပြန်ဖြေလိုက်သည်။ ရှေ့နေကြီးခင်ဗျာ ကြောင်သွားသည်။ ဘာဆက်မေးရမှန်း မသိတော့၊ ကျွန်တော်မေးစရာမရှိတော့ပါဘူးဆိုပြီး ထိုင်သွားသည်။

## သူ၏သက်သေဟုပင်ထင်မှတ်သွားသည်

အချို့သောရှေ့နေများကတော့ သက်သေနှင့် ရန်ပွားသကဲ့သို့ မေးမြန်းခြင်းမပြု။ ဥပဒေဘောင် အတွင်းက သူအလိုရှိသော သက်သေခံချက်များ ရယူနိုင်အောင် ရင်းရင်းနှီးနှီး ၊ ညင်ညင်သာသာနှင့် သက်သေကို မေးမြန်းသည်။ သက်သေ၏ အောက်ကနေပြီး ပျော့ပျော့ပြောင်းပြောင်းနှင့် ဥပဒေပါ အကျိုးခံစားခွင့်များရရှိအောင် ဆွဲဆောင်သိမ်းသွင်း မေးမြန်းသည်။ တစ်ဖက်ရှေ့နေက သက်သေကို ခင်ဗျားက ကျုပ်သက်သေနော်၊ သူ့သက်သေမဟုတ်ဘူးလို့ ပြောလာရသည်အထိ ဖြစ်သွားရသည်။ ဥပဒေပါ အကျိုးခံစားခွင့်များကို သူ၏အမှုသည်အတွက် ရသွားစေနိုင်သည့် သက်သေခံချက်များကိုရယူသွားနိုင်သည်။

## သက်သေအရာ၌တည်ပါစေ

အမှန်တရားပေါ်ပေါက်ရေးအတွက် သက်သေအရာ ပမာပုံပြဆိုရသည်ရှိသော် “ဝသုန္ဒရေ ဤမြေပံသု သက်သေအရာ၌ တည်စေသော်” ဟူသည့် မြန်မာတို့၏ ဆိုရိုးစကားရှိသည်။ မြတ်ဗုဒ္ဓသည်ပင်လျှင် မာနတ်နှင့် စစ်သည်တော်များ ဗောဓိပင်နှင့်ရွှေပုလ္လင်ကိုလုယူ၍ ကြံစည်အားထုတ်ရာ၌ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင် ဖြည့်ကျင့်ခဲ့သော ပါရမီဓာတ်အဟုန်ကို ဝသုန္ဒရေမြေစောင့်နတ်က သက်သေအရာ၌တည်ပြီးလျှင် အောင်မြင်ခဲ့ရသည့်ထုံး ရှိပေသည်။

သစ္စာတည်သည့်သက်သေ၊ အမှန်တရား၏သက်သေ၊ ဘက်လိုက်ခြင်းကင်းသည့်သက်သေ၊ အရှိအတိုင်း၊ အသိအတိုင်း၊ အမြင်အတိုင်း၊ အကြားအတိုင်း၊ ဟုတ်တိုင်းမှန်ရာထွက်ဆိုအစစ်ခံသည့် သက်သေ၊ မရိုးမဖြောင့်၊ မမှန်မကန်၊ လိမ်လည်ခြင်းနှင့် မုသားကင်းသည့်သက်သေဖြစ်ရန်မှာ တရားသူကြီး၊ နှစ်ဖက်ရှေ့နေဆိုင်ရာ အမှုသည်နှင့် ဆိုင်ရာသက်သေတို့၏ ပင်ကိုစိတ်ရင်း အမှန်နှင့် ပြုမူပြောဆို လုပ်ဆောင်ချက်တို့အပေါ် အရင်းခံသည်။ တရားကိုနတ်စောင့်ပါသည်။ အမှုမှန်ပေါ်ပေါက်ရေးအတွက် မှန်ကန်သော သက်သေထွက်ဆိုချက်များသည် လွန်စွာ အရေးကြီးသည်။ သက်သေသည် သက်သေအရာ၌ တည်ပါစေ။

သက်သေများထံမှ မှန်ကန်၍ပြည့်စုံသော သက်သေခံချက်များ ရယူရေးမှတ်နိုင်ရေး တရားသူကြီးနှင့် တရားရုံးအကျိုးဆောင်ရှေ့နေများ ပူးပေါင်းဆောင်ရွက်သွားနိုင်ကြပါစေ။ ။

# တနင်္သာရီမြစ်ကိုဖြတ်၍တနင်္သာရီတံတားသစ်တစ်စင်းအားစီမံကိန်းလုပ်ငန်းများဆောင်ရွက်

**တနင်္သာရီ ဖေဖော်ဝါရီ ၈**

ရန်ကုန်-မြိတ်-ကော့သောင်းနယ်စပ်အထိသို့ သွားရောက်မည့် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်တွင် အဓိကကျသည့် တနင်္သာရီ တံတားသစ်တစ်စင်းကို အန္တရာယ်ကင်းရှင်းစွာ ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၄)မှ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် တနင်္သာရီမြစ်ကို ဖြတ်၍ တနင်္သာရီသံမဏိသံပေါင်တံတား သစ်တစ်စင်းကို ဆောက်လုပ်မည်ဖြစ်ရာ လက်ရှိတွင် ရေလယ်တိုင်များ ဘိုးပိုင်အုတ်မြစ်ချရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားသည် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၂၀၁၇-၂၀၁၈) ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၆၀၂၀ ဖြင့် သံမဏိသံပေါင်တံတားဖြစ်ပြီး တံတားအရှည်မှာ ချဉ်းကပ်လမ်းပါ ၁၄၄၃ ပေ၊ တံတားအကျယ် ၃၄ ပေ ၆ လက်မ၊ ချဉ်းကပ်တံတားမှာ R.C/O.CG krder & R.C Concrete၊ မြစ်ရေကင်းလွတ်အမြင့်မှာ ၁၉ ပေ ၆လက်မ၊ ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ်မှာ သုံးပေစီဖြစ်ပြီး ခွင့်ပြုယာဉ် အလေးချိန်မှာ ၇၅ တန်အထိ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးအဖွဲ့(၄)ထံမှ သိရသည်။

၎င်းတံတားအား အသစ်ဆောက်လုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ယခင် ၂၀၀၀ ပြည့်နှစ်က တစ်လမ်းသွားစနစ်ဖြင့် တည်ဆောက်ခဲ့သည့် တနင်္သာရီ ဘေလီတံတားမှာ ယခုအခါ သဘာဝဘေးဒဏ်များ၊ နေ့စဉ်ဖြတ်သန်းသွားလာနေကြသော ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းမှုကြောင့် တံတား၏ ကြမ်းခင်းများ ဆွေးမြည့်နေပြီး တံတား၏ခံနိုင်ဝန်မှာ ယာဉ်နှင့်ကုန် ၁၃ တန်ခန့်သာ ဖြတ်သန်းသွားလာနိုင်သဖြင့် ယခုကဲ့သို့ နှစ်လမ်းသွား သံမဏိသံပေါင် တံတားသစ်အား တည်ဆောက်ပေးခြင်းဖြစ်သည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**





## ကိုယ်ဝန်ဆောင်မိခင်များနှင့် ရင်သွေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးမှာကြား

**ထားဝယ် ဖေဖော်ဝါရီ ၈**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါက်တာစန်းစန်းမြင့်အောင်၊ အတွင်းရေးမှူး ဒေါ်နွယ်နီအုန်း၊ တနင်္သာရီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာအေးနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၈ နံနက် ၈ နာရီခွဲက ထားဝယ်မြို့ သဗျာကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းတွင် ကိုယ်ဝန်ဆောင်မိခင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က အသင်း၏လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းဆွေးနွေးပြောကြားပြီး သားဖွားခန်းတွင် မွေးဖွားပစ္စည်း ကိရိယာများအားကြည့်ရှုစစ်ဆေး၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် ရင်သွေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးအတွက်တာဝန်ရှိသူများအားမှာကြားကာ ကိုယ်ဝန်ဆောင် မိခင်များနှင့် မီးဖွားနေသည့် မိခင်များအားကျန်းမာရေး စစ်ဆေးပေး၍ ကိုယ်ဝန်ဆောင် မိခင်များအား ဖြည့်စွက်အာဟာရနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဆန်းချီရပ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ 'မေမေ့ရင်ခွင်' မူလတန်းကြိုကျောင်းသို့ ရောက်ရှိပြီး မူကြိုကလေးငယ်များအား ကျောင်းဝတ်စုံ ၆၉ စုံအားပေးအပ်၍ မူကြိုကလေးငယ်များအား ကြက်သားဆန်ပြုတ်ကျွေးမွေးသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ရုံး အစည်းအဝေးခန်းမ၌ ထားဝယ်ခရိုင်အတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံခဲ့ကြောင်း သိရသည်။ **ထားဝယ်ခရိုင်ပြန်/ဆက်**

## မြစ်မ်းရောင်စီမံကိန်းလုပ်ငန်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မယ်စဲ့ ဖေဖော်ဝါရီ ၈**

ကယားပြည်နယ် မယ်စဲ့မြို့နယ်အတွင်း မြစိမ်းရောင် စီမံကိန်းချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများဖြင့် ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအား ကယားပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောဒီးဒီ၊ ဘောလခဲခရိုင်ဦးစီးမှူး ဦးစိုးလင်းနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြစိမ်းရောင်စီမံကိန်း ချေးငွေဖြင့် ဆောင်ရွက်နေသော ဟိုစဲ့ကျေးရွာ၊ နန့်မန်းကျေးရွာ၊ နန့်ပိန်းလင်ကျေးရွာများရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည်များကိုမှာကြားခြင်းနှင့် ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံ၍ စာရင်းဇယားထိန်းခြင်း အားနည်းမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းတွင် ကျေးရွာပြည်သူများ၏ လိုအပ်ချက်အရတင်ပြမှုအပေါ် ဦးစားပေးဆောင်ရွက်နေသည့် ဟိုစဲ့ကျေးရွာနှင့် နန့်မန်းကျေးရွာခန်းမဆောင် (၃၀×၆၀×၁၂) ပေအုပ်ညှပ်တစ်ထပ်၊ စီမံကိန်း ထောက်ပံ့ငွေကျပ် ၂၂၇ သန်းဖြင့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်နေသော ဝမ်ကန်ကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဘဏ္ဍာနှစ်အတွင်းပြီးစီးရေး တွန်းအားပေးဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးစိုးလင်းသည် မြို့နယ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဌာနတွင်းလုပ်ငန်းများ စာရင်းစစ်ကန့်ကွက်ချက် လျော့နည်းစေရေးအတွက် အင်ဂျင်နီယာ၊ စီမံ၊ ငွေစာရင်း၊ စီမံကိန်း ဌာနစိတ်များကို ကဏ္ဍအလိုက် စာရင်းဇယားများ စစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**



## ဆည်ရေစီမံခန့်ခွဲမှုသင်တန်းသားများ ရေပေးဝေရေးလုပ်ငန်းများအားကွင်းဆင်းလေ့လာ

**ပဲခူး ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ (ITC Bago) တွင် ဖွင့်လှစ်လျက်ရှိသော ဆည်ရေ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၄) မှ သင်တန်းသား၊ သင်တန်းသူများသည် ယနေ့ နံနက်ပိုင်းက လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံ ဆည်ရေသောက်ဧရိယာ လက်ဝဲမြောင်းမကြီးပေါ်ရှိ လက်တံခွဲမြောင်းများမှ ဆည်ရေပေးဝေမှုလုပ်ငန်းများ၊ ရေပေးမြောင်းများ၊ ရေနုတ်မြောင်းများ၊ ရေထိန်းအဆောက်အအုံများအား ကွင်းဆင်းလေ့လာခဲ့ကြပြီး ဆည်ရေစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ဆောင်ရမည့် တူးမြောင်းအတွင်း ရေထုထည်စီးနှုန်း တိုင်းတာတွက်ချက်ခြင်းများကိုပါ လေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် စိုက်ပျိုးရေစနစ်တကျ စီမံခန့်ခွဲမှုနည်းစနစ်များ၊ ရေသုံးစွဲသူအဖွဲ့ (Water User Group) များ ဖွဲ့စည်းရာတွင် လိုအပ်သည့် ဖွဲ့စည်းပုံနည်းစနစ်များ၊ ဌာနနှင့် ရေအသုံးပြုသူလယ်သမားများ ပူးပေါင်းကာ ဆည်ရေကိုအကျိုးရှိစွာ စီမံခန့်ခွဲနိုင်မည့်နည်းစနစ်များ ၊ရာသီဥတုပြောင်းလဲမှုကြောင့် ဆည်ရေစီမံခန့်ခွဲမှုအပေါ် အကျိုးသက်ရောက်မှုများ ရှင်းလင်းဆွေးနွေး သွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ၄၀ တက်ရောက်ကြောင်း သိရသည်။

**သူရအောင်(ပြည်)**

## ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းမှ တဲကြီးကုန်းကျေးရွာ ဝင်ငွေတိုးတက်ရရှိရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ တဲကြီးကုန်းကျေးရွာတွင် ၂၀၁၈ ခုနှစ်အတွင်း စီမံဆောင်ရွက်ပေးမည့် ဆယ်မာအူးလ်အွန်ဒုံ(ကျေးရွာသစ်ဖွံ့ဖြိုးရေး) စီမံကိန်းလုပ်ငန်းစီမံချက်များထဲမှ ဝင်ငွေတိုးတက်ရရှိရေးစီမံကိန်းအဖြစ် ချေးငွေများထုတ်ချေးပေးနိုင်ရေး တဲကြီးကုန်းကျေးရွာ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းဥက္ကဋ္ဌ ဦးသန်းထွန်းနှင့်အဖွဲ့ဝင်များက ယနေ့ မွန်းလွဲပိုင်းတွင် ကျေးရွာစာကြည့်တိုက်၌ စတင် ဆောင်ရွက်ပေးသည်။

ကျေးရွာနေပြည်သူများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးစသည့် စီမံကိန်းသုံးခုဖြင့် အခြေခံပြီးဆောင်ရွက်ရမည့် ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကို ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ တဲကြီးကုန်းကျေးရွာအုပ်စု တဲကြီးကုန်း၊ ဂုံမင်းအင်းနှင့် ရှားတောကျေးရွာများတွင် ဆောင်ရွက်ပေးလျက်ရှိရာ "ဒီနှစ်က ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကိုဆောင်ရွက်နိုင်ဖို့ ကျပ်သိန်း ၂၇၀ ကျော်ရတယ်၊ စီမံကိန်းသုံးခုနဲ့ ဆောင်ရွက်သွားမယ်၊ လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာသုံးခန်းမတစ်ဆောင် ဆောက်လုပ်ပေးသွားမယ်၊ ဝင်ငွေတိုးတက်ရရှိရေး စီမံကိန်းအတွက် သတ်မှတ်ချက်နဲ့အညီ လျှောက်လွှာတွေလည်း ခေါ်ယူနေပါတယ်၊ တိုးတက်မှုစံနှုန်းနဲ့ကြည့်ပြီး အဆင့်လိုက် သတ်မှတ်ချက်တွေရှိလို့ အကောင်းဆုံးအဆင့် တစ်ခုရရှိဖို့ ကျေးရွာနေပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမှာပါ"လို့ တဲကြီးကုန်းကျေးရွာ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်း ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းက ပြောသည်။

အဆိုပါ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းထဲမှ ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၂၇၀ ကျော် ချထားပေးပြီး လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးတွင် ၄၅ ရာခိုင်နှုန်း၊ ဝင်ငွေတိုးတက်ရရှိရေးတွင် ၅၀ ရာခိုင်နှုန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတွင် ငါးရာခိုင်နှုန်းစီ အသီးသီးခွဲဝေအသုံးပြုနိုင်ကြောင်း သိရသည်။ **သန့်မောင်**

## (၁၀)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ ဖိတ်ကြားခြင်း

မြန်မာနိုင်ငံမီးသတ်ဝန်ထမ်းဟောင်းများအသင်း၏ (၁၀) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မီးသတ်ဝန်ထမ်းဟောင်းများအား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၈-၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၀၀ နာရီ
နေရာ - ရန်ကုန်မြို့၊ တာမွေမြို့နယ် (ကျောက်မြောင်း)
မီးသတ်တပ်ဖွဲ့စခန်း

**မြန်မာနိုင်ငံမီးသတ်ဝန်ထမ်းဟောင်းများအသင်း**

## ပိန်းဇလုပ်ကျောင်းပရိယတ္တိစာသင်တိုက် အာဟာရနှစ်ထပ်ဆွမ်းစားကျောင်း ရေစက်ချ ကျောင်းလှူတတ်ပူဇော်ပွဲ အလှူတော်မင်္ဂလာ ဖိတ်ကြားလွှာ

နေ့ရက် - ၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၂) ရက်
၁၂-၂-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) (ပြည်ထောင်စုနေ့)
လိပ်စာ - ပိန်းဇလုပ်ကျောင်းပရိယတ္တိစာသင်တိုက်
အလယ်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ရောင်ခြည်ထိစ်
10',14',15' ...
Ph:09-450454771
09-450454772
09-450454773

## လူထုဆက်သွယ်ရေးအတတ်ပညာ မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

ကျေးဇူးရှင် ဆရာ၊ ဆရာမများအား ပူဇော်ကန်တော့ရန်နှင့် သူငယ်ချင်းများ ပြန်လည်ဆုံတွေ့နိုင်ရန်ရည်ရွယ်၍ အမှတ်(၁) ဒေသကောလိပ်၊ လူထုဆက်သွယ်ရေးအတတ်ပညာမှ ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများအနေဖြင့် တက်ရောက် ပူဇော်ကန်တော့နိုင်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** ။ ။ ၂၅-၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့)
**အချိန်** ။ ။ နံနက် ၉ နာရီမှ ၁၁ နာရီ
**နေရာ** ။ ။ M3 FOOD CENTER

UEC United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
KG - Grade 10
အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP

၂၀၁၈ - ၁၉ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။
အဆင့်မြင့်ဘော်ဒါ - ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ Air-con တပ် အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။
DAY CAMP - (၄) တန်းမှ ... SPECIAL CAMP ...
မူလတန်း၊ အလယ်တန်း - English 4 - skills၊ ... Kids invent သော Extracurricular Activities များပါဝင်သည်။
▪ Limited Class size ...
▪ (၄) ထပ် အဆင့်မြင့် ... Air-con ...
Ph: 09 7800 20647, 09 7938 93725, 09 7938 93726, 09 7910 10526




SEVEN စံ
09-33 333 511
09-33 333 514
09-33 333 644









## (၇၄) ကြိမ်မြောက် စာပြန်ပွဲ၊ ဂုဏ်ပြုပွဲနှင့် စာအောင်ဆုနှင်းသဘင် ကျင်းပမည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်ကျောင်းတိုက်ကြီး၌ (၇၄)ကြိမ်မြောက် သဒ္ဓမ္မဇ အာဂမ+ သဘာဝ နှစ်ဌာန စာပြန်ပွဲကို ၁၀-၂-၂၀၁၈ ရက် မှ ၁၆-၂-၂၀၁၈ ရက် အထိ ကျင်းပမည်ဖြစ်ပြီး၊ ၂၀၁၇ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲ၌ တစ်နိုင်ငံလုံး သီလရှင်ပထမ (အဂ္ဂအကျော်) ဘွဲ့ရဆရာလေး မဇ္ဈနညာဏီ၊ သာသနဒ္ဓဇ ဓမ္မာစရိယဘွဲ့ရ ဆရာလေး (၃)ပါးတို့အား ဂုဏ်ပြုပွဲနှင့် စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ၁၈-၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကျင်းပလိုပါသဖြင့် စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ၁၈-၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ဒါယကာ၊ ဒါယိကာမများ ကိုယ်တိုင် ကြွရောက်ကြည်ညို သဒ္ဓါပွားများကြပါရန် မေတ္တာရှေ့ထား ဖိတ်ကြားအပ်ပါသည်။

**စာပြန်ပွဲဖြစ်မြောက်ရေးအဖွဲ့**

ဝန်းဧတာရီ
Feb - 28, Mar 1, 23 April - 12

**ဒလသင်္ဘောကျင်းဆင်း MARINE ENGINEERS များ**

နှစ်ပတ်လည်မိတ်ဆုံစားပွဲ ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန်။

၁။ ဦးမျိုးထွန်း ဖုန်း-၀၉-၇၃၀၈၅၀၀၂
၂။ ဦးကျော်မြင့်(တိတ်ကီ) ဖုန်း-၀၉-၇၆၉၈၀၂၇၈၈
၃။ ဦးထွန်းလွင် ဖုန်း-၀၉-၇၆၅၀၀၃၅၁၉

**ကျင်းပမည့်ရက် - ၁၇-၂-၂၀၁၈ ရက် (စနေနေ့)**
**ကျင်းပမည့်နေရာ - ပန်ဒါစားတော်ဆက် အမှတ်(၂၀၅)၊ ဝါးတန်းလမ်း**
**ကျင်းပမည့်အချိန် - ညနေ ၆ နာရီ**

ဝေတနာကောင်းမှု ပညာရေးကောင်းမည်
**မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း**

"Social Business"

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| သူငယ်တန်း | ညနေ ၁း၃၀ မှ ၅း၃၀ နာရီ | ၅၀,၀၀၀ | ၃၀၀၀၀ |
| ၁-တန်း | း | ၅၀,၀၀၀ | ၃၀၀၀၀ |
| ၂-တန်း | း | ၅၀,၀၀၀ | ၃၀၀၀၀ |
| ၃-တန်း | း | ၅၅,၀၀၀ | ၃၀၀၀၀ |
| ၄-တန်း | း | ၅၅,၀၀၀ | ၃၀၀၀၀ |
| ၅-တန်း | း | ၅၅,၀၀၀ | ၃၀၀၀၀ |
| ၆-တန်း | း | ၅၅,၀၀၀ | ၃၀၀၀၀ |
| ၇-တန်း | း | ၅၅,၀၀၀ | ၃၀၀၀၀ |
| ၈-တန်း | နံနက် ၇း၀၀ နာရီမှ ၁၂း၀၀ နာရီ | ၆၀,၀၀၀ | ၅၀၀၀၀ |
| ၉-တန်း | း | ၆၅,၀၀၀ | ၅၀၀၀၀ |
| ၁၀-တန်း | း | ၆၅,၀၀၀ | ၅၀၀၀၀ |

(ကျောင်းပြောင်းလက်မှတ်ကို ရှိလျှင်ယူပေးပါ)
ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ
**ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)**
**သမိုင်းတံခွန် ဦးထွန်းနွယ်**
**ပညာနန်းတော်**
**အ.ထ.က**
**ကိုယ်ပိုင်အထက်တန်းကျောင်း၊ အထူးအဆင့်မြင့်ဘော်ဒါ**
**ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း**
အတန်းငယ်များကို ဘော်ဒါလက်မခံပါ။
**ကျောင်းအပ်လက်ခံနေပါပြီ**

**အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ**

ရုံးချုပ် - 118 A/B ကွန်ရွေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ Tel : 01-577 605, 09 782 216 338 pnndschool ကျောင်း > A-8, A-9 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ။



Shwe La Min
**ရွှေလမင်း ဆေးရုံ**

Stay 3 Night
Save 1 Night



**မြန်မာ့နှစ်သစ်ကူးအတာသင်္ကြန်ကို ကြိုဆိုသောအားဖြင့်(၁.၃.၂၀၁၈ မှ ၃၀.၄.၂၀၁၈) ရက်နေ့အတွင်း အခန်းခများကို (၃) ရက် နေခဲ့လျှင် (၁) ရက် လျှော့ပေးခြင်းနှင့် (Medical Check Up Package) ကျန်းမာရေးစစ်ဆေးခြင်းများကို အထူးလျှော့ဈေးပေးမည် ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။**

ရွှေလမင်းဆေးရုံ(၁) : အမှတ်(၁၂၅၄)၊ သုဓမ္မာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။
Hot Line : 01-655612

ရွှေလမင်းဆေးရုံ(၂) : အမှတ်(၁၅/၁၉)၊ ဖော်ကီလမ်း၊ လမ်းမတော်မြို့နယ်။
Hot Line : 01-2301949

ရွှေလမင်းဆေးရုံ(၃) : အမှတ်(၃၂)၊ ဗိုလ်စောမောင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ဟင်္သာတမြို့။
Ph:044-2021375,2022799

ရွှေလမင်းဆေးရုံ(၄) : အမှတ်(၁)၊ ရှမ်းစုလမ်း၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့။
Ph-057-2026202,2026855




## ပရဟိတ ကလေးများဘ၀ ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ၂၀၀၁ ခုနှစ်တွင် မိဝေးဖဝေး၊ မိမဲ့ဖမဲ့၊ မိဘမဲ့၊ ဆင်းရဲနွမ်းပါး ကလေးများဖြင့် နိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား/ကျောင်းသူ ကလေးပေါင်း (၃၂၄)ဦးကို ထိန်းသိမ်းစောင့်ရှောက် ပညာသင်ကြားပေးလျက်ရှိပါသည်။ (၁၆)နှစ်တာခရီးတိုင်အောင် ဖြတ်သန်းလာရသော်လည်း အမာခံ ငွေပင်ငွေရင်း ကျောထောက်နောက်ခံမရှိခြင်း၊ ရပ်ဝေးအလှူရှင်အားနည်းခြင်း စသောအကြောင်းများကြောင့် လိုအပ်ချက်များ ရှိနေပါသည်။

အထူးသဖြင့် ကလေးများအတွက် ကျွေးမွေးရေး ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ ကြက်သွန် စသော မီးဖိုချောင်သုံးပစ္စည်းများ လိုအပ်ခြင်း၊ "သုံးထပ်ကျောင်းဆောင်"လိုအပ်ခြင်းတို့သည် အရေးကြီးဆုံးများဖြစ်သည်။ သို့ဖြစ်၍ စေတနာရှင် မိဘပြည်သူများသည် ဤကျောင်းရှိ ကလေးများအား မိမိတို့၏သားသမီးပမာ ကရုဏာထား၍ အနာဂတ်မှာ ရွှေရောင်တောက်ပဖို့ ဝိုင်းဝန်း၍ မြေတောင်မြှောက်ကြပါရန် အထူးမေတ္တာရပ်ခံ နှိုးဆော်အသိပေးအပ်ပါသည်။

**အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည်။**

၁။ ကျောင်းအုပ်ဆရာတော်
ဖုန်း-၀၉-၇၉၆၆၂၅၇၀၀၊ ၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀
ရွှေဂုံတိုင် ကမ္ဘောဇဘဏ်အကောင့်နံပါတ်
ဦးဇဋိလ (A/C No.007-301-00700708002)
CB Bank U ZATILA (A/C No.00926001 00002526)
ကမ္ဘာ့ရတနာဘဏ် U ZATILA (A/C No.1101210001113)
ဘဏ်စာရင်းသို့ နီးစပ်ရာဘဏ်၌ ထည့်သွင်း၍ လှူဒါန်းနိုင်ပါသည်။

၂။ ဦးအောင်လွင်-ဒေါ်ချိုချိုထွေး (ငြိမ်းချမ်းရေးနှင့်ကမ္ဘာကျော် ပင်ရင်းထီဆိုင်ကြီး)
အမှတ်(၁၆၈/၁၈၈)၊ အခန်း(၄)၊ ၂၇လမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၄၉၂၀၈၊ ၀၁-၂၄၈၀၈၈၊ ၀၁-၂၄၉၀၁၃၊ ၀၁-၂၄၉၀၁၅

**မှတ်ချက်**
- ကျိုက်ထီးရိုးဘုရားဖူးရင်း တစ်ခေါက်တစ်ခါ အရောက်လာစေချင်ပါသည်။ ကျိုက်ထီးရိုးဘုရားနှင့် (၁၇)မိုင်ခန့်သာ ကွာပါသည်။
- ကေလာသဘုရား၊ ကျိုက်ထီးဆောင်းဘုရားနှင့် (၁)မိုင်ခန့်သာ ကွာပါသည်။
- မည်သူ့ကိုမျှ အလှူခံ စေလွှတ်ထားခြင်းမရှိပါ။

သီတဂူအာယုဒါနဆေးရုံတော်၊ စစ်ကိုင်းတောင်ရိုး (၂၀၁၇-၂၀၁၈) နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကုသိုလ်ဖြစ် အထူးကုသမှု အစီအစဉ်
အမေရိကန်နိုင်ငံမှ Alliance for Smiles Mission နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ အထူးကုဆရာဝန်များအဖွဲ့နှင့် Rotary Club of Yangon ၏စီစဉ်မှုဖြင့် "(၄)ကြိမ်မြောက်" ကုသိုလ်ဖြစ် အထူးကုသမှုကို ယခုနှစ်တွင် စစ်ကိုင်းတောင်ရိုး စစ်ကိုင်းမြို့၊ သီတဂူအာယုဒါနဆေးရုံတော်၌ (၁၉.၃.၂၀၁၈) မှ (၃၀.၃.၂၀၁၈) အထိ လာရောက် ကုသပေးမည်ဖြစ်ပါသဖြင့် ယခုနှုတ်ခမ်းကွဲ အခြေအနေရှိသော လူနာများ လာရောက် စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။
Alliance for Smiles
Rotary Club of Yangon

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်
ဂုဏ်ထူး-ဦးအောင်ဒိုင်
March April May
Grammar & Essay Class
သဒ္ဒါ + စာစီစာကုံး သင်တန်း
မြို့လယ် ၂၇၂ ပန်းဆိုးတန်း 01 252 919 | သုဝဏ္ဏ ပညာနန်းတော် 09 798 44 33 20

၁၈ လမ်းဝိုင်း
ဆရာ၊ ဆရာမများ အလိုရှိပါသည်
၁။ အုပ်ချုပ်ရေးမှူး ဆရာ/ဆရာမ (၂) ဦး
၂။ Senior Guide ဆရာမ/ဆရာမ (၆) ဦး
၃။ Junior Guide ဆရာမ/ဆရာမ (၅) ဦး
၄။ အဆောင်မှူးဆရာ/ဆရာမ (၈) ဦး
လျှောက်ထားလိုသော ဆရာ၊ ဆရာမများသည် CV form၊ ပညာရေး အထောက်အထားမိတ္တူ၊ ...

စာအုပ်စင်တိုင်းတွင် ရှိသင့်သည့်စာအုပ်
ကမ္ဘာ့နိုင်ငံ ၁၁၇ နိုင်ငံ၏ စကားပုံများ
ဖုန်း - ၀၉ ၄၂၀၀၁၃၆၈၈

ပထမဦးဆုံး T.V (ရန်ကုန်)
ကားမောင်း-စက်ပြင်သင်တန်း
09-421150033, 09-73044311
09-5041550, 09-440051114, 09-779144498
09-260111942, 09420066955
09-440051112, 01-8011402, 01-8011403
09-440051113, 01-2332340

ရွှေချိန်း SHWE CHAIN
MYANMAR INTERNATIONAL FURINTURE EXPO 2018
08-2-2018 မှ 11-2-2018 ထိ တပ်မတော်ခန်းမ။
လူနေအိမ်၊ တိုက်ခန်း၊ Construction လုပ်ငန်းများအတွက် ခိုင်ခံ့လှပသော တံခါးများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါပြီ။
SHWE CHAIN ပရိဘောဂ ကုမ္ပဏီမှ ပီတောက်နှင့်ကျွန်းပေါင်းသားဖြင့် ပြုလုပ်ထားသော ပုံစံသစ် ပရိဘောဂအမျိုးမျိုးကို စိတ်ပျော်ဖွယ်စိတ်သစ်များအား လာရောက်ကြည့်ရှုအားပေးပါရန် ဖိတ်ကြားအပ်ပါသည်။









YGN SHOWROOM (KEK CO., Ltd.) : No.15, Kabar Aye Pagoda Rd., Bahan Tsp., Yangon, Myanmar.
MDY FACTORY




ကြေးမုံ: ကြေးဝိဇ္ဇာကစ်စတော်ကြုလှုဒါန်းခဲ့ပါသည်

[illegible]

# Pingu's English International Kindergarten

**Globally recognized international Kindergarten from UK**
(UK မှ ကမ္ဘာတစ်ဝှန်းလုံးတွင် အသိအမှတ်ပြုထားသော နိုင်ငံတကာအဆင့်မီ သူငယ်တန်းကျောင်း)

**Summer Camp 2018 is now open for registration!**
(၂၀၁၈ ခုနှစ်၊ နွေရာသီ အတန်းများအတွက် ကျောင်းအပ်ရန် စတင် လက်ခံနေပါပြီ)



I love Pingu's English

Academics and fun activities for your child including:
- Pingu's English Lesson
- Mind Mapping Activity
- Art & Craft
- Music Appreciation
- Science
- Sports Activity

Limited seats available! 10% discount for 50 students only!

**Call us now: 099 7575 1817, 099 7999 0788, 01 525 218**

# ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)

**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးအသားသင်**

ပုဂ္ဂလိကကျောင်း အချိန်ပိုင်းသင်တန်း
**၁၀ - Essay, Letter, Grammer လက်ခံပြီး**

Ph: 01-375970, 0951 72096, 09254541441

ရန်ကုန်မှမိဘများနှင့် HND, abe, NCC ကျောင်းသား / သူများအား ဖိတ်ကြားအပ်ပါသည်။

Organized by
KAPLAN HIGHER EDUCATION ACADEMY
&
CROWN EDUCATION — YOUR DOOR TO THE FUTURE

"HND, ABE, NCC ဒီပလိုမာရရှိထားသူတွေ
ဩစတြေးလျအင်္ဂလန်နဲ့ စင်္ကာပူမှာ
ဘယ်လို စီးပွားရေးဘွဲ့တွေလျှောက်ထားနိုင်မလဲ"

| YANGON | MANDALAY |
|---|---|
| Date : Feb 10 2018 | Date : Feb 11 2018 |
| Time : 10:00 am - 12:00 noon | Time : 10:00 am - 12:00 noon |
| Venue : NOVOTEL HOTEL (Eureka Room) | Venue : CROWN Education Mandalay Office |

FREE SEMINAR

Call us : 01 527 838, 09 44 55 66 701,09 44 55 66 702

# ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ® အမှတ်တံဆိပ်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃

ရ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀




## ဂန္ဓဝင်ရွှေပုဂံ Travel & Tours

| | |
|---|---|
| ဗန်ကောက် | USD 680 |
| ဖူးခက် | USD 680 |
| စင်ကာပူ | USD 850 |
| စင်ကာပူ + မလေးရှား | USD 1350 |
| ဘာလီ | USD 1000 |
| စင်ကာပူ + ဘာလီ | USD 1450 |
| ကမ္ဘောဒီးယား | USD 550 |
| ဟောင်ကောင် (ဟိုတယ်) | USD 1100 |
| သီရိလင်္ကာ | USD 1350 |
| ထိုင်ဝမ် | USD 1400 |
| စီအမ် + ချန်ဒူး + Mt.Emei + Leshan | USD 1800 |
| ကိုရီးယား | USD 2000 |
| ဂျပန် | USD 2750 |
| ရုရှား | USD 2900 |
| ဥရောပ (၃) နိုင်ငံ | USD 3500 |
| ဥရောပ (၆) နိုင်ငံ | USD 3900 |
| ဥရောပ (၇) နိုင်ငံ | USD 4600 |
| အရှေ့ဥရောပ (၅) နိုင်ငံ | USD 3700 |
| အရှေ့ဥရောပ (၆) နိုင်ငံ | USD 4200 |
| အင်္ဂလန် + ဥရောပ | USD 4900 |
| အမေရိကန် (East+West) | USD 4000 |
| အမေရိကန် (East+West+Hawaii) | USD 5700 |
| ဩစတြေးလျ | USD 2900 / USD 3700 |

(Ygn Office) : No. 67, Bahe Road, Sanchaung Township, Yangon.
(MDY Office): 38 Rd, Bet. 78 x 79 Street, Mandalay.
Facebook : Gandawun Shwe Bagan Travel & Tours
Hot Line: 09-790001466

## FULLY LIGHT TRAVELS & TOURS CO., LTD.
福利來旅游股份有限公司

Book Now!

2018 သင်္ကြန် ခရီးစဉ်များ

| | | | |
|---|---|---|---|
| 1. | ဂျပန် ခရီးစဉ် (6D/5N) | (11-16/04/18) | 2150 USD |
| 2. | ထိုင်ဝမ် (6D/5N) | (14-19/04/18) | 1300 USD |
| 3. | ထိုင်ဝမ် (8D/7N) | (14-21/04/18) | 1420 USD |
| 4. | ကိုရီးယား (ဆိုးလ်-နာမိကျွန်း-Everland-ဆိုးလ်ခရီးစဉ်)(6D/5N) | (13-18/04/18) | 1480 USD |
| 5. | ကူမင်း-ပီကင်း-ရှန်ဟဲ-ကူမင်း ခရီးစဉ် (8D/7N) | (13-20/04/18) | 1880 USD |
| 6. | ခရီးစဉ် (8D/7N) | (13-20/04/18) | 1860 USD |
| 7. | Avatar ခရီးစဉ် (7D/6N) | (13-19/04/18) | 1580 USD |
| 8. | ခရီးစဉ် (14D/13N) | (07-20/04/18) | 4990 USD |
| 9. | စင်ကာပူခရီးစဉ် (4D/3N) | (12-15/04/18) | 890 USD |
| 10. | ဖူးခက်ခရီးစဉ် (3D/2N) | (13-15/04/18) | 690 USD |

Hotline :09-421013085,09-33377782,09 2653 99993, 09 2653 99995,09 2653 99996
B-801, 8th Floor, Dagon Center (1), Bargayar Road, Myaynigone, Sanchaung Township, Yangon, Myanmar
Tel : (95-1) 503815, 516932, 516964, 516985,09 791388153 Fax : 503815
Email: fullylight@gmail.com Website : www.fullylighttravel.com

## ရခိုင်ပြည်ဘုရားဖူးခရီး

220000/ 150000/ (2-Mar) (23Mar) (13 April)
Ph:09448003431,0949660481

Ph 4201441448, 421153797

DM TRAVELS
12000 ကျပ်
15000 ကျပ်
18000 ကျပ်
09-257103030,09-257103050

09-422228733, 09-422228933
Feb 9,16,23,28
Mar 2,16,23,30

GOLDEN LIGHT 0943197550,421099405,252225772

## မင်္ဂလာပါ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
Box ကားများဖြင့်
09-450042704
09-250095116
09-420096296

## Kyone Doe Travel & Tour

World Wide Halal Tour Network




အရေးပေါ် အခြေအနေတိုင်းအတွက်
သင်၏ တစ်ခုတည်းသော ယုံကြည်အားထားရာ
24/7 အရေးပေါ်ဌာန

EMERGENCY
24/7 Services
01 368 44 11

## အောင်ဧယျ ညေ့ဦးရိပ်မွန်

City Mart, Super One, ILBC
Car Parking
No.81,
Ph 09-9689 133 03
09-9689 133 63
Wifi Free
10000 / 12000
20000 / 27000
Facebook

## ဝယ်လိုသည်

အဲယားကွန်း Second-hand များ
နှင့်အဟောင်းအပျက်များ ဝယ်လိုသည်။
ဖုန်း-၀၉-၇၉၉၆၆၃၃၆၄ (ကိုသစ္စာ)
၀၉-၉၆၅၁၀၉၃၅၅
၀၉-၄၄၃၀၆၅၅၆၂

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီး၊ အမက၊ မြို့မ(၈)မှ ဆရာမဒေါ်ပပခင် (ခ) ဒေါ်ပပဝင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဒေါ်ပပခင်(ခ)ဒေါ်ပပဝင်း**
**[၁၂/တကန(နိုင်)၁၁၃၈၅၉]**

## ခရုသင်း (သမင်ဖြူ)

LEUCODERMA

## Hawk Group

Sofa Settee





☎ :0943030930, 013585349

## စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

အဆင့်မြင့် ဧည့်ခန်းသုံး ဆိုဖာများကို ရောင်းချပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
ပဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

## BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂)
Ph: 09-5426261, 09-73225484
အရောင်းခန်းမ(၃)
Ph: 09-5076661, 09-5076662, 09-5076663

✓ Certificate ရ
✓ (USA-2012) နှင့် Certificate ရ
✓ Certificate ရ
✓ Certificate ရ

## ဖျံ-၅-ကောင်

Ph.D (Alternative Medicines)

**စည်းစိမ်မင်း** 09-444450446, 09-444450558, 09-250144709

ချောက်ရက်- Feb 9,16,23,28 Mar 1,2,16,23,30

**အောင်ပါဝေ ... Travels & Tours**

ကျိုက်ထီးရိုး - ၁၂၀၀၀ ကျပ်
ချောင်းသာ - ၁၅၀၀၀ ကျပ်
ငွေဆောင် - ၁၈၀၀၀ ကျပ်
ငပလီ - ၁၄၅၀၀၀ ကျပ်
အထိုင် (သောကြာ)

09-257103006, 09-257103007, 09-257103008

**မြရတနာ** Asia King Travels

**ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)**
**မန်းရွှေစက်တော် (သီးသန့်) (သောကြာ) + ငွေဆောင် (သောကြာ)**

09-77 85 85 911, 09-77 85 85 912, 09-4311 4301

မွေးလယ်ထက်(၉၁၀)သိပ္ပံပဌာစီ စီသင်ရိုးကျန် Feb Discount 6000/-

**နွေ ကလေးပန်းချီ-မြေပုံ**

09- 421 323 421

ဒေါ်ဝင်းဝင်း ဦးစီးသော

**ဂယာရွှေပြည်** ဗုဒ္ဓဂယာ-ဘန်ကောက်-သီရိလင်္ကာ ဘုရားဖူးဝန်ဆောင်မှုအဖွဲ့

**ဂယာ**
(15 ရက်ခရီးစဉ်)
Mar- 4, 21
(7 ရက်ခရီးစဉ်)
Apr-12(သင်္ကြန်)

**သီရိလင်္ကာ**
Mar-1(တပေါင်းလပြည့်)
Apr-12 (သင်္ကြန်)၊ Apr-29 (ကဆုန်လပြည့်)
May-29(နယုန်လပြည့်)ဟိုတယ်သီးသန့်

**ဘန်ကောက်**
ဘန်ကောက်(4)ရက်
Apr-12 (သင်္ကြန်) May- 5, 16, 22
ဘန်ကောက် - ကမ္ဘောဒီးယား (5)ရက်
Apr-12၊ May-5 (ဟိုတယ်သီးသန့်)

မိသားစု / အဖွဲ့အစည်း သီးသန့်သွားလိုသူများကို စီစဉ်ပေးပါသည်။ ခရီးစဉ်များအားလုံး(၁၀)ဦးအထက် အထူးဈေးနှုန်းရှိပါသည်။

အမှတ်(၂၀)၊ ၁၀-လမ်း(လယ်)၊ လမ်းမတော်မြို့နယ်။ ဖုန်း: ၀၁-၂၂၁၅၈၆၊ ၀၉-ရ၈၃ရရရ၁ရ၀၊ ၀၉-၄၂၃၉၄၃၉၅၄

ဆိုလိုဇီနီသွား မှ မတ် နှင့် ဧပြီ နှစ်ပတ်ရက် ခရီးစဉ်များ

| | |
|---|---|
| ကလော + လွိုင်ကော် + ဒီမော့ဆို ခရီးစဉ် | Feb 28 - Mar 03 |
| ထားဝယ် ရှင်ကိုဇွင် + မြိတ်ကျွန်းစု ခရီးစဉ် | Apr 12 - Apr 16 |
| မြိတ် + မော့တောင် + သံပုရာကမ်းခြေ | Apr 12 - Apr 16 |
| ကလော + လွိုင်ကော် + ဒီမော့ဆို ခရီးစဉ် | Apr 13 - Apr 16 |

095012536, 0973068865, 09420250778

**Western Holiday Travels & Tours**

29 (2A) အောင်သပြေလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့
ဖုန်း 09799816627, 09450063749, 09451104311, 09451104343

ဖေဖော်ဝါရီ ၂၀ ရက်နေ့ မတိုင်မီ စာရင်း ပေးသွင်းလျှင် အထူး Discount များရယူလိုက်ပါ

| | | | |
|---|---|---|---|
| ထိုင်ဝမ် | ၆ရက် ၅ည | 13-18 Apr | 1250 $ |
| ဂျပန် | ၇ရက် ၆ည | 12-18 Apr | 1600 $ |
| ကိုရီးယား(ဆိုလ်း+ဂျဲဂျူး+ဘူဆန်) | ၈ရက် ၇ည | 11-17 Apr | 1880 $ |
| ဂရိ (အေသင်+ဆန်တိုရီနီ) | ၆ရက် ၅ည | 20-25 Apr | 2950 $ |
| သြစတေးလျ နိုင်ငံ | ၅ရက် ၄ည | 13-17 Apr | 2950 $ |
| ဥရောပ ၃ နိုင်ငံ | ၁၀ရက် ၉ည | 9-18 Apr | 3200 $ |
| ဥရောပ ၆ နိုင်ငံ | ၁၃ရက်၁၂ည | 9-21 Apr | 3700 $ |
| အင်္ဂလန်+ဝေလ+စကော့တလန် | ၉ရက်၈ည | 11-19 Apr | 3600 $ |
| အမေရိကား (ရှေ့+နောက်) | ၁၃ရက်၁၂ည | 10-22 Apr | 3750 $ |
| ဆွီဒင်၊ ဖင်လန်၊ ဆိုင်ဘီးလန်၊ နော်ဝေး၊ ဒိန်းမတ် | ၁၂ရက်၁၁ည | 8-19 Apr | 4400 $ |
| စကင်ဒီနေးဗီးယား ၅ နိုင်ငံ နှင့် ရုရှား | ၁၄ရက်၁၃ည | 8-21 Apr | 4990 $ |

**ကာဝါး** 

Alphard, Hiace ...

Ph: 09795549249, 095418126, 09-795546884

**ကိုကျော်နိုင် CAR RENTAL**

ALPHARD, HIACE

09 25 358 2510
09 515 8803

**ကိုသန့်ဇင် CAR RENTAL**

09-43117680, 09-5059821

**အောင်ကမ္ဘာ အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ရေး**

ဒဂုံဆိပ်ကမ်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း၊ ရွှေပေါက်ကံ မြေကွက်များ ဝယ်လိုသည်။ အိမ်အရောက်ငွေချေပေးသည်။ ပွဲခပေးရန်မလိုပါ။

Ph: 09-43118200, 09-450096144, 09-450096155




အမှတ်(N) အခန်း(33,34) ... 09-79 700 70 71
အမှတ်(၁၁) ... ရန်ကုန်မြို့ 09-79 700 70 81

**အောင်မင်္ဂလာ**

အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး

09428773300
09428773355

**တစ်အိတ်ဝယ်ရင် ပို့ပေးပါသည်**


ရန်ကုန်မြို့တွင်း အိမ်အရောက်ပို့ပေးပါသည်။

09-73077711 01-682844
09-73077722 01-682944



**စကြာမင်း** ထမြားနီ အသည်းဆေး

သမြားနီတွင် ဓာတ်တိုးဆန့်ကျင် ဂုဏ်သတ္တိ (Anti-oxidant property) ပါရှိခြင်းကြောင့် အသည်းပျက်စီးမှုကို ကာကွယ်အထောက်အကူပြုနိုင်ပြီး အသည်း၏ လုပ်ငန်းဆောင်တာ စွမ်းဆောင်ရည်များကို ကောင်းမွန်စေပါသည်။



နာတာရှည်ကျောက်ကပ်ဝေဒနာရှင်များ လိုက်နာ၊ ရှောင်ကြဉ်သင့်သည့် အချက်အလက်များကိုပါ ဖြည့်စွက်ဖော်ပြထားသော....

**ကျောက်ကပ်ဆေးပင်**

(ဒုတိယအကြိမ်)


ဒေါက်တာခင်မောင်လွင် (FAME)

Ks 5,000

Ph: 09-965 559 860, 01-368 2199, 368 5083, 368 5609


ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော

**MECHANICAL CAR PARKING**










TPW

No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

## ဗိုလ်ကြီးတင့်ဆွေ(ငြိမ်း)
ရေ-၃၆၀၀၊ O.T.S-84
**အသက်(၅၉)နှစ်**

သထုံမြို့နယ်၊ နောင်ကုလားပန်းတိမ်ရွာနေ (ဦးသန်းမြင့်)-ဒေါ်စိန်ကျင်တို့၏သား၊ ဒေါ်စန်းစန်းအေး၏ခင်ပွန်း၊ ဒေါ်မိုးမိုးမြင့်၊ ဦးတင်နေတို့၏အစ်ကို၊ ဦးအောင်မင်းထွန်း၊ ဦးအောင်ဆွေဦး၊ ဒေါ်သီဂီဖြိုး၊ မောင်သန်းတင့်အောင်၊ နန်းသီရိတင့်ဆွေ၊ မောင်ဘုန်းမာန်မင်းခန့်ကျော်တို့၏ဖခင်သည် ၇-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် နောင်ကုလားပန်းတိမ်ရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း။ [ကွယ်လွန်သွားသူအားရည်စူး၍ ယင်းနေ့ နံနက် ၉ နာရီတွင် သထုံ မြို့နယ်၊ နောင်ကုလားပန်းတိမ်ရွာနေ (ဗိုလ်ကြီးတင့်ဆွေ)-ဒေါ်စန်းစန်းအေးတို့၏နေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စောတင်(ရွှေဘို)
**အသက်(၉၈)နှစ်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း-ဒေါ်စန်းစန်းအေးတို့၏မိခင်ကြီး ဒေါ်စောတင်(ရွှေဘို) အသက်(၉၈)နှစ်သည် ၅-၂-၂၀၁၈ရက် ည ၈း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**အရာထမ်း၊ အမှုထမ်းများ**
**အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်**
**(အများနှင့်သက်ဆိုင်သောကုမ္ပဏီ)**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်အုန်း
**အသက်(၉၀)**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ကိုရီးယားဘာသာဌာနတွင် ကထိက၊ ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်နေသော ဆရာမ ဒေါ်ချောချောသူ၏ဖခင် ဦးတင်အုန်း အသက်(၉၀)သည် ၃-၂-၂၀၁၈(စနေနေ့) ည ၉း၄၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်**
**ကိုရီးယားဘာသာကျောင်းသားဟောင်းများအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိန်လင်း(ခ)ဘိုနီ (၇၉)နှစ်
**စိန်ပေါလ်ကျောင်းသားဟောင်း လူမှုဖူလုံရေး(ငြိမ်း)**

အထက(၁) ဒဂုံ မိဘဆရာအသင်းအဖွဲ့ဝင် ဦးမျိုးထွန်းလင်း၊ ဒေါ်အေးအေးလှိုင်တို့၏ဖခင် ဦးစိန်လင်းသည် ၅-၂-၂၀၁၈ ရက် ည ၆း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့်**
**မိဘဆရာအသင်း၊ အထက(၁) ဒဂုံ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ အဝေရာလမ်း၊ အမှတ်(၃၂-A)နေ ဦးကျော်လင်း(အင်ဂျင်နီယာချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ဝင်းဝင်းတို့၏သား မောင်ကောင်းမြတ်ကျော်လင်း(ခ)ဖိုးခွားသည် ၇-၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်**
**တံတားဦးစီးဌာန**
**နေပြည်တော်**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ အဝေရာလမ်း၊ အမှတ်(၃၂-A)နေ ဦးကျော်လင်း(အင်ဂျင်နီယာချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ဝင်းဝင်းတို့၏သား မောင်ကောင်းမြတ်ကျော်လင်း(ခ)ဖိုးခွားသည် ၇-၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး/ဝန်ထမ်းများ**
**နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေဌာနခွဲ**
**တံတားဦးစီးဌာန၊ နေပြည်တော်**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ အဝေရာလမ်း၊ အမှတ်(၃၂-A)နေ ဦးကျော်လင်း(အင်ဂျင်နီယာချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ဝင်းဝင်းတို့၏သား မောင်ကောင်းမြတ်ကျော်လင်း(ခ)ဖိုးခွားသည် ၇-၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒု-ညွှန်ကြားရေးမှူးချုပ်(စီမံရေး)**
**တံတားဦးစီးဌာန**
**နေပြည်တော်**

## ဦးအောင်ညွန့်(ရန်ကုန်)
**အသက် (၆၅)နှစ်**

အမှတ်(၂၅)၊ (အေ-၆)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးကျော်စိန်-ဒေါ်တင်တင်)တို့၏ သား၊ ဒေါ်ခင်အေး၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဝင်းမောင်-မဝင်းဝင်းအေး၊ ကိုတင်ထွန်းအောင်-မသန္တာအောင်၊ ကိုဝင်းသန်းအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မနှင်းအိဝင်း၏ ချစ်လှစွာသောဘိုးဘိုးသည် ၆-၂-၂၀၁၈ (အင်္ဂါနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၈ (စနေနေ့)တွင် ရေဝေးသုသာန် (ဖူကျန့်)၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)
## ဦးထူးအောင်(ခ)ဦးသန်းယဉ်
**အသက် (၆၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗဟန်း(၂)လမ်း၊ အမှတ်(၃၁)နေ မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ ရာသက်ပန်အသင်းဝင်ဖြစ်သူ ဒေါ်တင်တင်ဝင်း၏ခင်ပွန်း ဦးထူးအောင်(ခ) ဦးသန်းယဉ်(ထ/၁)သည် ၈-၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/သားများလိုက်ပါပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း၊ တံတိုင်း၊ မုခ်ဦး ဒါယကာကြီး
## ဦးသိန်းမြင့် (စီးကရက်စက်ရုံ-စုမှူး) (၈၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ သရဝဏ်ရိပ်သာ(၁)လမ်း၊ အမှတ်(၁၀)နေ (ဦးထွန်းဘင်-ဒေါ်နှင်းသက်)တို့၏သား၊ (ဒေါ်စောရီ)၏ ခင်ပွန်း၊ (ဒေါက်တာစိန်ဝင်း)၏အစ်ကို၊ ဦးမောင်မောင်နိုင်၊ ဒေါ်ခင်ခင်ဝင်း၊ ဦးကျော်လှစိန်-ဒေါ်ခင်ခင်ခိုင်(စမ်းချောင်းမြို့နယ်၊ စာရင်းစစ်ရုံး)၊ ဦးကျော်ကျော်နိုင်တို့၏မွေးသဖခင် ဦးသိန်းမြင့်သည် ၇-၂-၂၀၁၈ ရက် ည ၉း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၈ (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ပြသာဒ် ဒါယကာကြီး
## ဦးတင်မောင်(သန်လျင်) (၈၉)နှစ်

သန်လျင်မြို့နေ (ဦးအုန်းဖေ-ဒေါ်အေးညွန့်)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးမောင်ခင်-ဒေါ်သိန်းမေ)တို့၏သားသမက်၊ (ဒေါ်မြင့်မြင့်)၏ခင်ပွန်း၊ အမှတ်(၁၂၈၃)၊ ရွှေပြည်သာ(၂)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံနေ ဒေါ်လွင်လွင်ဦး (Amd Trading)၊ ဦးမြင့်ဦး(အငြိမ်းစား၊ သန်လျင်ရေနံချက်စက်ရုံ)-ဒေါ်မြင့်မြင့်တင်၊ (ဦးအောင်မိုး)-ဒေါ်မိုးစပယ်ဦး၊ ဒေါ်မိုးသဇင်ဦး၊ ဦးတိုးတိုးဦး-ဒေါ်စန်းစန်းတင့်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်စွမ်းထက်(ထားဝယ် THS)တို့၏ဘိုးဘိုးကြီး ဦးတင်မောင်သည် ၈-၂-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈း၁၅ နာရီတွင် ပင်လုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် မြောက်ဒဂုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်မြင့်(ခ)ဦးပေါက် (၈၇)နှစ်
**(မြန်မာ့မီးရထား-ငြိမ်း)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ (ဦးဘအေး-ဒေါ်ရွှေနွဲ့)တို့၏ သား၊ (ဦးဇမောင်-ဒေါ်အုံးမြ)တို့၏သားသမက်၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ အမှတ်(၇၀)နေ (ဒေါ်ကြည်ကြည်စိန်)၏ခင်ပွန်း၊ ဦးတင်ဦး-ဒေါ်မြင့်မြင့်စိန်၊ ဒေါ်တင်တင်စိန် (ထ-၂၊ မရမ်းကုန်း)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၇-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၂-၂၀၁၈(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ဗဟိုလမ်းထိပ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ကျောင်း ဒါယကာကြီး
## ဦးတင်ညွန့် (၇၂)နှစ်
**ရုပ်ရှင်လုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန(ငြိမ်း)**
**မင်းလှမြို့နယ်အသင်း**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တောင်ရပ်ကွက်၊ သိမ်ဖြူလမ်းမကြီး၊ အမှတ်(၁၄၅/၁၄၇၊ C/D၊ ခြောက်လွှာ)နေ (ဦးဂျာဝါး-ဒေါ်သန်းကြည်)တို့၏သား၊ (ဦးရွှေအေး-ဒေါ်ခင်မြ)တို့၏သားသမက်၊ ဒေါ်မြမြဝင်း၏ခင်ပွန်း၊ ဦးဝင်းနိုင်ဦး-ဒေါ်နီလာဝင်း၊ Mr Léon de Riedmatten-ဒေါ်မေလမင်း၊ ဦးသန်းဇော်ဝင်း-ဒေါ်ခင်စန္ဒာဝေတို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၇-၂-၂၀၁၈(ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၈ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကြီးချန် (၇၁)နှစ်
**(ဦးအကျင် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး-ထားဝယ်မြို့)**

ထားဝယ်မြို့၊ တလိုင်းထိန်ရပ်၊ တရုတ်တန်းလမ်း၊ အမှတ်(၃၄၃)နေ (ဦးအကျင်-ဒေါ်ရွှေငုံ)တို့၏ သား၊ (ဦးအရောင်)-ဒေါ်ညွန့်ရင်တို့၏ သားသမက်၊ ဒေါ်မွှေးမွှေး၏ခင်ပွန်း၊ ကိုမောင်မောင်လင်းထွန်း-နန်းအေးကလျာ၊ မသီဂီမွှေးမွှေးတို့၏ဖခင်၊ (ဦးသိန်းဟန်)-ဒေါ်ရှုရီ(ကျောက်မဲမြို့)၊ ဦးမြတ်ထွန်း- ဒေါ်ရှုကျင်၊ ဦးကြီးရှိန်-ဒေါက်တာနီနီလွင်(ရန်ကုန်မြို့)တို့၏အစ်ကို၊ မောင်ကောင်းထွဋ်တေဇ (အထက-၁၊ ထားဝယ်)၊ မောင်လင်းထွဋ်ဇေယျတို့၏အဘိုးသည် ၇-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့ ကွမ်တုန်းတရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ် Ruth ခင်ညွန့်ယဉ်
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/မြောက်ရပ်ကွက်၊ ဟသ်ာတလမ်း၊ အမှတ်(၃၀)နေ (ဦးခင်မောင်-ဒေါ်သိန်းရင်)တို့၏ သမီးကြီး၊ (Dunstan Marks-နော်တာပါး)တို့၏ သမီးချွေးမ၊ Dr.Isaac Marks ၏ချစ်ဇနီး၊ ဦးစောအက်ဒွက်-ဒေါ်Graceခင်ညွန့်တင်၊ Dr. Simonခင်အောင်-ဒေါ် Mary ကျော်မြ၊ ဒေါ် Catherine ခင်ညွန့်ခင်တို့၏ အစ်မကြီး၊ ဦးJoseph စမိုးဦး-ဒေါ်Joanအေးအေးမော်၊ ဒေါ် Esther မနန့်ရင်ငြိမ်းအေး၊ ဦးMoses စငြိမ်းချမ်းသာ-နော်မာရီဖိုးဦးတို့၏ မိခင်ကြီး၊ Kristabelle Faith Oo(ခ) လမင်းငယ်၊ နော် Blessingတို့၏ အဘွားသည် ၈-၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂-၂-၂၀၁၈(တနင်္လာနေ့) နံနက် ၉ နာရီတွင် အမှတ်(၁၀၄)၊ အင်ယားလမ်း၊ သန့်ရှင်းသောကားတိုင် ဘုရားကျောင်း၌ ဈာပနဝတ်ပြုခြင်း အစီအစဉ်ပြုလုပ်ပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

### အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
## ဦးမောင်မောင်မြင့်(၃)
**ဌာနစုမှူး (ငြိမ်း)**
**အသက် (၈၃)နှစ်**

ရာသက်ပန်အသင်းဝင် အမှတ်(၅၈၂) ဦးမောင်မောင်မြင့်(၃)သည် ၃-၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၈ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါ၍ အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## မောင်ကောင်းမြတ်ကျော်လင်း (ခ) ဖိုးခွါး
**အသက် (၂၂) နှစ်**
**အလုပ်သင်ဆရာဝန်၊သွားဖက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ အဝေရာလမ်း၊ အမှတ်(၃၂-A)နေ ဦးကျော်လင်း(အင်ဂျင်နီယာချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ဝင်းဝင်းတို့၏သား၊ မကျော်ကျော်နန္ဒာ၏မောင် မောင်ကောင်းမြတ်ကျော်လင်း(ခ) ဖိုးခွားသည် ၇-၂-၂၀၁၈ ရက် ညနေ ၅း၁၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## နာရေး

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ချို (၉၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ (၁၃)လမ်း၊ အမှတ်(၇၀)နေ (ဦးကျန်းနာ-ဒေါ်ပို့)တို့၏သမီး၊ [ဦးစုကုတ် (ခ) ဦးသိန်းမြင့်]၏ဇနီး၊ [ဒေါ်အင်းယား(ခ)ဒေါ်တင်အေး-ဦးတင်အောင် (ခ) ဦးတိတ်ဟင်း]၊ ဒေါ်တင်မြင့်၊ ဦးကျင်ငွေး-ဒေါ်ကျင်သန်း၊ [ဦးမြင့်သိန်း(ခ)ဦးအဖောင်]-ဒေါ်ရှုကြည်၊ ဒေါ်တင်ဝင်း၊ ဦးအောင်မြင့်-ဒေါ်ဝင်းဝင်းအေး၊ ဒေါ်သင်းသင်းခိုင်(ထ-၂၊ လသာ)၊ (ဦးမြင့်ခိုင်)၊ ဒေါ်ချိုချိုမြင့်တို့၏မိခင်၊ မြေး ၁၄ ယောက်တို့၏အဘွား၊ မြစ် ၁၁ ယောက်တို့၏ ဘွားဘွားသည် ၈-၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ဗဟိုရ်ရှိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၈ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစောအောင် (၆၅)နှစ်
**တွဲဖက်ပါမောက္ခ(ငြိမ်း)၊**
**ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

ရန်ကုန်မြို့၊ အမှတ်(၂၉၅-B)၊ ခြောက်လွှာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်နေ (ဦးဒိုးအောင်-ဒေါ်သိန်းညွန့်)တို့၏ သား၊ ဒေါ်တင်တင်ရီ(ပါမောက္ခ-ငြိမ်း၊ ဓာတုဗေဒဌာန)၏ချစ်လှစွာသောခင်ပွန်း၊ မြစ်ကြီးနားမြို့နေ ဗိုလ်မှူးကျော်ဇေယျ-ဒေါ်မြင့်မိုးခိုင်၊ ဒေါ်ခင်ဆွေဆွေလှိုင်တို့၏ဖခင် ဦးစောအောင်သည် ၈-၂-၂၀၁၈ ရက် နံနက် ၅ နာရီတွင် ပြင်ဦးလွင်မြို့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ပြင်ဦးလွင်မြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အလုံမြို့နယ်၊ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ကြူကြူလှိုင် (၆၂)နှစ်
**စိန့်မိုက်ကယ်ကျောင်းသူဟောင်း**
**(ရန်ကင်း)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅၄၆)၊ စာဂလမ်း (၂၀)၊ (၄)ရပ်ကွက်နေ ဦးစောလှိုင်-(ဒေါ်မြအိ)တို့၏သမီး၊ (ဦးကြင်အိန်-ဒေါ်ကျင်လွှမ်)တို့၏ သမီးချွေးမ၊ ဦးရင်ဆန်း၏ချစ်လှစွာသောဇနီး၊ မခင်ထက်ထက်ဆန်း-မောင်ဇော်မင်းထွန်း၊ မခင်ဝင့်ဝင့်ဆန်း-မောင်ကျော်ဇေယျာဝင်း၊ မောင်ရဲထွန်းတို့၏ မွေးသမိခင်၊ မအင်ကြင်းသံသာဆု၊ မောင်ခန့်တည်ကြည်တို့၏အဘွားသည် ၇-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၈ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## မောင်ကောင်းမြတ်ကျော်လင်း (ခ) ဖိုးခွါး
**အသက် (၂၂)နှစ်**
**အလုပ်သင်ဆရာဝန်၊သွားဖက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ အဝေရာလမ်း၊ အမှတ်(၃၂-A)နေ ဦးကျော်လင်း(အင်ဂျင်နီယာချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ဝင်းဝင်းတို့၏သား၊ မကျော်ကျော်နန္ဒာ၏မောင်၊ ပြည်မြို့၊ တီကျစ်ဆုံလမ်းနေ ဒေါ်တင်တင်မူ၊ ဒေါ်မြင့်မြင့်မူ၊ ဦးမြင့်ထွန်းအောင်၊ ဒေါ်ခင်စောမူ၊ ဒေါ်အေးမြတ်မြတ်မူတို့၏တူ၊ ရန်ကုန်မြို့၊ လမ်း(၃၀)နေ ဒေါ်ချိုချို၊ ဒေါ်လှလှဝင်း၊ ဒေါ်လှလှရီ၊ ဦးချိုမောင်တို့၏တူ မောင်ကောင်းမြတ်ကျော်လင်း(ခ)ဖိုးခွားသည် ၇-၂-၂၀၁၈ ရက် ညနေ ၅း၁၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြ (ကျောက်ဖြူ) (၉၃)နှစ်
**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**
**တောင်ဥက္ကလာပနေ့ကလေးထိန်းဌာန**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ သဒ္ဒါလမ်း၊ တိုက်အမှတ်(၉၀)၊ အခန်း(၀၂)နေ (ဦးသာထွန်းဖဲ-ဒေါ်ခင်လှ၊ ဒေါ်အောင်မဖြူ)တို့၏သမီးကြီး၊ [ဗိုလ်မှူးဆန်းမောင်(ငြိမ်း)-ဒေါ်တင်တင်အေး]၊ (ဗိုလ်ကြီးတင်မောင်ညွန့်)၊ (ဒေါ်အေးရှင်)၊ (ဒေါ်လှရှင်)၊ ဒေါ်မေမေသန်း(ထက်/အုပ်-ငြိမ်း၊ သုဝဏ္ဏမြို့)တို့၏အစ်မကြီး၊ (ဦးဘသိန်း)၏ဇနီး၊ ဦးအေးကို၊ ဒေါ်ညွန့်ညွန့်စိန်တို့၏မိခင်ကြီး၊ ဦးသန့်ဇင်ဦး-ဒေါ်ခင်မမထွန်း(ထွန်းသက်ပိုင်ကုမ္ပဏီ)၊ ဒေါ်စကားဝါ (လ/ထ ညွှန်ကြားရေးမှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန)တို့၏အဘွား၊ မောင်သက်ပိုင် (3rd MB၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၊ မအင်ကြင်းခင်(ပညာနန်းတော်ဘော်ဒါ၊ ပျော်ဘွယ်)တို့၏ဖီးဖီးကြီးသည် ၈-၂-၂၀၁၈ရက် နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၈ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၂-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမိ (၈၅)နှစ်
**ဗဟိုစာရင်းအင်းအဖွဲ့(ငြိမ်း)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၉)၊ ဂန္ဓမာလမ်း၊ တပ်မြေ၊ မြေညီထပ်နေ (ဦးရွှေမြို့-ဒေါ်ကောက်)တို့၏သမီး၊ (ဦးသောင်းရင်)၏ဇနီး၊ ဦးစိုးမြင့်-ဒေါ်ခင်သောင်းအေး(CSO-ငြိမ်း)၊ (ဦးအေးထွန်း)-ဒေါ်ခင်မေသောင်း (မြန်မာ့မီးရထား-ငြိမ်း)၊ ဦးမြင့်အောင်(ဒုရဲမှူး-ငြိမ်း)-ဒေါ်ခင်ချိုသောင်း(ဒုရဲမှူးကြီး-ငြိမ်း-မှူခင်းရဲတပ်ဖွဲ့)၊ ဦးသန့်ဇော်ဝင်း-ဒေါ်ရွှေဝါသောင်း(ကထိက/ဌာနမှူး-သတ္တဗေဒဌာန၊ သွား/ဆေးတက္ကသိုလ်၊ ရန်ကုန်)၊ ဦးညိုသောင်း(SEAWIND Co)-ဒေါ်မေရီမြင့်(ကျောင်းအုပ်၊ အမက ညောင်ဝိုင်း-ငြိမ်း)၊ ဦးထွန်းထွန်းသောင်းတို့၏ချစ်လှစွာသောမိခင်၊ ဗိုလ်မှူးမိုးဇော်၊ ဗိုလ်ကြီးအောင်မျိုးသူ-မချမ်းမြေ့သီတာ(SAT၊ အထက-၅၊ မင်္ဂလာဒုံ)၊ မောင်ပြည့်ဖြိုးအောင်-မနီလာဝင်း၊ မောင်မျိုးမင်းအောင်-မသန္တာစိုး၊ မထက်အိဝင်း(4th Year သွား/ ဆေးတက္ကသိုလ်၊ ရန်ကုန်၊) မြစ်သုံးယောက်တို့၏အဘွားသည် ၈-၂-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်လှလှ (၈၂)နှစ်
**Daw Mary Soe Yin (Miss University,1959-1960)**

ရန်ကုန်မြို့နေ (ဦးစိုးရင်-ဒေါ်စိန်လှိုင်)တို့၏သမီး၊ (မြို့မဖခင်ကြီး ဦးဘလွင်-မြို့မမိခင်ကြီး ဒေါ်သန်းညွန့်)တို့၏ သမီးချွေးမ၊ Capt: ဦးသိန်းလွင်၏ချစ်လှစွာသောဇနီး၊ (ဦးကျင်သိန်း)-ဒေါ်ကျင်သိန်း၊ [ပါမောက္ခချုပ်ဒေါက်တာဦးအောင်သန်း(သွား/ဆေး)-ဒေါ်ခင်မေအေး]၊ (ဒေါ်နုနု)၊ (သူရဦးထွန်းစိန်)၊ ဦးသိန်းဆွေ-(ဒေါ်မြမြအေး)၊ (ဦးတင်ဦး)-ဒေါ်ရီရီဦး၊ (ဦးတင်သိန်း)-ဒေါ်သန်းသန်းအေး(U.S.A)၊ (ဒေါက်တာမျိုးမင်း)-ဒေါ်ထားရီ၊ (ဦးစိုးမင်း)-ဒေါ်ညွန့်ရီ၊ (ဒေါ်ညွန့်ရီ)၊ [ဒေါက်တာဦးရွှေတင်(နှလုံးအထူးကု)]-ဒေါက်တာဒေါ်မြတ်ထွေး၊ (ဗိုလ်ကြီးစိုးပိုင်)-ဒေါ်မေနှင်းအောင်တို့၏ချစ်လှစွာသော ညီမ/အစ်မသည် ၇-၂-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၈ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၈(အင်္ဂါနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၁၀၈)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ရီ(မော်လမြိုင်)
**အသက် (၈၁)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၃)လမ်း၊ (၈)ရပ်ကွက်၊ အမှတ် (၁၃၀)၊ ငါးလွှာနေ ဦးထွန်းခင်၏ဇနီး၊ ဦးရှိန်လင်း-ဒေါ်ရီရီ၊ ဦးအေးလွင်-ဒေါ်မေရီ၊ (ဦးအေးလွင်)-ဒေါ်မြင့်မြင့်စီတို့၏အစ်မ၊ ဦးကျော်ထွန်းမြတ်-ဒေါ်တင်တင်ဝင်း၊ ဦးထိန်လင်း-ဒေါ်နှင်းနှင်းအေး၊ ဦးနိုင်နိုင်၊ ဦးအောင်အောင်-ဒေါ်ဥမ္မာဒေဝီတို့၏မွေးသမိခင်၊ မောင်ကျော်ထက်လင်း၊ မောင်မျိုးမင်းထက်၊ မောင်ဇော်ဖြိုးဟိန်း၊ မထက်ထက်အောင်တို့၏အဘွားသည် ၇-၂-၂၀၁၈ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးခင်ဝင်း (၆၆)နှစ်
**(ရန်ကုန်၊ နိုင်ငံခြားဘာသာတက္ကသိုလ်-ငြိမ်း)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၂၃) နေ (ဦးခင်စိုး-ဒေါ်ခင်စိန်) တို့၏သားကြီး၊ (ဦးအုန်းဖေ-ဒေါ်ကြည်ကြည်)တို့၏သားသမက်၊ ဒေါ်ဖြူဖြူဝင်း၊ ဦးထွန်းမြင့်၊ ဒေါ်စိုးစိုးထွေး၊ (ဒေါ်တူးတူးမာ)၊ ဒေါ်ယဉ်ယဉ်စိုး၊ ဦးသန်းစိုးတို့၏အစ်ကိုကြီး၊ ဒေါ်သီသီဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးရဲမျိုးဦး (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး)၊ ဦးကောင်းကျော်ကို (Taw Win Garden Hotel)-ဒေါ်ဝင်းခိုင်မာထွန်း (လ/၆၊ မရမ်းကုန်း)၊ ကိုနေလင်းထွန်း-မဖြူဖြူခိုင်တို့၏ မွေးသဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၇-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ မြေ၊ ကျောင်း အလှူဒါယကာကြီး
## ဦးထူးအောင်(ခ)ဦးသန်းယဉ် အသက်(၆၀)
ဒု-ရဲအုပ်လောင်း(ဘွဲ့ရ)၊ အပတ်စဉ်(၁၅/၈၃)
ဒု-စုံမှူး(ငြိမ်း) (စစစ)
**ကောင်းကောင်းစီးပွားရေးလုပ်ငန်းစု မန်နေဂျင်းဒါရိုက်တာ**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နေ (ဦးလှညို)-ဒေါ်ပုစိန်တို့၏ သား၊ ဦးလှရင် (မန်နေဂျင်းဒါရိုက်တာ၊ မာန်အောင်စိမ်းလန်းကုမ္ပဏီ)-ဒေါ်သန်းတင်တို့၏ညီ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗဟန်း(၂)လမ်း၊ အမှတ်(၃၁)နေ ဒေါ်တင်တင်ဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုကောင်းထူးအောင်(ဒါရိုက်တာ၊ ကောင်းကောင်း စီးပွားရေးလုပ်ငန်းစုကုမ္ပဏီ)၏ဖခင်၊ ဗိုလ်ကြီးရဲထက်အောင်၊ ကိုမျိုးကိုကိုလင်း(ပြည်မြို့၊ နဝဒေးရပ်ကွက်၊ ဝေလျံအောင်ပွဲရုံ)၊ ကိုမျိုးဇေယျာလင်း(ဒါရိုက်တာ၊ မာန်အောင်စိမ်းလန်းကုမ္ပဏီ)တို့၏ဦးလေး ဦးထူးအောင်(ခ) ဦးသန်းယဉ်သည် ၈-၂-၂၀၁၈ရက် နံနက် ၅း၂၀နာရီ တွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၈(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်ခန်းမ အမှတ်(၁/ခ)သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုတရားသူကြီးချုပ်က တရားစီရင်ရေး သုံးနှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇) ကို ရေးဆွဲ၍ နှစ်အလိုက် လုပ်ငန်းစဉ်များ ချမှတ်ပြီး တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းသည် ရေရှည်စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သဖြင့် "အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့" ဆောင်ပုဒ်နှင့်အညီ တရားစီရင်ရေး ငါးနှစ်တာ မဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂) ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားစီရင်ရေး ငါးနှစ်တာ မဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂)ပါ လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဦးဆောင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော်များက ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳



ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အဖွင့်အမှာစကား ပြောကြားစဉ်။



# ၂၀၁၈ အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၈ အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် အာရှစက်ဘီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Onkar Sigh တို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် ပြိုင်ပွဲပထမနေ့ ပွဲစဉ်များကို ဆက်လက်ကျင်းပရာ အမျိုးသားအသင်းလိုက် ၇၀ ကီလိုမီတာ တာဝေးစက်ဘီးပြိုင်ပွဲကို စတင်ကျင်းပသည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ☆

# တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ Air Bus 330 လေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်ခဲ့

**တံတားဦး ဖေဖော်ဝါရီ ၈**



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မှ စင်ကာပူမြို့သို့ ခရီးသည် ၁၉၀ နှင့် လေယာဉ်အမှုထမ်း ၁၂ ဦးတို့ လိုက်ပါပျံသန်းလာသည့် စင်ကာပူလေကြောင်းလိုင်းမှ Air Bus 330 လေယာဉ်သည် လက်ဝဲဘက် အင်ဂျင် ချွတ်ယွင်းမှုကြောင့် မန္တလေးမြို့ တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း သိရသည်။

အဆိုပါ လေယာဉ်သည် ဖေဖော်ဝါရီ ၇ ရက် ညနေ ၃ နာရီ ၇ မိနစ်တွင် အရေးပေါ်ဆင်းသက်နိုင်ရန် တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ် လေကြောင်းထိန်းသို့ အကူအညီတောင်းခံခဲ့ပြီး ညနေ ၃ နာရီ ၃၁ မိနစ်တွင် ဆင်းသက်ခဲ့ကြောင်းနှင့် လိုက်ပါလာသော ခရီးသည်များကို စင်ကာပူလေကြောင်းလိုင်းမှ အစားထိုးလေယာဉ် ဘိုးရင်း 777 ဖြင့် ဖေဖော်ဝါရီ ၈ ရက် နံနက် ၃ နာရီ ၁၄ မိနစ်တွင် **စာမျက်နှာ ၉ ကော်လံ ၄ သို့** ●













အမှတ် (၇)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ 01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ကမ္ဘောဇကုမ္ပဏီများအုပ်စုဝင် ကုမ္ပဏီတစ်ခုဖြစ်သည့် **IKBZ Insurance** သည်
၂၀၁၃ ခုနှစ်မှစတင်၍ ပြည်သူတို့၏ အသက်၊ အိုးအိမ်စည်းစိမ်နှင့် စက်ရုံ၊ အလုပ်ရုံများစသည့်
ပိုင်ဆိုင်မှုများကို ပျက်စီးဆုံးရှုံးမှုများမှ အကာအကွယ်ပေးရန်အတွက်
အာမခံလုပ်ငန်းဝန်ဆောင်မှုများကို စတင်ဆောင်ရွက်ခဲ့ပြီး ပထမဆုံး အခွန်စည်းကြပ်နှစ်ပြည့်
ဆောင်ရွက်နိုင်ခဲ့သည့် ၂၀၁၅-၂၀၁၆ စည်းကြပ်နှစ်မှ စတင်၍
နိုင်ငံတော်အခွန်ဘဏ္ဍာတာဝန်များကို စနစ်တကျ ကျေပွန်စွာ သယ်ပိုးထမ်းဆောင်ခဲ့ရာ
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊
ပြည်တွင်းအခွန်များဦးစီးဌာနမှ သတင်းထုတ်ပြန်ကြေငြာချက်အရ **IKBZ Insurance** သည်
တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင် (၅၀)ဦးစာရင်းတွင်
၂၀၁၅-၂၀၁၆ စည်းကြပ်နှစ်အတွက်လည်းကောင်း၊
ယခု ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက်လည်းကောင်း၊
(၂)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်းအတွက်
အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။
နောင်နှစ်များတွင်လည်း **IKBZ Insurance** မှ ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ
အများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက်
အာမခံလုပ်ငန်းဝန်ဆောင်မှုကဏ္ဍမှ ဆတက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်းနှင့်
အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန**
**မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (MTF)**
**ပြည်တွင်းဘုရားဖူးနှင့်ခရီးသွားဝန်ဆောင်မှုအသင်း**

# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ပါမောက္ခ ဒေါက်တာမိုမိုသန့်၊ ပါမောက္ခ၊ ဌာနမှူး၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသားကျောင်းသူများအတွက် သမိုင်းဘာသာရပ် သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းမှာ နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကို ကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့ လိုပါတယ်။

ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများ ကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့ အမျိုးသား စိတ်ဓာတ် မကြာမီပြန်လည်နိုးကြားလာတဲ့အပိုင်းကို လေ့လာတဲ့အခါ ဝိုင်အမ်ဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ်အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၀၆မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ်နိုးကြားလာခြင်းဆိုပြီး မေးရင်လည်း ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိဖို့လိုအပ်တယ်။ သမိုင်းဘာသာရပ်မှာ ခုနှစ်သက္ကရာဇ်တိုင်း သိရှိဖို့ မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်၊ သက္ကရာဇ်တွေကို သိရမှာဖြစ်တယ်။ ၁၉၂၀ ပြည်မြို့မှာကျင်းပတဲ့ ဝိုင်အမ်ဘီအေ ညီလာခံအပြီးမှာ ဝိုင်အမ်ဘီအေဟာ နိုင်ငံရေးကို ဆောင်ရွက်ခြင်းမပြုတော့တာ တွေ့ရတယ်။ ဝိုင်အမ်ဘီအေရဲ့နေရာမှာ နိုင်ငံရေးဆောင်ရွက်မည့် အသင်းကြီး တစ်သင်းထွက်ပေါ်လာတယ်။ အဲဒါက ဂျီစီဘီအေဖြစ်တယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာ့အသင်းချုပ်ကြီးဖြစ်တယ်။ ဂျီစီဘီအေအသင်းကြီးဟာ ၁၉၃၀ မှာ အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားတယ်။ အဲဒီကာလ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ မြန်မာအမျိုးသမီးများ၏ ကုမ္မာရီအသင်းသည်လည်း တစ်တပ်တစ်အား ပါဝင်ခဲ့ကြတယ်။

ဂျီစီဘီအေ အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားလို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အသင်းကြီး တစ်သင်းပေါ်ပေါက်ဖို့ ပြည်သူတို့ မျှော်လင့်နေချိန်မှာ ပေါ်ပေါက်လာတဲ့အသင်းဟာ တို့ဗမာအစည်းအရုံးဖြစ်တယ်။ တို့ဗမာအစည်းအရုံးကို ၁၉၃၀ မေ ၃၀မှာ စတင်ဖွဲ့စည်းတာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းမှာ “ တို့ဗမာအစည်းအရုံး” ရဲ့ အခန်းကဏ္ဍမှာလည်း အရေးပါတယ်။ တို့ဗမာအစည်း အရုံးရဲ့ကာလအပိုင်းအခြားဟာ ၁၉၃၀ မှ ၁၉၄၁ အထိ ဖြစ်တယ်ဆိုတာလည်း သိထားသင့်တယ်။

၁၉၃၀ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမား အရေးတော်ပုံပေါ်ပေါက် ခဲ့တယ်။ နယ်ချဲ့ကိုလက်နက်စွဲကိုင်တော်လှန်ခဲ့ခြင်းဖြစ်တယ်။ တောင်သူလယ်သမား အရေးတော်ပုံမှာ အရေးတော်ပုံ မတိုင်မီ လယ်သမားတို့အခြေအနေ၊ လယ်သမားအရေးတော်ပုံ ပေါ်ပေါက်လာရခြင်းတို့ကို သီးခြားလေ့လာလို့ရတယ်။ တို့ဗမာအစည်းအရုံးကာလအတွင်းမှာပဲ ခွဲရေးတွဲရေးပြဿနာ ပေါ်ပေါက်လာပြန်တယ်။ ခွဲရေးတွဲရေးပြဿနာဟာ အင်္ဂလိပ်တို့ရဲ့သွေးခွဲရေးစီမံချက်တစ်ခုဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့် ခရစ်နှစ် ၁၉၃၈ ဟာ ထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ ပြည့် အရေး တော်ပုံဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဟာ ပိုမိုပြင်းထန် လာခဲ့တယ်။ ၁၃၀၀ပြည့်အရေးတော်ပုံ ဖြစ်ပွားတဲ့ကာလဟာ ခရစ်သက္ကရာဇ်အားဖြင့် ၁၉၃၈-၁၉၃၉ ကာလဖြစ်တယ် ဆိုတာကိုလည်း သိထားရမှာဖြစ်တယ်။

ဒီကာလမှာ ဥရောပမှာ ဒုတိယကမ္ဘာစစ်ကြီးစတင်ရန် နီးကပ်လာတဲ့အချိန်ဖြစ်တယ်။ အာရှမှာလည်း ဖက်ဆစ်ဂျပန်တို့ရဲ့ခြိမ်းခြောက်မှုဟာ ပိုမိုများပြားနေတဲ့အချိန်ဖြစ်လို့ မြန်မာတို့က အင်္ဂလိပ်အခက်-ဗမာ့အချက်မူဖြင့် လွတ်လပ်ရေးရရန် ပိုမိုဆောင်ရွက်လာရာမှ ဗမာ့ထွက်ရပ်ဂိုဏ်းဆိုတာ ပေါ်ပေါက်လာတယ်ဆိုတာ သိထားရမှာဖြစ်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၄၀-၁၉၄၅အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလ အတွင်း အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခြင်းကိုလည်း ထပ်မံပိုင်းခြားလေ့လာလို့ရတယ်။ ဥပမာ-ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေဆိုပြီး ခွဲခြားလေ့လာနိုင်ပါတယ်။

အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး (၁၉၄၂-၁၉၄၅) ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့ အခြေအနေများ၊ အခြေခံသဘော ထားနှင့်အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့လိုပါတယ်။

လွတ်လပ်ရေးရယူခြင်းအပိုင်းကို လေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင် ကောင်စီတွင် မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုတယ်။ လွတ်လပ်ရေး အရယူခြင်းခေါင်းစဉ်ရဲ့အောက်မှာ စက္ကူဖြူစာတမ်း၊ နေသူရိန်လူထုအစည်းအဝေး၊ ကန္ဒီကွန်ဖရင့်၊ အလယ်ပစ္စယံအစည်းအဝေး၊ အောင်ဆန်း-အက် တလီစာချုပ်၊ ပင်လုံညီလာခံ၊ နု-အက်တလီစာချုပ်ဆိုပြီးရှိတယ်။

အင်္ဂလိပ်ခေတ်၊ တစ်နည်းအားဖြင့် ကိုလိုနီခေတ်ကို လေ့လာရာမှာ ကိုလိုနီခေတ် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှု ရေး၊ယဉ်ကျေးမှုဆိုပြီး သီးခြားခွဲ လေ့လာရမှာဖြစ်တယ်။ အုပ်ချုပ်ရေးမှာ ဒိုင်အာခီမတိုင်မီ အုပ်ချုပ်ရေး၊ ဒိုင်အာခီ အုပ်ချုပ်ရေး၊ ၉၁ ဌာနအုပ်ချုပ်ရေးဆိုပြီးရှိတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ မှ ၁၉၃၇ အတွင်း အုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်ဆိုတာကို သိထားရမယ်။ ဒီအုပ်ချုပ်ရေးဟာ သွေးခွဲအုပ်ချုပ်ရေးဖြစ်လို့ ပြည်သူ တို့က မကျေနပ်တဲ့အတွက် အုပ်ချုပ်ရေးအသစ်ဖန်တီးပေးဖို့ အင်္ဂလိပ်တို့က စီစဉ်လာပြန်တယ်။ အဲဒါကြောင့် ၉၁ ဌာနအုပ်ချုပ်ရေး ပေါ်လာတယ်။ ဒီ ၉၁ ဌာန အုပ်ချုပ်ရေးကို ၁၉၃၇ မှ ၁၉၄၁ အတွင်းအုပ်ချုပ်ခဲ့တယ်။ ၉၁ ဌာန အုပ်ချုပ်ရေးအတွင်းမှာပဲ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့တယ်။ စစ်အပြီးမှာ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးပြန်စလာတဲ့အခါ စစ်အုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေးနဲ့ အမျိုးသားယာယီအစိုးရဆိုပြီးတွေ့ရမယ်။ အဲဒါတွေဟာ ဒုတိယကမ္ဘာစစ်ပြီး ခေတ် အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်ကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကို ဆက်လက်လေ့လာရမှာဖြစ်တယ်။

ဂျပန်ခေတ်ကိုလေ့လာရာမှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ ဂျပန်ခေတ်စီးပွားရေးဆိုပြီး လေ့လာသင့်သလို လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကိုလေ့လာရာမှာ ၁၉၄၈-၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံ သောင်းကျန်းသူများပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို လေ့လာရမှာဖြစ်တယ်။ ပြည်တွင်း ဆူပူသောင်းကျန်းမှုများအပြင် ပြည်ပအန္တရာယ်ဖြစ်တဲ့ တရုတ်ဖြူ ကိုမင်တန်ကျူးကျော်မှုကိုလည်း တွေ့ရမှာဖြစ်တယ်။ ဖဆပလပြိုကွဲခြင်းကြောင့် အိမ်စောင့်အစိုးရ ပေါ် ပေါက်လာခြင်းဖြစ်တယ်ဆိုတာ သိရပါမယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့အောင်မြင်မှု ဒါမှမဟုတ် ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂ အထိ ကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို လေ့လာသင့်တယ်။ ဒီအခြေအနေ ဟာ တော်လှန်ရေးကောင်စီကို ပေါ်ပေါက်လာစေတယ်ဆိုတာလည်း သိထားရမယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် ယေဘုယျအခြေအနေတွေကို ထည့်သွင်းထားတယ်။ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာ့သမိုင်းမှာ ၁၉၆၂-၁၉၇၄ အထိ ကာလကို တော်လှန်ရေးကောင်စီအစိုးရက တာဝန် ယူအုပ်ချုပ်ခဲ့ပြီး ၁၉၇၄-၁၉၈၈ အထိ ကာလဟာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖြစ်တယ်။ တော်လှန်ရေးကောင်စီခေတ်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ကာလရဲ့ ယေဘုယျအခြေ အနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

ဒါ့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေကို လေ့လာရမှာ ဖြစ်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။

ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင် စစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကို သိရှိဖို့လိုပါ တယ်။ စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းမှာလည်း အခြေခံအကြောင်းရင်းနဲ့ လတ်တလောအကြောင်းရင်းဟူ၍ နှစ်ပိုင်း ရှိတယ်။ အခြေခံအကြောင်းရင်းတွေဟာ လေးချက်ရှိတယ်။ အဲဒါတွေက

- ကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း
- အမျိုးသားစိတ်ဓာတ်ပြင်းထန်လာခြင်း
- မဟာမိတ်စစ်အုပ်စုအပြိုင်အဆိုင်ဖွဲ့စည်းခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း

တို့ဖြစ်တယ်။ စစ်ဖြစ်ပွားရတဲ့အခြေခံအကြောင်းရင်းအပြင် လတ်တလောအကြောင်းရင်းကိုလည်း လေ့လာရမှာ ဖြစ်တယ်။ ဒီအခြေအနေမှတစ်ဆင့် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလာရတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာ ဖို့လိုပါမယ်။ ဗာဆိုင်းစာချုပ်မှာပါတဲ့ နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ ဂျာမနီလက်နက် လျှော့ပေါ့ရေး၊ စစ်လျော်ကြေးနဲ့ အထွေထွေစီမံချက်များဟာ မဟာမိတ်တို့အလိုကျ တစ်ဖက်သတ်ချုပ်ဆိုထားတဲ့ စာချုပ်ဖြစ်တယ်။ ဒါကြောင့် ဂျာမနီအင်အားပြန်ကောင်းလာတဲ့အခါ ဗာဆိုင်းစာချုပ်ပါအချက်များကို ချိုးဖောက်လာရာက ဥရောပနိုင်ငံရေးမှာ ပြဿနာများပေါ်ပေါက်လာပြီး ဒုတိယကမ္ဘာစစ်ဖြစ်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ရကြောင်းကို လေ့လာသိရှိဖို့ လိုအပ်တယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ လူမှုရေးလုပ်ငန်းများနဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများကို လေ့လာရမှာ ဖြစ်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှားနိုင်ငံ ပေါ်ပေါက်လာခြင်းဖြစ် တယ်။ ဆိုရှယ်လစ်ရုရှားနိုင်ငံနဲ့ပတ်သက်ပြီး လေ့လာရာမှာ ၂၀ ရာစုဦး ရုရှားနိုင်ငံအခြေအနေ၊ ၁၉၀၅တော်လှန်ရေး၊ ၁၉၁၇ ဖေဖော်ဝါရီ တော်လှန်ရေး၊ ၁၉၁၇ အောက်တိုဘာ တော်လှန်ရေးဆိုပြီး သီးခြားလေ့လာရမှာဖြစ်တယ်။ ဒါ့အပြင် ဖေဖော်ဝါရီတော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေးဖြစ်တယ်ဆိုတာ၊ အောက်တိုဘာတော်လှန်ရေးဟာ ဆိုရှယ်လစ်တော်လှန်ရေး ဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှုအပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်တယ်။

အိန္ဒိယမှာလည်း စစ်ပါရီအရေးတော်ပုံ၊ အိန္ဒိယအမျိုးသားကွန်ဂရက်၊ တိလတ်၏ ဆွာရာဂျ်ခေါ် ကိုယ်ပိုင်အုပ် ချုပ်ရေးလှုပ်ရှားမှုနဲ့ ဂန္ဒီရဲ့အမျိုးသားလှုပ်ရှားမှုကို အပိုင်းလိုက်လေ့လာရမှာဖြစ်တယ်။ ဂန္ဒီရဲ့ အမျိုးသားလှုပ်ရှားမှု အပိုင်းမှာလည်း ဂန္ဒီနဲ့ကွန်ဂရက်ပါတီလှုပ်ရှားမှုနဲ့ ၁၉၂၁ နောက်ပိုင်းဂန္ဒီ၏ ဦးဆောင်မှုဟူ၍ ပိုင်းခြားပြီးလေ့လာနိုင် တယ်။

အရှေ့တောင်အာရှအမျိုးသားလှုပ်ရှားမှာလည်း နိုင်ငံအလိုက် သီးခြားခွဲပြီး လေ့လာကျက်မှတ်ရမယ်။ အရှေ့ တောင်အာရှ နိုင်ငံတွေ့ရဲ့အမျိုးသားလှုပ်ရှားမှုမှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အင်ဒိုချိုင်းနား၊ ဖိလစ်ပိုင်တို့ပါရှိတယ်။

တရုတ်အမျိုးသားလှုပ်ရှားမှုတွေမှာလည်း ရှေးဦးအမျိုးသားလှုပ်ရှားမှု၊ ၁၉၁၁ ဘူဇွာတော်လှန်ရေး၊ မေ ၄ အရေးတော်ပုံဆိုပြီး ပါရှိတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ချမှတ်ပြီး ပြဿနာများကို ဖြေရှင်းပေမယ့် မအောင်မြင်ခဲ့တဲ့ အခြေအနေကိုတွေ့ရတယ်။ ဒါကြောင့် နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကိုအခြေခံတဲ့ အရင်းရှင်စနစ်ရဲ့အကြမ်းတမ်းဆုံးနဲ့အဆိုးရွား ဆုံးဖြစ်တဲ့ ဖက်ဆစ်အာဏာရှင်စနစ်ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကို လေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလော အကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့လိုတယ်။

စစ်ဖြစ်ရတဲ့ အခြေခံအကြောင်းရင်းများကို သီးခြားခေါင်းစဉ်ခွဲများဖြင့် ဖော်ပြထားတယ်။ အဲဒီအခြေခံအကြောင်း ရင်းများမှာ

- အရင်းရှင်နိုင်ငံအချင်းချင်း ပဋိပက္ခဖြစ်ခြင်း
- နိုင်ငံပေါင်းချုပ်အသင်းကြီး အားနည်းလာခြင်း
- မဟာမိတ်စစ်အုပ်စုများ အပြိုင်အဆိုင်ဖွဲ့စည်းလာခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း
- ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးပျက်ပြားလာခြင်း

တို့ဖြစ်တယ်။ ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုများမှာ မန်ချူးရီးယားအရေး၊ အီသီယိုးပီးယားအရေး၊ စပိန်ပြည်တွင်း စစ်၊ ဩစတြီးယားကို သိမ်းပိုက်ခြင်းနဲ့ ချက်ကိုစလိုဗားကီးယားကိုသိမ်းပိုက်ခြင်း စသည်တို့ ဖြစ်တယ်။ ဒါတွေကိုတစ်ခု ချင်း လေ့လာရမှာဖြစ်တယ်။ အဆိုပါ ကျူးကျော်မှုတွေဟာ စစ်ဖြစ်ဖို့ ဦးတည်လာခြင်းဖြစ်တယ်။ အဲဒီအခြေအနေမှာ ပိုလန်ကို ဂျာမန်တို့ကျူးကျော်လိုက်ရာမှတစ်ဆင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတယ်။

ဒုတိယကမ္ဘာစစ်ရဲ့အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီးနိုင်ငံဖြစ် လာခြင်း၊ ဆိုဗီယက်နိုင်ငံ ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေး ရရှိလာခြင်းတို့ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာလည်း ကမ္ဘာ့သမိုင်းမှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခုဖြစ်တယ်။

**စာမျက်နှာ ဆ သို့ »»**

»»» စာမျက်နှာ ၈ မှ

အသင်းကြီးပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံနဲ့ ဆောင်ရွက်ချက်များကို သီးခြားလေ့လာသိရှိဖို့လိုအပ်တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ်ကျယ်ပြန့်လာတယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေး စစ်ပွဲများဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအား စုစည်းကာ ဆိုဗီယက်ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာ ထူးခြားတဲ့သမိုင်းဖြစ်ရပ်တစ်ခုဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလမှာ ပေါ်ပေါက်လာခဲ့တဲ့ စစ်အေးဟာလည်း ထူးခြားတဲ့ သမိုင်းဖြစ်စဉ်တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်းလေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့အခါ အမေရိကန်နိုင်ငံဟာ စစ်ဒဏ်မှကင်းလွတ်ပြီး ထိပ်သီးအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့တယ်။ စစ်ဒဏ်ကြောင့် အင်အားကျဆင်းခဲ့ရတဲ့ ဥရောပအင်အားကြီးနိုင်ငံများဖြစ်ကြတဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနိုင်ငံတို့ကို စစ်ရေး၊ စီးပွားရေး အကူအညီများပေး၍ ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ ဒါကြောင့် အမေရိကန်ဦးဆောင်တဲ့အုပ်စုကို အနောက်အုပ်စု (သို့) အရင်းရှင်အုပ်စု(သို့) လက်ယာအုပ်စုလို့ခေါ်တယ်။ ဆိုဗီယက်နိုင်ငံဟာ စစ်ဒဏ်ခံခဲ့ရတဲ့ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ရူမေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီ စတဲ့ အရှေ့ ဥရောပနိုင်ငံများကို ဦးဆောင်လာပြီး ဆိုဗီယက်ဦးဆောင်တဲ့အုပ်စုကို အရှေ့အုပ်စု (သို့) ကွန်မြူနစ်အုပ်စု (သို့) လက်ဝဲအုပ်စုလို့ခေါ်တယ်။ ဒီအုပ်စုနှစ်စုဟာ နိုင်ငံရေး၊ စီးပွားရေး ခံယူချက် တူညီမှုမရှိသကဲ့သို့ အမြင်ချင်း တူညီမှုလည်း မရှိတာကိုတွေ့ရတယ်။

အနောက်ဥရောပနိုင်ငံများအနေနဲ့လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။

အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအပြင် စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့သာဓကတွေကတော့ -

၁။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)

၂။ အန်ဇတ် (ANZUS)

၃။ အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)

၄။ ဗဟိုစာချုပ်အဖွဲ့ (CENTO)

များဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အရှေ့ဥရောပနိုင်ငံများမှာ ဆိုဗီယက်နိုင်ငံကဲ့သို့သော ကွန်မြူနစ်စနစ် အခြေခံသော စီးပွားရေးစီမံကိန်းများချမှတ်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဝါဆော(Warsaw) စစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများအပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင်တပ်ဆင်လာကြတယ်။

စစ်အေးကာလမှာ နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာအရေးအခင်းတွေကတော့

(၁) ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု

(၂) ကိုရီးယားစစ်

(၃) စူးအက်အရေးအခင်း

(၄) ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်။ နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှားနိုင်ငံအပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေးကာလပြီးဆုံးခြင်း ခေါင်းစဉ်တွေကလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ ခေါင်းစဉ်များဖြစ်တဲ့အတွက် လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြောင်းကိုလည်း လေ့လာရမှာဖြစ်တယ်။

အလားတူ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလည်း လေ့လာသင့်တယ်။ ၁၉၄၅ မှ ၁၉၅၂ အထိ အသိမ်းပိုက်ခံကာလအနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံ အနေအထားတွေကို သိရှိရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ အရှေ့တောင်အာရှဒေသကိုလည်း လေ့လာသင့်တယ်။ အရှေ့တောင်အာရှဒေသမှာ နိုင်ငံတစ်နိုင်ငံချင်းရဲ့ နိုင်ငံသစ်များပေါ်ပေါက်လာခြင်းနှင့် နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းမှုများကို လေ့လာသိရှိရမှာဖြစ်တယ်။

အရှေ့တောင်အာရှသမိုင်းကို လေ့လာရာမှာ အာဆီယံ(အရှေ့တောင်အာရှနိုင်ငံများအသင်း)ဟာ အရေးပါတဲ့အတွက် လေ့လာသင့်တယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ဘက်မလိုက်လှုပ်ရှားမှု၊ မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့၊ မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ရဲ့ မေးခွန်းဟာ အပိုင်း(က)၊ အပိုင်း (ခ)၊ အပိုင်း(ဂ)၊ အပိုင်း(ဃ) ဟူ၍ အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း လေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်း အပိုင်း (က) မှာ နံပါတ် ၁။ (က)၊ ၁။ (ခ)၊ ၁။ (ဂ) ဆိုပြီး ပါရှိမှာဖြစ်တယ်။ နံပါတ် ၁။ (က) မေးခွန်းက 'အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။' ဟူ၍ဖြစ်တယ်။ မြန်မာ့သမိုင်းမှ (၅) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၅) ပုဒ်၊ စုစုပေါင်း (၁၀) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၁၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (က) နံပါတ် ၁။ (ခ) မေးခွန်းမှာ 'အောက်ဖော်ပြချက်များကို 'မှား' သို့မဟုတ် 'မှန်' ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ' ဟူ၍ဖြစ်ပြီး 'မှား' သို့မဟုတ် 'မှန်' ကို ရေးဖြေရန်ဖြစ်တယ်။ နံပါတ် ၁။ (ခ) မေးခွန်းမှာ မြန်မာ့သမိုင်းမှ (၃) ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှ (၂) ပုဒ်၊ စုစုပေါင်း (၅) ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ(၁)မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (က) ၏ နံပါတ် ၁။ (ဂ) မေးခွန်းမှာ 'အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင် ရေးပါ' ဟူ၍ဖြစ်တယ်။ မှန်တဲ့အဖြေကို အဖြေစာအုပ်မှာ ရေးရမှာဖြစ်တယ်။ နံပါတ် ၁။ (ဂ) မေးခွန်းမှာ မြန်မာ့သမိုင်း (၂)ပုဒ်နဲ့ ကမ္ဘာ့သမိုင်း (၃) ပုဒ်၊ စုစုပေါင်း (၅)ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်း ရမှတ်မှာ (၅) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း (ခ) မှာ မှတ်စုတိုမေးခွန်းဖြစ်ပြီး မြန်မာ့သမိုင်းမှတ်စုတို (၄) ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှတ်စုတို (၄) ပုဒ်တို့ ပါရှိမှာဖြစ်တယ်။ ယင်းတို့အနက်မှ ကြိုက်နှစ်သက်ရာ မှတ်စုတို (၄) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ မှတ်စုတို တစ်ပုဒ်ရမှတ်မှာ (၅) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။

မေးခွန်း အပိုင်း(ဂ)မှာ မြန်မာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း(၅)ပုဒ် ပါရှိမှာ ဖြစ်တယ်။ ယင်း (၅) ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်း ရမှတ်မှာ (၃၀) မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း (ဃ) မှာ ကမ္ဘာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၅) ပုဒ် ပါရှိမှာ ဖြစ်တယ်။ ယင်း (၅) ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ (၁၅) မှတ်ဖြစ်ပြီး (၂) ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ (၃၀)မှတ် ဖြစ်တယ်။

ကျောင်းသား ကျောင်းသူများကို မှာချင်တာကတော့

၁။ သမိုင်းဘာသာရပ်ကိုလေ့လာရာတွင် သမိုင်းစဉ်ဆက်စပ်မှုကို သတိထားရန်

၂။ ခေါင်းစဉ်ကိုရွေး၍ မလေ့လာရန်

၃။ ပြဋ္ဌာန်းစာအုပ်ကို အလေးပေးလေ့လာရန်

၄။ မေးခွန်းကို သေသေချာချာဖတ်ရန်

၅။ မေးသည်ကိုသာ ဖြေဆိုရန်

ဖြစ်ကြောင်း တင်ပြရင်းပို့ချချက်ကို ရပ်နားလိုက်ပါတယ်။

# ဆင်ချေးတုံးမှတစ်ဆင့် အမှတ်တရပစ္စည်းများ ထုတ်လုပ်နိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

သတ္တမအကြိမ်မြောက် သစ်သားပန်းပုပြပွဲ ပြိုင်ပွဲနှင့်အတူ မြန်မာ့လက်မှုအမှတ်တရပစ္စည်းများ ဈေးရောင်းပွဲတော်တွင် ဆင်ချေးတုံးမှ ရရှိလာသော စက္ကူဖြင့် ပြုလုပ်ထားသော အမှတ်တရပစ္စည်းများ ပါဝင်ပြသထားကြောင်း အမှတ်တရ ပစ္စည်းအရောင်းဆိုင်များမှ သိရသည်။

အဆိုပါပြပွဲကို တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ဆရာစံပလာဇာတွင် ဖေဖော်ဝါရီ ၃ ရက်မှ ၇ ရက်ထိ ငါးရက်ကြာ ပြုလုပ်ခဲ့ပြီး ပြပွဲရက်အတွင်းစက္ကူဖြင့် ပြုလုပ်ထားသော ဆင်ဖြူတော်ရုပ်ပေါ်တွင် အမှတ်တရလက်မှတ်ရေးထိုးခြင်းများ မည်သူမဆို ပြုလုပ်နိုင်ကြောင်း သိရသည်။

"အထင်ကရနေရာတွေ၊ ဘုရားစောင်းတန်းတွေမှာ correction pen နဲ့ ရေးကြတဲ့စနစ်က အရုပ်ဆိုးအကျည်းတန်စေတယ်၊ အဲလို အရုပ်ဆိုးအကျည်းတန်စွာ ရေးနေကြမယ့်အစား ရေးစရာ ရင်ဖွင့်စရာ နေရာတစ်ခုအဖြစ် အခုလို ဆင်စက္ကူရုပ်သော်ဖြစ်ဖြစ် မိမိနှစ်သက်ရာ အရုပ်တွေကို ပြုလုပ်ပြီး အထင်ကရနေရာတွေမှာ လက်မှတ်ရေးထိုးကြတဲ့စနစ်ကို ပြုလုပ်ကြမယ်ဆိုရင် အရုပ်ဆိုးအကျည်းတန်စေမယ့် အပြုအမူတွေ ရှိလာမှာမဟုတ်တော့ပါဘူး"ဟု မြန်မာနိုင်ငံအမှတ်တရ ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးသန်းဝင်းက ပြောသည်။



အဆိုပါ ဆင်ရုပ်သည် ဆင်ချေးတုံးမှတစ်ဆင့် ပြုလုပ်ထားသော စက္ကူဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ ယင်းအရုပ်ပေါ်တွင် နိုင်ငံတော်သမ္မတ၏ဇနီးဒေါ်စုစုလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ အပါအဝင် သံအမတ်များ၊ နိုင်ငံခြားသား ဧည့်သည်များနှင့် ကျောင်းသားကျောင်းသူများ အများအပြား လက်မှတ်ရေးထိုးခြင်းများ ပြုလုပ်ခဲ့ကြသည်။

"ဆင်ချေးတုံးတွေကနေ စက္ကူပြန်လုပ်ပြီးတော့ အမှတ်တရပစ္စည်းပြုလုပ်တယ်ဆိုတာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာလည်းရောက်ပါတယ်၊ ဆင်လေးတွေအတွက် တစ်ဖက်တစ်လမ်းက ရန်ပုံငွေတွေလည်းရမယ်၊ စက္ကူတစ်ထွာ တစ်မိုက်လောက် သက်သာသွားရင်ပဲ ဝါးတစ်ပင် သက်သာသွားတာမို့ အခုလို ဆင်ချေးတုံးကတစ်ဆင့် စက္ကူလုပ်တဲ့နည်းစနစ်နဲ့ အမှတ်တရပစ္စည်းတွေ ထုတ်လုပ်နေတာ ဖြစ်ပါတယ်"ဟု ဦးသန်းဝင်းက ဆက်လက်ပြောသည်။

မြန်မာပြည်တွင် ဆင်စခန်းများစွာရှိပြီး ယင်းဆင်စခန်းများမှ ထွက်လာသည့် ဆင်ချေးတုံးများမှတစ်ဆင့်ပြုလုပ်ထားသည့် စက္ကူများပေါ်တွင် အပေါ်မှ ရေဆေး၊ ဆီဆေးခြယ်သ၍သော်လည်းကောင်း၊ စက္ကူပန်းပုပစ္စည်းများ ပြုလုပ်၍သော်လည်းကောင်း ပြုလုပ်နိုင်ကြောင်း သိရသည်။ အဆိုပါ စက္ကူပြုလုပ်ခြင်းလုပ်ငန်းအတွက် သင်တန်းတက်လိုသူများ အနေဖြင့် အခမဲ့ သင်တန်းများပို့ချပေးခြင်းများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မေသော်၊**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# တောင်ပေါ်နှင့် မြေပြန့်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတို့ ဆုံစည်းသည့် ပေါ်ကြိုဘုရားပွဲတော်စီစဉ်

**သီပေါ ဖေဖော်ဝါရီ ၈**

ရိုးရာယဉ်ကျေးမှုအမွေအနှစ် ဓလေ့ထုံးစံများ ပေါကြွယ်ဝလှသည့် မိမိတို့ မြန်မာနိုင်ငံတွင် ဆယ့်နှစ်လရာသီ၌ သက်ဆိုင်ရာရိုးရာပွဲတော်များကို သမိုင်းအစဉ်အဆက် ကျင်းပလာခဲ့သည်မှာ ယနေ့မျက်မှောက်ကာလတိုင်ပင် ဖြစ်သည်။ ဆယ့်နှစ်လရာသီပွဲတော်များအပြင် မိမိတို့ဒေသရှိ တန်ခိုးကြီးဘုရားများတွင်လည်း ဘုရားပွဲတော်များကို ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ပျော်ပွဲရွှင်ပွဲများ ထည့်သွင်းပြီး စည်ကားသိုက်မြိုက်စွာဖြင့် ရက်ရှည် ကျင်းပနေသည်ကို နိုင်ငံတစ်ဝန်း လစဉ်ကြားသိတွေ့မြင်နေရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်သည် ရှေးဟောင်းဘုရားပုထိုးစေတီများ အများအပြား တည်ထားကိုးကွယ်ရာဌာနေဖြစ်သကဲ့သို့ နိုင်ငံကျော် ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးပေါ်ကြိုဘုရားကြီးသည် သီပေါမြို့၏ အနောက်ဘက်ခြမ်း မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးနှင့် မီးရထားလမ်းအကြား ဒုဋ္ဌဝတီမြစ် မြောက်ဘက်အရပ်၌ တည်ရှိသည်။

ပေါ်ကြိုဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်မှာ ယခင်က နှစ်စဉ် တပေါင်းလဆန်း ၇ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ ဘုရားပွဲတော်အဖြစ် ကျင်းပခဲ့ပေသည်။ ထို့နောက် ပွဲတော်ကို တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ နှစ်စဉ်စည်ကားစွာ ကျင်းပလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပေသည်။



ပေါ်ကြိုဘုရားကြီး၏ ပရိဝုဏ်အတွင်း အနောက်မြောက်ထောင့်၌ ပေါက်လျက်ရှိသော စံကားပင်မှာ ဘုရားစေတီတော်၏ အုတ်၊ ပြာသာဒ်၊ ထီးတော်၏အမြင့်ထက်သို့ မည်သည့်အခါမျှမြင့်တက်မသွားခြင်း၊ ဘုရားကြီး၏ အနောက်တောင်ထောင့်အရပ်တွင် စေတီတော်၏အောက်မှ ရေစီးဆင်းနေပြီး ဆယ့်နှစ်လရာသီရေထွက်နေခြင်း၊ ယင်းမှတစ်ဆင့် ပေ ၂၀၀ အကွာတွင် အုတ်ရေကန် တစ်ခုတည်ဆောက်ထားပြီး ယားယံဝေဒနာရှင်များ၊ မျက်စိဝေဒနာရှင်များသည် ရေကိုချိုးခြင်း၊ မျက်စဉ်းခတ်ခြင်းဖြင့် ဝေဒနာများ ပျောက်ကင်းခြင်း၊ ရေစင်ကို ဆောင်ထားပါက လာဘ်လာဘပေါများခြင်း၊ အန္တရာယ်ကင်းခြင်း၊ စေတီတော်၏မုခ်များတွင် ကိန်းဝပ်စံပယ်နေသော ရုပ်ပွားတော်များသည် သီတင်းသုံးသည့် မုခ်များတွင်သာ အစဉ်အမြဲ ကိန်းဝပ်စံပယ်စေရခြင်း၊ ပင့်ဆောင်သောအခါ၌လည်း ရှေ့နောက်ဘွဲ့စဉ်များအတိုင်း ပင့်ဆောင်ရခြင်း၊ ဘုရားကြီးတောင်ဘက်မုခ်၌ ဘုရားအားမျက်နှာမူ၍ စောင့်ရှောက်နေသော ဘီလူးရုပ်တု ငါးခုရှိခြင်း၊ ခေါင်းသုံးလုံးပါ ရောဝဏ်ဆင်နှင့်ကြေးရုပ်လူသားစသည့် ဘုရားကြီးနှင့် ပတ်သက်သည့် ထူးခြားဖွယ်ရာ အများအပြားရှိပေသည်။

ရာသီဥတုသာယာလှပသော ခါနွေဦးစ တပေါင်းလတွင် ပေါ်ကြိုဘုရားပွဲတော်ကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာလှပြီဖြစ်သည်။ ပေါ်ကြိုဘုရားကြီး၏ တပေါင်းပွဲတော်ကို ၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့အထိ (ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၁ ရက် အထိ) ခြောက်ရက်တိုင်တိုင် ကာလိန်ဝမ်း၏ သမိုင်းမွှေးရနံ့ရှမ်းပြဇာတ်၊ မန္တလေးသစ်လွင်အငြိမ့်၊ ရိုးရာယဉ်ကျေးမှုပဒေသာကပွဲများ၊ စင်တင်တေးဂီတနှင့် အခြားပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ပေါ်ကြိုဘုရား တပေါင်းပွဲတော်သို့ မြန်မာနိုင်ငံအရပ်ရပ်မှ ကလေးသူငယ်၊ လူငယ်တို့မှအစ သက်ကြီးရွယ်အိုများအထိ ကုသိုလ်ယူ ပါဝင်ဆင်နွဲသည့်မြင်ကွင်းနှင့် နောင်. . . နောင်. . . နောင်ဗေနောင်စသည့် ရှမ်းအိုးစည်မောင်းဆိုင်းများတီးခတ်ရင်း ရှမ်းတိုင်းရင်းသူလှပျိုဖြူလေးများက ရှမ်းကဟန်နှင့်အတူ ရိုးရာဓလေ့ထိန်းသိမ်းကြပုံကို နိုင်ငံကျော်အဆိုတော် ရုပ်ရှင်မင်းသားကြီး ဦးဝင်းဦး သီဆိုထားသည့် “ပေါ်ကြိုသဘင်” သီချင်းစာသားလေးများက သက်သေပြနေဆဲပင်ဖြစ်သည်။

ယခုအခါ ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ကျင်းပရေးဦးစီးကော်မတီများနှင့် ပေါ်ကြိုဘုရားကြီး ဂေါပကအဖွဲ့ဝင်များသည် မြို့နယ်သံဃနာယကအဖွဲ့ ဩဝါဒါစရိယဆရာတော်၊ သံဃာတော်ကြီးများ၏ ဩဝါဒကို ခံယူ၍ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကြီး ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိပေသည်။

ပေါ်ကြိုဘုရားကြီး ပွဲတော်သို့ ပြည်မဒေသမှ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများ လာရောက်ရောင်းချသည့်အပြင် ရှမ်းပြည်နယ်အသီးသီးမှလည်း ၎င်းတို့ဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် မုန့်ခေါင်းအုံး၊ ပဲပုပ်၊ မျှစ်ချဉ်၊ ရှမ်းငရုတ်၊ သစ်ကြံပိုး၊ ဘူးခါး၊ ဥပွတ်၊ ကရဝေး၊ ဂုံညင်း၊ ဒိုးနှင့်ဆေးဖက်ဝင်ပရဆေးပစ္စည်းများကို နှစ်ခြိုက်စွာ ဝယ်ယူသည့်အလေ့အထကို နှစ်စဉ်တွေ့မြင်ရသည်။ ရှမ်းတိုင်းရင်းသားတို့က ၎င်းတို့ရိုးရာယဉ်ကျေးမှုအတိုင်း ဝတ်စားဆင်ယင်၍ ဘုရားပွဲတော်အတွင်း သွားလာလှုပ်ရှားနေသည့် မြင်ကွင်းကို တွေ့မြင်ရသည်မှာ အရောင်အသွေးစုံ ပန်းခင်းကြီးအတွင်းသို့ ရောက်ရှိသွားသည့်အလား ခံစားရမည်ဖြစ်သည်။ ဘာသာတရား ကိုင်းရှိုင်းမှုနှင့်အလှူအတန်းရက်ရောမှုတို့ တူညီသော်လည်း မိမိတို့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များအတိုင်း ပေါ်ကြိုဘုရားပွဲတော်သို့ နှစ်စဉ်လာရောက်နွှဲပျော်နေသည့်အတွက် ပေါ်ကြိုဘုရားပွဲတော်သည် တောင်ပေါ်မြေပြန့်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းတို့ ဆုံစည်းရာ ပွဲတော်တစ်ခုအဖြစ် အမြဲထာဝရရှင်သန်နေမည်ဖြစ်ကြောင်း ရေးသားတင်ပြပါသည်။

**စိုင်းသာလှိုင်(လိမ္မော်မြေ)၊ ဓာတ်ပုံ-စိုင်း(သီပေါ)**



# တိုက်ကြီးမြို့တွင်ထားရှိမည့် ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တု ရောက်ရှိလာမှုကို ပြည်သူများ သောင်းသောင်းဖြဖြကြိုဆို

**တိုက်ကြီး ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ ဘုရားလေးလမ်းနှင့် မြို့လယ်လမ်းဆုံ လမ်းလယ်ကျွန်းနေရာတွင် ထားရှိရန်အတွက် ရန်ကုန်မြို့မှသယ်ဆောင်လာသော ဗိုလ်ချုပ်မြင်စီးကြေးရုပ်တုမော်တော်ယာဉ်အဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက် ညနေ ၄ နာရီက တိုက်ကြီးမြို့သို့ ရောက်ရှိလာရာ ဒေသခံ မြို့သူ မြို့သားများ၊ အသင်းအဖွဲ့အစည်းများက တီးဝိုင်း၊ ရှမ်းရိုးရာအက၊ အိုးစည်ဝိုင်းဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုကြကြောင်း သိရသည်။

တိုက်ကြီးမြို့တွင်ထားရှိမည့် ဗိုလ်ချုပ်မြင်းစီးကြေးရုပ်တုဖြစ်မြောက်ရေး မြို့မိ မြို့ဖများ၊ ကော်မတီဥက္ကဋ္ဌ ဦးဆန်းညွှန့် ဦးဆောင်၍ ကော်မတီဝင်များအဖွဲ့က အလှူငွေများကောက်ခံ၍ ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်တွင် မှာယူသွန်းလုပ်ခဲ့ခြင်းဖြစ်သည်။

“ကျွန်တော်တို့ တိုက်ကြီးမြို့နယ်မှာထားရှိမယ့် ဗိုလ်ချုပ်မြင်းစီးကြေးရုပ်တု စိုက်ထူထားရှိနိုင်ဖို့အတွက် အုပ်ချုပ်ရေးအဖွဲ့တွေ၊ မြို့မိမြို့ဖတွေနဲ့တိုင်ပင်ပြီး ဗိုလ်ချုပ်မြင်းစီးကြေးရုပ်တု ဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းကာ အလှူငွေတွေကောက်ခံခဲ့ပါတယ်၊ စေတနာရှင်ပြည်သူတွေထံမှ ကောက်ခံရရှိတဲ့ငွေနဲ့ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်တုကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်၊ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်တုထားရှိရန် အုတ်ခုံအမြင့် ၁၁ ပေ၊ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်တုက ၁၁ ပေ ဖြစ်ပြီး မြေပြင်မှအမြင့် ၂၂ ပေ ရှိပါတယ်၊ ကြေးပိဿာချိန် ၈၀၀ ခန့်ကုန်ပြီး ကုန်ကျငွေကတော့ သိန်းသုံးရာကျော်ဖြစ်ပါတယ်” ဟု ကော်မတီဥက္ကဋ္ဌက ပြောသည်။

ဗိုလ်ချုပ်ကြေးရုပ်တု စိုက်ထူထားရှိရသည့် ရည်ရွယ်ချက်မှာ မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကျေးဇူးတရားကို ထာဝစဉ်အောက်မေ့သတိရစေရန်နှင့် နောင်မျိုးဆက်သစ်များ အဆင့်ဆင့်လေးစားတန်ဖိုးထား အမှတ်ရရှိစေလိုသော ရည်ရွယ်ချက်များဖြင့် လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ မြင်းစီးကြေးရုပ်တုကို ဂါရဝပြုထားရှိဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့်ဗိုလ်ချုပ်မွေးနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဖွင့်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**